


# ပိုးကျော်ညို

## ကျောက်စိမ်းခွဲပြား

၃ ဇာတ်သိမ်း

စာမူ ကြိုတင်ပုံနှိပ်ခွင့် အမှတ် ၅၆၇/၉၂(၆)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်အမှတ် ၆၇၁/၉၂(၁၀)

ပထမအကြိမ်
၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ [၄၀၀]
တန်ဖိုး ၄၅/-

ထုတ်ဝေသူ ဦးကျော်ကျော်စိုး(မြဲ ၀၁၄၃၈)
စိမ်းစိမ်းရည်နွယ်စာပေ
၅၇၊ ခြံ ၅၊ ရွှေနံ့သာရပ်ကွက်
ဗဟန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်စမ်းစမ်းကြည်(မြဲ ၀၃၇၇၇)
ဂျစ်တူးမပုံနှိပ်တိုက်
၂၀၈၊ ဦးဝိစာရလမ်း၊
ဗဟန်း၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြဲ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်။

# မိုးကျော်သူ

## 'ကျောက်မီမီးဆွဲပြား'

ဒုတိယပိုင်း (ဇာတ်သိမ်း)

ဒီ့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)

ဝတိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး)

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

အသက်ခွေမည့်ချိချိ

ရွှေဆံထိုးပေါ်၌ အဆိပ်ရှိသည်။

လူရှောင်ဖုန်းအား လက်နှစ်ချောင်းဖြင့် ညှပ်ယူလိုက်လျှင် အဆိပ်မိသွားမည်သာဖြစ်သည်။

အသက်ခွေသော ချိချိသည် ဤနည်းဖြင့်ရန်သူကို အသက်ခွေခဲ့သည်မှာ ပထမဆုံးအကြိမ် မဟုတ်တော့ပါ။

လူရှောင်ဖုန်းသည် ယခုနတိုင် အသက်ရှင်သန်နိုင်ခဲ့ခြင်းမှာ ကံကောင်း၍ မဟုတ်ပါ။

သူ့တာ မျက်လုံးလျင်သည်။

တုန့်ပြန်မှုမြန်သည်။

အခြေအနေ မဟန်မှန်းသိလိုက်သည်နှင့် လက်ကိုပြန်ရုပ်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် ဝါးတစ်ချောင်းကဲ့သို့ လျှောခနဲ ရှောင်တိမ်းလိုက်သည်။

ရွှေဆံထိုးက သူ၏လည်ကုပ်မှ သီသီကလေး လွတ်သွားသေးသည်။ ချီချီ၏လက်ကောက်ဝတ် တစ်ချက်လှည့်လိုက်သည်။ ရွှေဆံထိုး ထပ်မံထိုးသွင်းလိုက်ပြန်သည်။

ရွှေဆံထိုးက သေးငယ်သည်။ ပေါ့ပါးသည်။ သိုင်းကွက် လျင်မြန်စွာ ပြောင်းလဲနိုင်သည်။

တဒင်္ဂအချိန်မှာ လူမသည် သိုင်းကွက် နှစ်ဆယ့်ခုနစ်ကွက် တိုက်ခိုက်လိုက်ပြီး ဖြစ်သည်။

ရွှေဆံထိုးတိုက်ခိုက်လိုက်သည့် အကျယ်အဝန်းမှ ရှောင်တိမ်းရန် အလွန်ခက်ခဲစေသည်။

သိုင်းကွက်တိုင်းမှာလည်း တစ်ဘက်လူ၏အဓိကအစိတ်အပိုင်းသို့ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

အလွန်လှပပြီး နုနယ်သောချီချီ၏ ရွှေဆံထိုးသည် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသောလူ၏ လက်ထဲမှဓားထက်ပင် ကြောက်မက်ဖွယ်ရာ ကောင်းနေ၏။

သို့သော် သူမ ယခုရင်ဆိုင်နေရသူမှာ လုရှောင်ဖုန်းဖြစ်နေ၏။



သူမက လျင်မြန်သည်။ သို့သော် လုရှောင်ဖုန်းက သူမထက် လျင်မြန်နေ၏။

သူမသည် သိုင်းကွက်နှစ်ဆယ့်ခုနစ်ကွက် တိုက်ခိုက်လိုက်ရာ လုရှောင်ဖုန်းက သိုင်းကွက်နှစ်ဆယ့်ခြောက်ကွက် ရှောင်တိမ်းလိုက်ပြီး နှစ်ဆယ့်ခုနစ်ကွက်တွင် သူမ၏ လက်ကောက်ဝတ်အား ဖမ်းမိလိုက်လေသည်။

လက်ကောက်ဝတ်က ဖြူဖွေးသည်။ လှပသည်။

ထို့ကြောင့် ကျိုးမသွားပါ။

လုရှောင်ဖုန်းက အလှကို ကိုးကွယ်တတ်သော လူတစ်ယောက် ဖြစ်သည်။

သို့သော် ချီချီကလှသည်။

လှသလောက် ရက်စက်သည်။

သူမ၏ ယာဘက်ခြေထောက်သည် လုရှောင်ဖုန်း၏ ပေါင်ကြားသို့ ကန်လိုက်လေသည်။

ယင်းကဲ့သို့ နုနယ်လှပသော မိန်းကလေးတစ်ယောက်က ယင်းကဲ့သို့ မဖွယ်မရာတိုက်ခိုက်မှုမျိုးကို အသုံးပြုလိမ့်မည်ဟု မည်သူကမှ မထင်မိပါ။

လုရှောင်ဖုန်းက သိထားသည့်အလား သူမ၏ခြေထောက်ကို လက်နှစ်ဘက်ဖြင့် ဖမ်းထားပြီး အပေါ်သို့ မြှောက်တင်လိုက်လေသည်။

ချီချီ၏ခန္ဓာကိုယ်သည် လေထဲသို့ မြောက်တက်သွားသည်။ သူမသည်လေထဲ၌ ခန္ဓာကိုယ်တစ်ချက် ဝဲပျံလှည့်ပတ်ကာ ကုတုံစန်း၏ရင်ခွင်ထဲသို့ ကျသွားလေသည်။

ကုတုံစန်းက မျက်ခုံးမွှေးကျုံ့လိုက်သည်။

'မင်းဒဏ်ရာရသေးလား'

ချီချီက ခေါင်းခါယမ်းပြသည်။

သူမ၏ခန္ဓာကိုယ်သည် ကုတုံစန်း၏ရင်ခွင်ထဲမှ လျှောဆင်းလိုက်သည်။

သူမ၏လက်ထဲမှ ရွှေဆံထိုးဖြင့်၊ ကုတုံစန်း၏ရင်ဝသို့ ရွတ်တရက် ထိုးစိုက်လိုက်လေသည်။

ယင်းကဲ့သို့ ဖြစ်လာမည်ကို လူရှောင်ဖုန်းက မထင်မှတ်မိပါ။ ကုတုံစန်းကိုယ်တိုင်ပင် မထင်မိရိုးအမှန်ပင်....

ချီချီ၏တိုက်ခိုက်မှုသည် အလွန်ထိရောက်သော တိုက်ခိုက်မှုဖြစ်နေ၏။

သို့သော် ကုတုံစန်းသည် ခေသူတစ်ယောက်မဟုတ်ပါ။

သူက အရေးကြုံလာသည်ကို ထိတ်ထိတ်ပျာပျာ ဖြစ်မသွားပါ။ ချက်ချင်းပင် တုန့်ပြန်လိုက်သည်။

သူသည် ချီချီ၏လည်မျိုအား ဖမ်းဆုပ်မိလိုက်လေသည်။

ချီချီသည် မျက်နှာသွေးရောင်ပင်မရှိတော့။ လည်မျိုမှာ လည်း တဂွိဂွိဖြင့် အသံမြည်နေ၏။



ကုတုံစန်း၏လက်သည် ချီချီ၏လည်မျိုအား တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ရင်း....

'ယုတ်မာတဲ့မိန်းမ သေပေ....'

သူ၏စကားမဆုံးမီ ရှည်လျားသော လက်သည်းငါးခုသည် သူ၏နောက်စေ့သို့စိုက်ဝင်သွားလေသည်။

'အား'

ကုတုံစန်းက လက်လွှတ်လိုက်သည်။ ချာခနဲနောက်သို့ လှည့်ကြည့်လိုက်သည်။

ဆံပင်ဖြူဖွေးသော အဘိုးအိုက နောက်သို့ဆုတ်သွားသည်။

'ယား'

ကုတုံစန်းက အဘိုးအိုထံသို့ ခုန်အုပ်လိုက်သည်။

သူက လှည့်လိုက်သောအခါ လက်နက်ပုန်း ဆယ့်သုံးခုသည် သူ၏နောက်ကျောသို့ ပစ်လွှင့်လိုက်သည်။

တစ်ချိန်တည်းမှာပင် ဓားတစ်လက်သည် လျှပ်စစ်၏ လျင်မြန်ခြင်းဖြင့် သူ၏ခါးသို့ ထိုးသွင်းလိုက်လေသည်။

အောင်မြင်စွာ အလစ်တိုက်ခိုက်ပြီးနောက် လူလေးယောက်သည် အခန်းထောင့်သို့ ပြိုင်တူဆုတ်သွားလေသည်။

ဓားဆွဲထုတ်လိုက်သောအခါ သွေးများ ပန်းထွက်လာသည်။ ကုတုံစန်းက လဲကျမသွားသေးပါ။

သူ၏ အလွန် ကျက်သရေ ရှိသော မျက်နှာ တစ်ခုလုံး မှာ ကြောက်မက်ဖွယ်ရာ ကောင်းလာသည်။

သူ၏ ဆွဲဆောင်မှုရှိသော မျက်လုံးအစုံသည် ပြူးထွက်လာသည်။

သူက အခန်းထောင့်သို့ဆုတ်သွားကြသော လူလေးယောက်တို့အား စိုက်ကြည့်လိုက်သည်။

'မင်းတို့....မင်းတို့ ဘာအတွက် အခုလို ဖောက်ရတာလဲ'

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူ၏ ခါးကိုင်ထားသော လက်သည် အရိုးအဆစ် စုထားလာသည်အထိ ခါးကို မြဲမြံစွာ ဆုပ်ကိုင်ထားသည်။

သူ၏ ခန္ဓာကိုယ် တစ်ခုလုံး တုန်တုန်ယင်ယင် ဖြစ်နေ၏။ မျောက်နှင့်တူသော လူကလည်း တစ်ကိုယ်လုံး တုန်ခါနေ၏။

ဆံပင်ဖြူသော အဘိုးအိုက ကြောက်ရွံ့နေ၏။

သူတို့ သုံးယောက်သည် မည်သူကမှ စကား မပြောဝံ့ကြပါ။

စကားကို ရဲဝံ့စွာ ပြောနိုင်သူမှာ အလွန်နုနယ်သော ချီချီ ဖြစ်သည်။

သူမက အောက်နှုတ်ခမ်းကို ကိုက်လျက်....

'ကျွန်မတို့ အခုလိုလုပ်တာ ဘာကြောင့်လဲ ဆိုတာ ရှင် နားလည်သင့်ပါတယ်'

ကုတုံစန်းက....

'ငါ နားမလည်ဘူး'



သူက ပြောရင်း နောက်ဆုံး လေတစ်ချက် မှုတ်ထုတ်လိုက်ပြီး သေဆုံးသွားလေသည်။

သူက နားမလည်ပါ။ သေဆုံးသွားသည့်အထိ နားလည်သွားခြင်း မရှိပါ။

...ဝ...

မီးရောင်များ တဖြည်းဖြည်း အားမပျော့လာသည်။

အိမ်ထဲ၌ အသံ လုံးဝမကြားရပါ။

အသက်ရှူသံများနှင့် ရင်ခုန်သံများပင် ရပ်တန့်သွားသည်။ ကုတုံစန်းသည် မိမိ၏ သွေးအိုင်ထဲ၌ လဲလျောင်းနေ၏။

သူသည် မြန်းစားကြီး ရောက်လာပြီး ရုတ်တရက် သေဆုံးသွားသည်။

လုံချောင်ဖုန်းက လက်သီးဆုပ်ထားသော လက်ကို ဖြန့်လိုက်သည်။

လက်ဖဝါးမှာ ဈေးစေးများ စိုရွှဲနေသည်ကို တွေ့ရလေသည်။

ပထမဆုံး စကားပြောသူမှာ ချိုချိုပင် ဖြစ်သည်။
မိန်းမများ၏ လျှာသည် ယောကျ်ားများထက် ပျော့ပျောင်းနေ၍လော။

သူမက လုရှောင်ဖုန်းဘက်သို့ လှည့်လိုက်သည်။
'ကျွန်မတို့က သူ့ကို သတ်လိမ့်မယ်ဆိုတာ ရှင် သိမှာ မဟုတ်ပါဘူး'

လုရှောင်ဖုန်းက ဝန်ခံသည်။
မည်သူမဆို ယခုကဲ့သို့ ဖြစ်လိမ့်မည်ဟု ယုံကြည်ကြမည် မဟုတ်ပါ။

ချိုချိုက....
'ကျွန်မတို့ ဘာကြောင့် သူ့ကိုသတ်တယ်ဆိုတာ ရှင်လဲသိမှာ မဟုတ်ဘူး'

လုရှောင်ဖုန်းက တွေးတောနေ၏။
လိုက်ဖက်ညီထွေးမရှိသော အိမ်ထောင်ရေးသည် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်မည်မှာ သေချာသည်။
သူက မပြောပါ။
သူမ ပြောလာမည်ကို စောင့်၍ နားထောင်လာသည်။ ချိုချို၏ မျက်နှာပေါ်တွင် ခံပြင်းသော၊ ဒေါသထွက်သော၊ ဝမ်းနည်းသော ဟန်မူရာ ပေါ်လွင်လာသည်။



'သူက ကျွန်မကို အင်အားသုံးပြီး အပိုင်ယူခဲ့တယ်၊ ကျွန်မကို သူ့ရဲ့ အငှားဖြေဖျော်ရေး မိန်းမတစ်ယောက်လို သဘောထားတယ်'
လုရှောင်ဖုန်းသည် မီမီအတွေးနှင့် နီးစပ်နေပြီဟု သိလိုက်လေသည်။

ချိုချိုက....
'သူတို့ သုံးယောက်ရဲ့ အားနည်းချက်ကို အကြောင်းပြုပြီး သူတို့ကို သူ၏ ကျေးကျွန်အဖြစ် အတင်းအကျပ် ခိုင်းတယ်'
လုရှောင်ဖုန်းက ဆံပင်ဖြူဖွေးသော အဘိုးအိုနှင့် ကျန်လူနှစ်ယောက်ကို တစ်ချက် ဝေ့ကြည့်လိုက်သည်။
လုရှောင်ဖုန်းက ကိုယ်ချင်းစာနာ၍ ခေါင်းညိတ်လိုက်သည်။
ချိုချိုက....
'ကျွန်မတို့က သူ့ကို လုပ်ကြံချင်နေတာ ကြာပါပြီ၊ ဒါပေမယ့် အခွင့်အရေး မရလိုက်ပါဘူး'
ကုတူစန်းသည် အလွန် ကြောက်မက်ဖွယ်ကောင်းသော လူတစ်ယောက်ဖြစ်သည်။ သေသေချာချာ မပိုင်လျှင် မည်သူကမျှ လှုပ်ဝံ့မည် မဟုတ်ပါ။
လုရှောင်ဖုန်းက....
'ကျုပ်ကြောင့် အခွင့်အရေး ရလိုက်တယ်လို့ ပြောမလို့လား'

ချိုချိုက ခေါင်းညိတ်လိုက်သည်။
'ဟုတ်ကဲ့....ဒါကြောင့် ကျွန်မတို့က ရှင့်ကို ကျေးဇူးတင်တဲ့အပြင် ကျေးဇူးလဲ ဆပ်ပါမယ်'
လုရှောင်ဖုန်းက ပြုံးလိုက်သည်။

ကျေးဇူးဆပ်မည်ဟူသော စကားသည် မိန်းကလေးတစ်ဦး၏ နှုတ်မှ ထွက်ပေါ်လာခြင်းမှာ အဓိပ္ပာယ်ရှိလှပေသည်။

သို့သော် ချိုချို၏ မျက်နှာထားမှာ အေးနက်တည်ကြည် နေ၏။

'ရှင်က ကျောက်စိမ်းဆွဲပြား သွားယူမယ်ဆိုတာ ကျွန်မတို့ သိတယ်၊ ဒါပေမယ့် ရှင့်မှာ မသေချာဘူး၊ ကျွန်မတို့ဟာ ရှင့်ဆက် ပိုပြီး နိုးစပ်ပါတယ်'

လုရွှေခင်ဖုန်းက....

'ဘယ်လို နီးစပ်သလဲ'

ချိုချိုသည် သေတ္တာကို ညွှန်ပြလိုက်သည်။

'ဒီလို ရွှေ၊ ငွေ အပြည့်ပါတဲ့ သေတ္တာ ကျွန်မတို့ မြို့ပေါ်မှာ ဆယ့်နှစ်လုံးလောက် ရှိတယ်'

လုရွှေခင်ဖုန်းက နားထောင်နေ၏။

ချိုချိုက....

'လိုရှားက ကုတုံစန်း သေဆုံးတဲ့အကြောင်း မသိသေးဘူး၊ ကုတုံစန်းကိုလဲ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး'

လုရွှေခင်ဖုန်းက....

'ကျုပ်က ကုတုံစန်းအဖြစ် ရုပ်ဖျက်ပြီး ရွှေငွေသေတ္တာနဲ့ လဲ့ရင် ကျောက်စိမ်းဆွဲပြားကို အလွယ်တကူနဲ့ ရလာမယ်မဟုတ်လား'

ချိုချိုက သက်ပြင်းတစ်ချက် ချလိုက်၏။



'ကုတုံစန်းက ရှင့်အပေါ် ပေပေန်ခဲ့တာ သိပ်ကိုမှန်တယ်'

လုရွှေခင်ဖုန်းက....

'ဘယ်လိုပေဖန်ခဲ့လို့လဲ'

ချိုချိုက....

'ရှင်ဟာ ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ဆိုတာလေ'

လုရွှေခင်ဖုန်းက...

'ခင်ဗျားတို့ ဘာဖြစ်လို့ ဒီလိုလုပ်ချင်တယ်ဆိုတာ ဉာဏ်မမီဘူးဗျ'

ချိုချိုက

'ရှင်းရှင်းပြောရမယ်ဆိုရင် ကုတုံစန်းဟာ ကျွန်မတို့လက်ချက်ကြောင့်သေဆုံးပါတယ်လို့ မသိစေချင်လို့ပါ'

လုရွှေခင်ဖုန်းက....

'သူ့ရဲ့တပည့်တွေ လာပြီးလက်စားချေမှာကို ကြောက်နေလို့လား'

ချိုချိုက ပြုံးလိုက်သည်။

'သူ့အတွက် လက်စားချေပေးမယ့်လူ တစ်ယောက်မှ မရှိပါဘူး၊ ဒါပေမယ့်....'

လုရွှေခင်ဖုန်းက....

'ဒါပေမယ့် သူ့မှာ ငွေအများကြီးချမ်းသာတယ်၊ ထွက်သွားတာ ငွေအတော်များများ၊ ပစ္စည်းဥစ္စာ အတော်များများ ကျန်ခဲ့တယ်၊ သူ့ကိုသတ်တဲ့လူဟာ သူ့ရဲ့ကျန်ရှိတဲ့ငွေနဲ့ ပစ္စည်းကို ခွဲဝေယူဖို့ပါပဲ'

ချိုချိုက သက်ပြင်းချလိုက်သည်။

'ရှင်သိပ်တော်တယ်၊ ထူးထူးခြားခြား တော်ပါပေတယ်'

လုရှောင်ဖုန်းက....

'ခင်ဗျားတို့က ငါ့ကို နုတ်ပိတ်ဖို့မလွယ်မှန်း သိတယ်၊ ဒီကိစ္စ မပေါက်ကြားရအောင် ကျုပ်ကို လာဘ်ထိုးတဲ့သဘောမဲ့ မဟုတ်လား'

ချီချီက....

'ရှင်က လက်မခံနိုင်ဘူးလား'

လုရှောင်ဖုန်းက....

'ခက်တာက မျက်လုံးပါတဲ့လူ ကျုပ်တစ်ယောက်တည်းမှ မဟုတ်ဘဲ၊ မနောက်ပြီး ပါးစပ်ပါတဲ့လူထဲမှာ ကျုပ်တစ်ယောက်တည်းမှ ရှိတာမဟုတ်ဘူး'

ချီချီက....

'ဒီအိမ်ထဲမှာရှိတဲ့ လူအားလုံးက ကျွန်မတို့လူတွေပါပဲ၊ ကြယ်တံခွန်စောရကလဲလျှမ်းလျှမ်းတောက်ကျော်ကြားတဲ့သူရဲကောင်းကြီး တစ်ယောက်ပါ'

ကြယ်တံခွန်စောရက....

'ကျုပ်က သူရဲကောင်းကြီးမဟုတ်ဘူး၊ သူခိုးကြီးပါ'

ချီချီက....

'ကြယ်တံခွန်စောရဟာ လုရှောင်ဖုန်းရဲ့ အရင်းနှီးဆုံးမိတ်ဆွေ ဖြစ်တယ်ဆိုတာ သိထားပါတယ်၊ လုရှောင်ဖုန်းက လက်ခံတဲ့ကိစ္စကို ကြယ်တံခွန်စောရက ဆန့်ကျင်မှာမဟုတ်ပါဘူး'



ကြယ်တံခွန်စောရက ရယ်မောလိုက်လေသည်။

သူသည် ယောကျ်ားအခုတစ်ယောက် ဖြစ်သည့်၊ လှပချော မောသော မိန်းကလေးတစ်ယောက်က ယောကျ်ားအများရှေ့တွင် မည်သည့်စကားကို ပြောနေစေကာမူ စိတ်ဝင်စားကြမည် ဖြစ်လေသည်။

ချီချီသည် သူမ၏ငုံ့ပ်ရည်ကို ယုံကြည်မှု အပြည့်ရှိသည်၊ သူမက ကြယ်တံခွန်စောရအား မျက်လုံးစွေ၍ ကြည့်လိုက်၏။

'ရှင့်သဘောက ဘယ်လိုလဲ'

ကြယ်တံခွန်စောရက....

'သူခိုးကြီးက လုရှောင်ဖုန်းရဲ့မိတ်ဆွေမဟုတ်ဘူး၊ အချိန်မရွေး သစ္စာဖောက်နိုင်တယ်၊ ဒါပေမယ့် သူခိုးကြီးက ဒီလိုဇာတ်ရှုပ်ကို မဝင်ချင်ဘူး၊ အထူးသဖြင့် အခုလို ဇာတ်ရှုပ်မျိုးကို ပိုပြီးမဝင်ချင်ဘူး၊ ဒါပေမယ့် ကျုပ်လဲ အခွင့်အရေးလိုချင်တယ်'

ချီချီက....

'ပြောပါလေ၊ ကြယ်တံခွန်စောရက ကျွန်မနဲ့အိပ်ဖို့ အခွင့်အရေး တောင်းမလို့လား'

သူမ၏စကားကို ကြားလိုက်ရသောအခါ လုရှောင်ဖုန်းနှင့် ကြယ်တံခွန်စောရတို့မှာ အံ့ဩရင်မှိန်သွားလေသည်။

ကြယ်တံခွန်စောရက ရယ်မောလိုက်၏။

'ခင်ဗျားလို မိန်းကလေးမျိုးက ကျုပ်အနားမှာအိပ်ရင် ကျုပ်က ထိတ်လန့်ပြီး အိပ်လို့ပျော်မှာမဟုတ်ဘူး'

ချီချီက....

'ဒါဖြင့် ကျွန်မက ဘာလုပ်ပေးရမှာလဲ'

ကြယ်တံခွန်စောရက....

'ကျောက်စိမ်းဆွဲပြား ရလိုက်တာနဲ့ သူတို့အမျိုးသမီးလေးဦးကို အသက်ချမ်းသာပေးရင် တော်ပါပြီ'

ချီချီက..

'လီရှာ တို့ လေးယောက်လား'

'ဟုတ်တယ်'

ကြယ်တံခွန်စောရအေ....

ချီချီအ မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်၏။

'ရှင်က ဘာဖြစ်လို့ သူတို့ကို ဒီလောက်ဂရုစိုက်နေရတာလဲ၊ သူတို့က ရှင်နဲ့အိပ်ဖူးလို့လား'

ကြယ်တံခွန်စောရအ မချိပြုံး ပြုံးလိုက်လေသည်။

'ခင်ဗျားကိုကြည့်ရတာ နုနုနယ်နယ်မိန်းကလေးတစ်ယောက်ပါ၊ ဘယ့်နှယ် စကားပြောလိုက်တဲ့အခါ မြင်းလှည်းမောင်းတဲ့ မိန်းမကြီးနဲ့ တူနေပါလား'

ချီချီက....

'ကျွန်မ ဒီလိုစကားပြောလိုက်တဲ့အခါ စိတ်လွှပ်ရှားလို့ပေါ့'

ကြယ်တံခွန်စောရအ....

'ကျုပ်တောင်းတဲ့အခွင့်အရေး ခင်ဗျားပေးမှာလား'

ချီချီအ....

'အတိပေးပါတယ်'

ကြယ်တံခွန်စောရအ ထရပ်လိုက်သည်။

သူက လုရှောင်ဖုန်းအား လက်ဝေ့ယမ်းပြလိုက်၏။

'ကျုပ်သွားမြီ'



လုရှောင်ဖုန်းက....

'နေ့-နေပါဦး၊ ဝါ့အဝတ်အစားတွေကော'

ကြယ်တံခွန်စောရက ...

'ခင်း တယ်လာပါသား၊ အိမ်ထဲမှာ ဒီလောက်လှတဲ့ မိန်းကလေး ရှိရက်နဲ့ ငါ့ဆီလာပြီး အဝတ်အစားတောင်းရသေးသလား'

သူ၏စကား ဆုံးသွားသည်နှင့် သူ၏ခန္ဓာကိုယ်သည် ပြတင်းပေါက်မှ တို ထွက်သွားလေသည်။

အဝေးမှ သူ၏ရယ်မောသံများ လွင့်ပျံ့လာလေသည်။

'ဟား....ဟား....ဟား'

....၀....

အိမ်ထဲ၌ လူနှစ်ယောက်တည်းသာကျန်တော့သည်။

လုရှောင်ဖုန်းအ ခုတင်ပေါ်၌ လဲလျောင်းနေ၏။ သူ၏ ကိုယ်ပေါ်တွင် စောင်ခြုံလျက်....

ချိုချို့က ခုတင်ခြေရင်း၌ ရပ်နေသည်။

သူမသည် ပျော့ပျော့ပျောင်းပျောင်း လိမ်လိမ်မာမာအသွင်သို့ ပြောင်းသွားလေသည်။

သူမသည် လှရှောင်ဖုန်းအား အတန်ကြာစိုက်ကြည့်ပြီးနောက် အလွန်ရင်တုန်ဖွယ်ရာ စကားတစ်ခွန်းမေးလိုက်လေသည်။

'ရှင်က ကျွန်မနဲ့အတူတူအိပ်ဖို့ စိတ်ကူးသေးလား'

လှရှောင်ဖုန်းက....

'စိတ်ကူးတာပေါ့'

ဤတစ်ကြိမ် သူကလွတ်ခနဲပြောလိုက်ခြင်း ဖြစ်သည်။

ချိုချို့က ရယ်မောလိုက်လေသည်။

သူမ၏အသံသည် ပျော့ပျောင်းရှိနေသည်။

'ဒါဖြင့် ရှင်တစ်ယောက်တည်း ဒီမှာနေပြီး အေးအေး ဆေးဆေး စိတ်ကူးနေပါဟုတ်လား'

သူမသည် လှည့်ပင်မကြည့်တော့ဘဲ အခန်းထဲမှ ထွက်သွားလေသည်။

'ဂျိမ်း'

အခန်းတံခါးကိုလည်း ဆောင့်၍ပိတ်သွားလေသည်။

လှရှောင်ဖုန်းသည် မျက်လုံးပြူး၍ မျက်နှာကျက်ကို မော့ကြည့်နေရသည်။



သူသည် ကိုယ့်ကိုယ်ကို မေးမိသည်။

'ငါက ဘာဖြစ်လို့ ဒီလိုထူးထူးဆန်းဆန်းလူနဲ့ ထူးထူးဆန်းဆန်းကိစ္စနဲ့မှ လာတွေ့ရတာလဲ'

သူသည် ထူးထူးဆန်းဆန်းအဖြစ်ကို ထပ်မံတွေ့ရမည်ဟု မသိလိုက်သေးပါ။

....၀....

ရေခဲနိုင်ငံ

သူတို့သွားမည့်နေရာသည်မိုးကုတ်စက်ဝိုင်းမဟုတ်ပါ။

ရှုံဝါကျွန်း ဖြစ်သည်။

ရှုံဝါကျွန်းသည် ရှည်လျားသော မြစ်တစ်ခုဖြစ်သည်။ လဟာစေသည် ရှုံဝါကျွန်း၏တောင်ဘက်တွင် ရှိသည်။

'လဟာစေ' ၏ အဓိပ္ပာယ်မှာ 'အိမ်အို' ဖြစ်လေသည်။

ထိုအမည်သည် ရင်းနှီးနွေးထွေးမှု ရှိလှပေသည်။

အမှန်တော့ ထိုနေရာသည် အလွန် ခေါင်လွင်ပြီး အလွန်အေးသော ဒေသ ဖြစ်လေသည်။



နှစ်သစ်ကူးပွဲတော်မရောက်မီတစ်လအချိန်မှာ မြစ်ရေ ခဲသွားသည်။

ရေပြင် တစ်ခုလုံး ရေခဲပြင်ကြီးအဖြစ်သို့ ရောက်ရှိလေသည်။

ထင်းကဲ့သို့ ရေပြင်ကို ရေခဲသော ရာသီမှာ ခုနစ်လတိတိ ကြာမြင့်ခဲ့လေသည်။

သို့သော် လဟာစေ (၀၇) အိမ်အို၌ နေထိုင်သော လူများသည် မြစ်ရေပြင် ရေခဲသော ခုနစ်လကို စောင့်ကြိုနေကြတတ်ပေသည်။

အကြောင်းမှာ ထိုခုနစ်လမှာ လဟာစေမှာ နေထိုင်သော လူများသည် ပျော်ရွှင်ဖွယ်အမျိုးမျိုးနှင့် အချိန်ကို ကုန်ဆုံးနိုင်ခဲ့သောကြောင့် ဖြစ်လေသည်။

....၀....

'လဟာစေ'

လဟာစေသည် မည်သည့်နေရာတွင် ရှိနေပါသနည်း။

ရှုံ ဝါကျွန်း မြစ်ပေါ်၌ ရှိသည်။

မြစ်ပေါ်၌ မည်ကဲ့သို့ မြို့ကလေး ရှိနိုင်မည်နည်း။

အမှန်ပြောရလျှင် မြစ်ပေါ်၌ မဟုတ်ပါ။ ရေခဲပြင်ပေါ်၌ ဖြစ်လေသည်။

လူရှောင်ဖုန်းဆာ မရယ်တဲ့ မနေနိုင်ပါ။

သူသည် ထူးထူးဆန်းဆန်းကိစ္စများကို အများဆုံး ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

သို့သော် ရေခဲပြင်ပေါ်၌ မြို့ကလေးရှိသည်ကို တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဖူးပါ။

လဟာစေသို့ မရောက်ဖူးသောလူသည် ထင်းကိစ္စကို လုံးဝယုံကြည်နိုင်ကြမည် မဟုတ်ပါ။

သို့သော် လဟာစေသည် ရေခဲပြင်ပေါ်၌ ရှိနေသည်မှာ အမှန်ပင်။

ထိုရေခဲပြင်မှာ ကျယ်ဝန်းလှသည် မဟုတ်ပါ။

ပေ ကိုးရာမျှသာ ကျယ်ဝန်းသည်။ ရေခဲ၏ ထုထည်မှာ ဆယ်ပေကျော်ကျော်ခန့် ရှိသည်။

အိမ်အိုမှာ နှစ်အတန်ကြာနေထိုင်သောလူများသည် မြစ်ရေခဲမည့်အချိန်ကို ကြိုတင်ခန့်မှန်း၍ ရနိုင်လေသည်။



သူတို့သည် တိုက်ခတ်လာသော လေ၏ အပြောင်းအလဲမှလည်းကောင်း၊ မြစ်ရေလှိုင်းကိုကြည့်၍ လည်းကောင်း....

မည်သည့်နေ့ရက်၊ မည်သည့်အချိန်မှာ မြစ်ရေခဲတော့မည်ဟု ကြိုတင် ဟောကိန်းထုတ်နိုင်ကြလေသည်။

ထို့ကြောင့် သူတို့သည် ရေခဲတော့မည့် ရက်မတိုင်မီ သုံးလေးရက် ကြို၍ အသင့်ပြုလုပ်ထားသော သစ်သားစင်များကို မြစ်ထဲသို့ ပစ်ချလိုက်သည်။

ကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ထားလေသည်။ ကမ္ဘာဦးအစ လူသားများ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့နေထိုင်ပြီး မိမိနယ်မြေကို သတ်မှတ်သကဲ့သို့ နေရာယူထားကြလေသည်။

မြစ်ရေပြင် ခဲသွားပြီးနောက် ထိုခဲသွားသော မြစ်ရေပြင် အပိုင်းမှာ ရှည်လျားပြီး ကျယ်ဝန်းသော ကျောက်စရစ်လမ်းမ တစ်ခုကဲ့သို့ ဖြစ်ပေါ်လာလေသည်။

အရောင်များ ဝင်းလက်ကာ မျက်လုံးများပင် ကျိန်းနေ၏။

ထိုအချိန် ကြိုတင်ပစ်ချထားခဲ့သော သစ်သားစင်များသည် ရေပြင်ပေါ်၌ ခဲသွားသည်။

ထို့နောက် သစ်သားစင်ကို အခြေခံ၍ သဲများ၊ ထုံးများဖြင့် အိမ်၏ အောက်ခြေကို စတင်ပြုလုပ်သည်။

ပြီးနောက် အဆောက်အအုံများ ပြုလုပ်ကြလေသည်။

ဤသို့ဖြင့် အရွယ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး အိမ်ကြီးအိမ်ငယ်များ တစ်လုံးပြီးတစ်လုံး ပေါ်ထွန်းလာလေသည်။

သုံးရက်မျှ ငါးရက်ကြာပြီးသောအခါ အလွန်စည်ကားသော မြို့ကလေးတစ်မြို့အဖြစ်သို့ ဖြစ်ပေါ်လာလေတော့သည်။

မြင်းလှည်းများ၊ လက်တွန်းလှည်းများ၊ ကုန်တင်လှည်းများ စိတ်ချလက်ချ သွားလာနိုင်လေသည်။

စတိုးဆိုင်၊ အထည်ဆိုင်၊ စားသောက်ဆိုင်၊ တည်းခိုခန်း၊ လောင်းကစား ဂေဟာ စသည့် လုပ်ငန်းအမျိုးမျိုးကိုလည်း မြို့အင်္ဂါနှင့်အညီ ဖြစ်ပေါ်လာလေတော့သည်။

အပြင်ဘက်၌ ရေများ ခဲနေသော်လည်း အိမ်ထဲ၌မူ နွေးထွေးနေသည်။

လူရှောင်ဖုန်းသည် ဤနေရာသို့ရောက်ရှိလာသောအခါ ပုံပြင် ဟုပင် ထင်မှားမိလေသည်။

'အပြင်ဘက်မှာ ဒီလောက် အေးလျက်နဲ့ အိမ်ထဲမှာ ဘာကြောင့် အခုလို နွေးထွေးနေတာလဲ'

သူက စဉ်းစား၍မရသောကြောင့် မေးလိုက်ခြင်း ဖြစ်သည်။

'နွေးမှာပေါ့၊ ခုတင်အောက်မှာ မီးပုံထားတယ်လေ'

'ရေခဲပေါ်မှာ မီးပုံထားတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့် ရေခဲကော အရည်မပျော်မသွားဘူးလား'

'နည်းနည်းလေးမှ အရည်ပျော်မသွားပါဘူး'

'ရေခဲဟာ နောက်လာမယ့် နှစ်လပိုင်းရောက်မှ အရည်ပျော်စ'



ထိုအချိန် လူများသည် ကုန်းပေါ်သို့ ၎င်းအိမ်ကို ပြောင်းရွှေ့သွားပြီး ဖြစ်သည်။

သစ်သားစင်နှင့် အခြားအသုံးမလိုသော ပစ္စည်းများသည် အရည်ပျော်သော ရေခဲနှင့်အတူ အောက်ဘက်သို့ လွင့်မျောစီးဆင်းသွားကြရလေသည်။

ဤသို့ဖြင့် ရေခဲပေါ်၌ စည်ကားလှသော မြို့ကလေးသည် ခဏအတွင်း၌ ပျောက်ကွယ်သွားသည့်အလား ပျောက်ကွယ်သွားလေတော့သည်။

....၀....

ယခုအချိန်သည် မြစ်ရေပြင်ခဲနေသော အချိန်ဖြစ်သည်။ တစ်နည်းဆိုရလျှင် တစ်နှစ်အတွင်းမှာ အအေးဆုံးသော အချိန် ဖြစ်လေသည်။

လူရှောင်ဖုန်းသည် ထိုအချိန်တွင် လဟာစေသို့ ရောက်ရှိလာခဲ့လေသည်။

သူက တစ်ယောက်တည်းလာခြင်း မဟုတ်ပါ'

အကြောင်းမှာ ယခု သူသည် လုရှောင်ဖုန်း အမည်ဖြင့် ရောက်လာခြင်း မဟုတ်ပါ။

သူ၏ရုပ်သွင်လည်း ပြောင်းလဲထားလေသည်။

နဂိုရှိသော နှုတ်ခမ်းမွှေးအောက်တွင် မုတ်ဆိတ်အတု တပ်ဆင်ထားလိုက်သည်။

မျက်နှာကိုလည်း အနည်းငယ် ပြုပြင်လိုက်သည်။

ထို့ကြောင့် သူသည် လုရှောင်ဖုန်းမှသည် ကျန်နန်းနယ်မှ အချမ်းသာဆုံးသော သူဌေးကြီး ကုတုံစန်း ဖြစ်လာလေသည်။

နဂိုက ဟန်နှင့်ပန်နှင့်နေတတ်သော လုရှောင်ဖုန်းသည် ယခု အခါမှာ ပို၍ကြီးကျယ်နေ၏။

သူသည် နောက်လိုက်များစွာဖြင့် နှင့်ညား နွေးထွေးသော မြင်းလှည်း၌ထိုင်၍ အလွန်တန်ဖိုးကြီးလှသော ဝတ်ရုံကိုဝတ်လျက် သူ့အား မြင်ရသော လူများသည် အလွန်ချမ်းသာသော ပုဂ္ဂိုလ်တစ်ယောက်ဟု ထင်မှတ်ကြမည်ဖြစ်လေသည်။

ဝတ်ရုံကိုလွှမ်းခြုံထားသော ချို့ချို့သည် ဇနီးလှတစ်ယောက်ပမာ သူ၏ပခုံးကိုမှီ၍ လိုက်ပါလာ၏။

ဤမိန်းမလေးသည် အလွန်ခန့်မှန်းရခက်သော မိန်းကလေး တစ်ယောက် ဖြစ်သည်။

သူမသည် တစ်ခါတရံ ရွှင်ရွှင်ပေါ့ပေါ့ နေတတ်သည်။

တစ်ခါတရံ အလွန်လိမ်မာပုံရသည်။



တစ်ခါတရံ သူမ၏ဟန်မူရာမှာ အတူတူအိပ်ဖို့ပင်ဝန်မလေးပုံ ရသည်။

သို့သော်....

တကယ်ကြောက်တွေ့ တွေ့သောအခါ သူမ၏ လက်ကလေးပင် အထိမခံပါ။

ထို့ကြောင့်လားမသိ၊ လုရှောင်ဖုန်းမှာ စိတ်မကြည်မလင် ဖြစ်နေရ၏။

နွေမိုးဆောင်း သုံးဖော်တို့သည် သူ့နောက် ခပ်လှမ်းလှမ်း တွင် လိုက်နေ၏။

သူတို့သည် လုရှောင်ဖုန်း၏ လှုပ်ရှားမှုကို စွက်ဖက်ခြင်း မပြုပါ။

'အဓိက ရည်ရွယ်ချက်မှာ သူတို့အတွက် လုရှောင်ဖုန်းက ကျောက်စိမ်းဆွဲပြားကို ရယူလာရန် ဖြစ်လေသည်။

ထို့ကြောင့် လုရှောင်ဖုန်းမှ ကုတုံစန်းအသွင် ပြောင်းလဲ သွားသည်ဖြစ်စေ၊ မည်ကဲ့သို့ သူ၏အသွင် ပြောင်းလဲသည်ဖြစ်စေ သူတို့က မမှုပါ။

မြင်းလှည်း၏ ပြတင်းပေါက်မှ ကြည့်လိုက်သော အခါ အဝေးမှ ဝင်းလက်ဖြူဖွေးနေသော လမ်းမကြီးတစ်ခုကိုတွေ့မြင် လိုက်ပြီး ဖြစ်လေသည်။

ချို့ချို့က စိတ်ဆက်သာစွာဖြင့် လေပူတစ်ချက် မှုတ်ထုတ် လိုက်လေသည်။

'ကျွန်မတို့ခရီးစဉ် ပြီးဆုံးသွားပါပြီ'

လူရွှင်ဖွန်းကလည်း စိတ်သက်သာရာ ရသွားလေသည်။

မည်မျှခက်ခဲသည့် ခရီးလမ်းမသို့ တစ်နေ့ ခရီးဆုံးမည်မှာ သူက နားလည်ထားသည်။

သို့သော်....

ယခုကဲ့သို့ လိုရာခရီးသို့ ရောက်ရှိလာသောအခါ...

စိတ်ထဲက ပျော်ရွှင်သွားလေသည်။

မြင်းလှည်းမောင်းသူသည် လိုရာခရီးသို့ ရောက်နေပြီဟု တွေ့မြင်လိုက်သည်နှင့် စိတ်ဓာတ်တက်ကြွသွားလေသည်။

သူသည် မြင်းကို အမြန်မောင်းလိုက်သည်။

မြင်းလှည်းဆွဲသော မြင်းဖြူများသည် ပါးစပ်ထဲမှ အခိုးများ မှုတ်၍ လျှင်မြန်စွာ ပြေးလွှားသွား၏။

မကြာမီ သူတို့သည် ရေခဲတောင်မှမြို့ကလေးကို မြင်တွေ့လိုက်ပြီ ဖြစ်လေသည်။

သို့သော် ညအချိန်ရောက်ရှိလာပြီး ဖြစ်လေသည်။

ယခုကဲ့သို့ ချမ်းစိမ့်သော နေရာဒေသတွင် ညအချိန်သည် စောစောရောက်တတ်လေသည်။

ရုတ်တရက် မှောင်သွားသည်ဟု ထင်ရလေသည်။

ညနေအချိန်ပင် မရောက်သေးပါ။

ရုတ်တရက် မှောင်အတိ ကျလာလေသည်။

မီးရောင်များသည် ရေခဲသော လမ်းမပေါ်၌ စတင် တွေ့မိလိုက်လေသည်။

မီးအိမ်တစ်လုံး လင်းလာသည်နှင့်ပင် ...



နောက်ထပ် မီးအိမ်များ တစ်လုံးပြီးတစ်လုံး လင်းလာလေသည်။

အမှောင်ထုထဲ၌ ပျောက်ကွယ်နေသော မြို့ကလေးသည်။ ယခုအခါမှာ မီးရောင်ထိန်ထိန်လင်း၍ စည်ကားသိုက်မြိုက်စွာ ရှိနေသည်ကို တွေ့ရလေသည်။

မီးရောင်များသည် ရေခဲသော လမ်းမပေါ်သို့ ထင်ဟပ်နေ၏။

ရေခဲသော လမ်းကလည်း ရောင်ပြန်ဟပ်နေ၏။

မြို့ကလေး တစ်ခုလုံးသည် ကျောက်စလင်းဖြင့် တည်ဆောက်ထားသော မြို့တော်နှင့် တူလှပေသည်။

အဆောက်အဦးများလည်း ဖန်ဖြင့် တည်ဆောက်ထားသော အဆောက်အဦးများနှင့် တူလှပေသည်။

မည်သူမဆို ယင်းကဲ့သို့ မြင်ကွင်းကို ပထမဆုံးအကြိမ် မြင်တွေ့လိုက်သောအခါ ရင်သတ်ရှုမော နေမည်မှာ မလွဲပါ။

လမ်းခရီး တစ်လျှောက်လုံးမှာ အလွန် ပင်ပန်းခဲ့သည်။

အခက်အခဲနှင့် ကြုံတွေ့ခဲ့သည်။

တစ်ခါတစ်ရံ အသက်ပင် ဆုံးရှုံးနိုင်ရသော အခြေအနေသို့ ကြုံခဲ့ရလေသည်။

သို့သော်....

ယခုကဲ့သို့ မြင်ကွင်းကို မြင်တွေ့လိုက်ရသောအခါ ပင်ပန်းခဲ့သမျှ ဒုက္ခခံခဲ့သမျှ ခံစားရကျိုး နပ်မည်ဟု ခံစားရမည့် ဖြစ်လေသည်။

အကယ်၍သာ ဆန္ဒအတိုင်း ပြည့်ဝမည်ဆိုလျှင် လုရှောင်ဖုန်းက နောက်ထပ် တစ်ခေါက် ရောက်လာမည်ကို ဝန်လေးမည် မဟုတ်ပါ။

ဒုက္ခဆင်းရဲ ကြုံတွေ့ခဲ့သော အတွေ့အကြုံများသည် လူ့ဘဝကို ပို၍ ပြည့်စုံပြီး ပို၍တန်ဖိုး ရှိနေပေသည်။

တကယ် ပျော်ရွှင်ချမ်းသာမှု ရယူလိုချင်ပါလျှင် ဆင်းရဲဒုက္ခများကို အရင်ဆုံး ခံရမည် မဟုတ်ပါလော....

လုရှောင်ဖုန်းက ဇေပူတစ်ချက် မှုတ်ထုတ်လိုက်ပြန်သည်။

'ဒီလို ဒေသအ အမြဲတမ်း တွေ့ရတယ်ဆိုရင် ဒီလောက်လှပြီး ဒီလောက် အံ့ဩကြတော့မှာ မဟုတ်ပါဘူး'

ချိုချိုကလည်း ဇေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

'ဟုတ်ပါတယ်ရှင်'

....၀....



ည—

ရေခဲပေါ်မှ မြူကလေးသည်ထိန်ထိန်လင်းနေသော မီးရောင်အောက်တွင် လှပ၍ နေ၏။

အိမ်ထဲမှ မီးရောင်များနှင့် ရေခဲပေါ်မှ မီးရောင်များမှာ ထင်ဟပ်ကာ မီးအိမ်နှစ်လုံး ဖြစ်လာလေသည်။

ဤသို့ဖြင့် ကောင်းကင်ပေါ်မှ ကြယ်ကလေးများကဲ့သို့ မှိတ်တုတ်မှိတ်တုတ်ဖြင့် လင်းထိန်နေ၏။

ဤနေရာသည် အလွန့် အလွန် စည်ကားလှပေသည်။

နေပြည်တော်မှ လမ်းမကြီးထက်ပင် စည်ကားသည်။

ရေခဲလမ်းမမှာ ကျယ်ဝန်းသည်။

လမ်း၏ ဘစ်ဘက်တစ်ချက်တွင် ဆိုင်အမျိုးမျိုး တန်းစီ၍ ရှိသည်။

လမ်းမပေါ်တွင်ရောင်းသူဝယ်သူ၊မြင်းလှည်းများ၊လက်တွန်းလှည်းများ ပြည့်နှက်စွာ သွားလာနေ၏။

စားသောက်ဆိုင်များ၊ တည်းခိုခန်းများမှ ရယ်မောသံများသည် ဆူညံစွာ ထွက်ပေါ်နေ၏။

ထိုလူများကို ကြည့်ပြီး ဖန်ဖြင့် ပြုလုပ်ထားသော မြို့ကလေးကို ကြည့်ကာ လုရှောင်ဖုန်းသည် လူ့ပြည်လော နတ်ပြည်လော ဟုပင် ခွဲ၍ မရတော့ပါ။

လမ်းမထဲသို့ ဝင်ရောက်လာသောအခါ လုရှောင်ဖုန်းသည် အနီးဆုံးသော စားသောက်ဆိုင်ကို ပထမဦးဆုံး တွေ့မြင်လိုက်ရလေသည်။

အကြောင်းမူ၊ ထိုဆိုင်ကလေး၏ ဆိုင်းဘုတ် အောက်တွင် ဆေးမွှေးပွဲ ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်က သူ့အား ပြုံးစိစိဖြင့် ကြည့်နေသည်ကို မြင်မိလိုက်သောကြောင့် ဖြစ်လေသည်။

ထိုမိန်းကလေးသည် အလွန်လှပ၍မဟုတ်ပါ။

သို့သော် သူမ၏အပြုံးမှာ ဆွဲဆောင်မှုရှိသည်။

စိုင်းစက်သော သူမ၏မျက်နှာပေါ်တွင် ထင်ရှားသော မှဲ့ချိုင့်တစ်ခု ပေါ်နေ၏။

သူမ၏ဆွဲဆောင်မှုအပြည့်ရှိသော မျက်လုံးအစုံသည်လူရှောင်ဖုန်းအား မျက်တောင်မခတ် ကြည့်နေလေသည်။

ချီချီက နှာခေါင်းရှုံ့လိုက်သည်။

'သူ့ကိုကြည့်ရတာ ရှင့်ကိုသဘောကျပုံရတယ်'

လူရှောင်ဖုန်းက...

'ငါ သူ့ကိုသိမှမသိဘဲ'

ချီချီက....

'ရှင်မသိပေမယ့် ကျွန်မသိတယ်'

လူရှောင်ဖုန်းက....

'ဟုတ်လား၊ သူက ဘယ်သူလဲ'

ချီချီက....

'သူ့နာမည်က ထန်ခိုချင်းလို့ ခေါ်တယ်၊ လူတိုင်း လူတိုင်းက သူ့ကိုနိုးဝပ်နိုင်တယ်လို့ ထင်ကြတယ်၊ ရှင်လဲ ဒီအတိုင်းပဲ ဖြစ်မယ်'



လူရှောင်ဖုန်းက ပြုံးလိုက်သည်။

'မင်းကိုကြည့်ရတာ သူ့အကြောင်း ကောင်းကောင်းသိထားတာနဲ့ တူတယ်'

ချီချီက....

'ဒါပေါ့'

လူရှောင်ဖုန်းက....

'သူ့ကိုကြည့်ရတာ မင်းကိုမသိသလိုပဲ'

ချီချီက မျက်တောင်တဖျတ်ဖျတ် ခတ်လိုက်သည်။

'ကျွန်မ သူ့ကိုသာမြစ်လို့ သိ‌ဝ‌ယ်ဆိုတာ ရှင်ပြောနိုင်သလား'

လူရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မသိဘူး'

ချီချီက....

'ကုတု'စန်းဟာ အာပဲလုင်လုပ်စေ့စပ်ပေးချာတယ်'

သူမက စကားဆက်လိုက်သည်။

'သူဒီကိုမလာခင် ဇမျိုးသမီး လေးယောက်ရဲ့ နောက်ကြောင်း ရာဇဝင်များကို စုံစမ်းခဲ့ပြီးပြီ၊ သူတို့ရဲ့ရုပ်သွင်ကိုလဲ ပန်းချီဆွဲခိုင်းထားခဲ့တယ်'

လူရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားလေသည်။

'ဒါဖြင့် ဒီမိန်းကလေးကလဲ မုတ်ဆိတ်ပြာစွန့်ပစ်ထားတဲ့ မိန်းကလေးလေးယောက်တည်းက တစ်ယောက်အပါအဝင် ဟုတ်သလား'

ချီချီကဲ....

'ဟုတ်တယ်၊ သူဟာ မုတ်ဆိတ်ပြာရဲ့ ဒုတိယမိန်းမပဲ'

လုရှောင်ဖုန်းက သူမအား ထပ်မံလှည့်ကြည့်လိုက်သည်။

သို့သော် အခြားမိန်းကလေးတစ်ယောက်ကို တွေ့မိလိုက်လေသည်။

ထိုမိန်းကလေးသည် ဖက်ကြီးဆေးရောင်းသော ပရဆေးဆိုင်မှ ထွက်လာပြီး ထန်ခိုချင်းရပ်နေသော စားသောက်ဆိုင်ဘက်သို့ ကူးသွားသည်။

သူမသည် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။

ခန္ဓာကိုယ်သေးသွယ်ပြီး မျက်နှာပေါ်၌ ဖြူအေးတိအေးစက်သော ဟန်မူရာရှိသည်။

သူမ၏ပုံဟန်မှာ လောကတစ်ခုလုံးအား သူမထံငွေချေးယူထားသည့် ဟန်မူရာမျိုး ဖြစ်နေသည်။

မည်သို့ဆိုစေ ထိုမိန်းကလေးသည် ယောကျ်ားများအား ဆွဲဆောင်နိုင်သော မိန်းကလေးမျိုး မဟုတ်ပါ။

ဤမိန်းကလေး၏စရိုက်သည် ထန်ခိုချင်းနှင့် လုံးဝဆန့်ကျင်သော မိန်းကလေးနှစ်မျိုး ဖြစ်သည်။



သို့သော် သူမတို့မှာ မိတ်ဆွေများ ဖြစ်ကြသည်။ အသွန်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြလေသည်။

ချီချီက....

'သူ့ကိုလဲ ရှင်ကစိတ်ဝင်စားနေလို့လား'

လုရှောင်ဖုန်းက....

'သူ့ကို ကျုပ်မှ မသိဘဲ'

ချီချီက ...

'ကျွန်မ သူ့ကိုသိတယ်'

လုရှောင်ဖုန်းက....

'သူလဲပဲ....'

ချီချီက....

'သူ့နာမည်က လိန်ဟုန်အော့လို့ ခေါ်တယ်၊ မုတ်ဆိတ်ပြာရဲ့ တတိယဇနီး ဖြစ်ခဲ့တယ်'

လုရှောင်ဖုန်းက သက်ပြင်း တစ်ချက် ချလိုက်သည်။

'မုတ်ဆိတ်ပြာက ဘာကြောင့် ဒေါ့ခဲလို အေးတဲ့ မိန်းမကိုမှ ယူချင်ရတာလဲ'

ချီချီက လေသံအေးအေးဖြင့်....

'အေးတဲ့ မိန်းမလဲ အေးတဲ့အရသာရှိတာ ဖြစ်မှာပေါ့၊ အခွင့်ရှိရင် ရှင်ကိုယ်တိုင် လက်တွေ့စမ်းကြည့်ပါလား'

လုရှောင်ဖုန်းက လှည့်ကြည့်ပြန်သည်။

ဤတစ်ကြိမ် သူက လူသန်ကြီး နှစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသန်ကြီး နှစ်ယောက်သည် ခြေထောက် ကျိုးနေသော လူတစ်ယောက်အား တွဲ၍ ဒဏ်ကြေဆေး ရောင်းသော ဘယဆေးဆိုင်သို့ ဝင်သွားသည်။

လူသန်ကြီးတစ်ယောက်က အသံမြှင့်ကြီးဖြင့်....

'ဆရာ မရှိဘူးလားဟေ့'

လိန်ဟုန်အော့အား မျက်မှောင်ကြုတ်သွားသည်။

'ဆရာ ဒီမှာ၊ ဘာလုပ်မလို့လဲ'

ယခုမှ လိန်ဟုန်အော့သည် ဤဘယဆေးဆိုင်၏ သမားတော် ဖြစ်နေမှန်း လုရှောင်ဖုန်းက သိလိုက်လေသည်။

ဤသို့ဆိုလျှင် ဒဏ်ကြေးဆေး ဘယဆေးဆိုင်၏ ဆိုင်ရှင် ဖြစ်သူမှာလည်း လိန်ဟုန်အော့ ဖြစ်ရမည်မှာ မုချမလွဲပေ။

သူက ရယ်မောလိုက်သည်။

'သူက ဒီလိုလဲ ဖြစ်တာကိုး'

ချိုချိုက....

'ဒီလို ဘယ်ကာမလဲ၊ ဟိုလိုလဲ ဖြစ်တယ်'

လုရှောင်ဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

သူသည် လောကပေါ်မှာ ထမင်းမစားသော မိန်းမကို တွေ့ကောင်း တွေ့နိုင်မည်။



သဝန်မတိုသော မိန်းမတစ်ယောက်ကိုမူ ရှိနိုင်မည် မဟုတ်ဟု နားလည်လိုက်လေသည်။

ချိုချိုအား ပြုံးလိုက်သည်။

'အမှန်ပြောရမယ်ဆိုရင် မှတ်သိတ်ပြာရဲ့ မိန်းမလေးယောက်ထဲမှာ အလှဆုံးကတော့ သူ့ရဲ့ မယားကြီး ချန်းကျောင်းကျောင်း ပါပဲ'

ချန်းကျောင်းကျောင်း....

လုရှောင်ဖုန်းသည် ယင်းနာမည်ကို ကြားဖူးခဲ့သည်။

လဟာဇေဝမှာ နေထိုင်ကြသော သူများသည် သဘောထား အေးသိမ်ကြသည်။

တခြားနယ်မှ ရောက်ရှိလာကြသော သူစိမ်း ဧည့်သည်ကို ရန်လိုသည့် သဘော ထားတတ်ပေသည်။

လူနှစ်ယောက်ကလွဲ၍ မည်သူ့စကားကိုမှ မယုံကြည်ရန်ဟု တိန်ရှမ်းရီက မှာကြားခဲ့သည်ကို အလိုလို သတိရလာလေသည်။

'အဲဒီ လူနှစ်ယောက်ရဲ့ နာမည်ကတော့ တစ်ယောက်က သောက်စန်းယန် ဖြစ်တယ်၊ သူကတော့ ကျွန်မအဖေရဲ့ မိတ်ဆွေကောင်းပါပဲ၊ ကျန်တစ်ယောက်ကတော့ ချန်းကျောင်းကျောင်းလို့ ခေါ်တယ်'

လုရှောင်ဖုန်းအား မျက်မှောင်ကြုတ်သွားလေသည်။

ချန်းကျောင်းကျောင်း ဆိုသော အမျိုးသမီးသည် မှတ်ဆိတ်ပြောင်၏ မယားကြီး ဖြစ်သည်ကို သူက မပြောလိုက်ခဲ့ပါ။

ချိုချိုက သူ့အား မျက်လုံးစွေ၍ ကြည့်လိုက်သည်။

'ရှင် သူ့ကိုတွေ့ချင်ရင် ကျွန်မ လိုက်ပို့မယ်'

လုရှောင်ဖုန်းက....

'သူ ဘယ်မှာရှိတယ်ဆိုတာ မင်းသိသလား'

ချိုချိုက....

'သူက လီရှားရဲ့ သေဖော်သေဖက်၊ ဒါကြောင့် လောင်းကစား ဂေဟာမှာ လီရှားကို အကူအညီပေးနေမှာပဲ'

လုရှောင်ဖုန်းက....

'လောင်းကစားအိမ် ဟုတ်လား'

ချိုချိုက....

'ဟုတ်တယ်၊ ဝေလာပါး လောင်းကစားအိမ်'

လုရှောင်ဖုန်းက....

'ဒီနေရာမှာလဲ ဝေလာပါး လောင်းကစားအိမ် ရှိတယ် ဟုတ်လား'

ချိုချိုက ခေါင်းညိတ်လိုက်သည်။

'လီရှားက ကျွန်မနဲ့ ဝေလာပါး လောင်းကစားအိမ်မှာ တွေ့ကြဖို့ ချိန်းထားပါတယ်'



လုရှောင်ဖုန်းက ထပ်မမေးတော့ပါ။

အကြောင်းမှာ သူသည် ဖြူဖွေးဝင်းလက်နေသော ဝေလာပါး ရုပ်သည် လေထဲ၌ ယိမ်းနွဲ့နေသည်ကို တွေ့ရလေသည်။

....o—

တံခါးပေါက်သည် မကျယ်ဝန်းပါ။

ဝေလာပါးရုပ်သည် မီးရောင်အောက်၌ အရောင်တဖိတ်ဖိတ် တောက်ပနေ၏။

လုရှောင်ဖုန်းသည် တံခါးကို ဆွဲဖွင့်လိုက်သည်။

သူသည် အရိုးကွဲမတတ် တိုက်ခတ်နေသော အေးစိမ့်သော လေထဲမှ နွေးရာသီကဲ့သို့ နွေးထွေးလှသောအိမ်ထဲသို့ လှမ်းဝင် လိုက်လေသည်။

သူသည် အမွေးပွဝတ်ရုံကို ချွတ်လိုက်ပြီး တံခါးနောက် ကုလားထိုင်ပေါ်သို့ ပစ်တင်လိုက်လေသည်။

ထို့နောက် လေကို တစ်ဝကြီး ရှူရှိုက်လိုက်သည်။

လေထုထဲ၌ ဆေးလိပ်နံ့၊ အရက်နံ့နှင့် မိန်းမ၏ ပေါင်ဒါနံ့များ လွင့်ပြန့်နေ၏။

ယင်းကဲ့သို့ အနံ့အသက်မျိုးသည် အသက်ဝဝ ရှူရှိုက်ရန် မသင့်ပါ။

လုရှောင်ဖုန်းသည် ယင်းကဲ့သို့ အနံ့အသက်မျိုးကို ရင်းနှီးနေပြီဖြစ်သည်။

ကြယ်တံခွန်စောရ၏ ဝေဖန်ချက်မှာ အလွန်မှန်ကန်သည်။ လုရှောင်ဖုန်းကဲ့သို့ လူစားမျိုးသည် ဤနေရာမျိုးနှင့် အံဝင်ခွင်ကျ ဖြစ်လေသည်။

သူသည် အသုံးအဖြုန်းကြီးသည်။

ဇိမ်ခံတတ်သည်။

စွန့်စားမှုကို အားသန်သည်။

ဤအချက်များသည် သူ၏အားနည်းချက်ဖြစ်၏။

လုရှောင်ဖုန်းကိုယ်တိုင် ဝန်ခံသည်။

လူတိုင်း လူတိုင်းမှာ အားနည်းချက် ရှိနေသည် မဟုတ်ပါလော။

ဤသောင်းကစားအိမ်သည် မုတ်ဆိတ်ပြာ၏ သောင်းကစားအိမ်ကို မီမည်မဟုတ်ပါ။

ယခုရောက် သောင်းကစားသူများမှာလည်း ထိုမျှလောက် များပါ။



သို့သော် စာအရေးအ ဝယ်ပယ်ဝယ်ပြားသော်လည်း သူ့အသံက လီစာပြည့်စုံသည်သကဲ့သို့ ဤသောင်းကစားအိမ်သည် သောင်းကစားအမျိုးမှာ အစည်များလှပေသည်။

လုရှောင်ဖုန်းသည် ချိုချိုအ သူ့၏ လက်ကို လာချိတ်ရန်အထိ မစောင့်တော့ပါ။

ခြေလှမ်း ကျဲကျဲဖြင့် လျှောက်သွားလေသည်။

လူတိုင်းလူတိုင်း သူ့၏ဟန်ပန် သူ့၏ ဝတ်စားဆင်ယင်မှုကို ဂရုစိုက်လိမ့်မည်ဟု ယုံကြည်သည်။

သူဌေးသူကြွယ် တစ်ယောက်ဟု ထင်မှတ်ကြမည် ဟုလည်း သူက နားလည်ထားသည်။

သူဌေး သူကြွယ်များ၏ မျက်လုံးမှာ ခေါင်းပေါ်မှာ ပေါက်နေသည်ဟု အများက ဆိုသည်။

လုရှောင်ဖုန်း၏ မျက်လုံး အစုံမှာလည်း အပေါ်သို့ မော့ကြည့်ထားသည်။

သို့သော် လူတစ်ယောက်က ပြုံး၍ သူ့ထံသို့ လျှောက်လာသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် မည်သူ့ကိုမှ ဂရုစိုက်၍ ကြည့်နေခြင်း မဟုတ်ပါ။

သို့သော် ထိုလူမှာ အများနှင့်မတူဘဲ ထူးခြားနေသဖြင့် သတိပြုမိခြင်း ဖြစ်လေသည်။

ထိုလူ၏ ကိုယ်ပေါ်တွင် အနီရောင်ပိုးဖဲဖြင့် ချုပ်လုပ်ထားသော ဝတ်ရုံဝတ်ဆင်ထားသည်။

ဝတ်ရုံပေါ်၌ ပန်းပုံအမျိုးမျိုး ထိုးထားလေသည်။

ထိုပန်းများသည် အချို့က အပွင့်က ဝါသည်။

အချို့က ပြာသည်။

အချို့က အစိမ်းရောင် ဖြစ်သည်။

ရယ်မောဖွယ်ရာ အကောင်းဆုံးမှာ သူ၏ ခေါင်းပေါ်၌ အစိမ်းရောင်း ဦးထုပ်တစ်လုံး ဆောင်းထားသည်။

ဦးထုပ်ပေါ်၌ အနီရောင်ပိုးချည်ဖြင့် စာတမ်းများရေးသား ထားလေသည်။

'လောကမှာ ပထမရသော ထူးချွန်လူငယ်'

လုရှောင်ဖုန်းက ရယ်မောလိုက်လေသည်။

ထိုလူမှာ လီရှား၏ မောင်ဇင်တုံးဖြစ်သည်ကို သူက သိလိုက် ရလေသည်။

သူ ရယ်မောနေသည်ကို တွေ့မြင်လိုက်သဖြင့်....

လီဇင်တုံးကလည်း ရယ်မောလိုက်သည်။

သူသည် လုရှောင်ဖုန်းထံသို့ လျှောက်လာပြီး အမျိုးသမီး တစ်ယောက်၏ အရိုအသေပြုသည့်အတိုင်း နှုတ်ဆက်လိုက်လေ သည်။

'ခင်ဗျား နေကောင်းရဲ့လား'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'နေကောင်းပါတယ်'



လီဇင်တုံးက....

'ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ'

လုရှောင်ဖုန်းက....

'ကုတုံစန်း'

လီဇင်တုံက သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့် လိုက်၏။

'ခင်ဗျားက တစိမ်းလား'

လုရှောင်ဖုန်းက....

'ဟုတ်တယ်'

လီဇင်တုံက....

'ခင်ဗျားက ဘာစားချင်သလဲ၊ ကြိုက်သလို ကစားနိုင်ပါ တယ်'

လုရှောင်ဖုန်းက အဖြေမပေးမီ...

နောက်မှ လူတစ်ယောက်က လှမ်းပြောလိုက်သည်။

'ကုတုံစန်းက လောင်းဖို့လာတာမဟုတ်ဘူး၊ လူတစ်ယောက် ကို တွေ့ချင်လို့'

စကားပြောသံမှာ နားဝင်ချိုလှသည်။

အမျိုးသမီးတစ်ယောက်၏ အသံဖြစ်သည်။

သို့သော် ချိုချိုမဟုတ်ပါ။

အလွန်လှပသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။ သူက မျက်ရိပ်ပြလိုက်လေသည်။

ဤအမျိုးသမီးသည်ပင် ချန်းကျောင်းကျောင်းဖြစ်နေမည်လော။

လူရှောင်ဖုန်းက ဣန္ဒြေမပျက် စကားဆက်လိုက်သည်။

'ကျုပ်က ဘယ်သူ့ကို တွေ့ချင်တယ်ဆိုတာ ခင်ဗျားသိရော ပေါ့'

ချန်းကျောင်းကျောင်းက ခေါင်းညိတ်လိုက်သည်။

'ကျွန်မနောက်ကို လိုက်ခဲ့'

လောင်းကစားအိမ်၏ အနောက်ဘက်တွင် အိမ်ခန်းငယ် တစ်လုံး ရှိသေး၏။

ထိုအခန်းငယ်သည် အလွန်သပ်ရပ်လှပစွာ မွမ်းမံထားသည်။ သို့သော် လူတစ်ယောက်မျှ မရှိပါ။

လူရှောင်ဖုန်းသည် မြေခွေးသားရေအုပ်ထားသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

'လီရှားကော ရောက်မလာသေးဘူးလား'

ချန်းကျောင်းကျောင်းက....

'သူမရှိပါဘူး'

လူရှောင်ဖုန်း၏ မျက်နှာထား သင်းမာလာသည်။

'ကျုပ်က မိုင်ပေါင်းများစွာကလာရတာ၊ သူမှမရှိတဲ့ ခက် နေပါလား'



ချန်းကျောင်းကျောင်းက ပြုံးလိုက်လေသည်။

'ကုတုံစန်း ရောက်လာလိမ့်မယ်ဆိုတာ သိလို့ ထွက်သွား တာပါ'

လူရှောင်ဖုန်းက ဒေါသထွက်လာသည်။

'ဒါက ဘာသဘောလဲ'

ချန်းကျောင်းကျောင်းက....

'လောလောဆယ် ကုတုံစန်းနဲ့ တွေ့မရသေးလို့ပါ'

လူရှောင်ဖုန်းက....

'ဘာဖြစ်လို့လဲ'

ချန်းကျောင်းကျောင်းက....

'သူက ကိစ္စတစ်ခု လုပ်စရာကျန်သေးတယ်၊ လုပ်ပြီးတာနဲ့ အခုလိုထွက်သွားတာကို တောင်းပန်ပါလိမ့်မယ်၊ ကျောက်စိမ်း ဆွဲပြားလဲ တစ်ခါတည်း ပါလာလိမ့်မယ်'

လူရှောင်ဖုန်းက....

'သူက ဘာကိုမှာခဲ့သေးသလဲ'

ချန်းကျောင်းကျောင်းက....

'သူမှာခဲ့တာက တန်ဖိုးငွေကို အတိအကျ ကျွန်မကိုပေးလိုက် ပါ၊ ကျွန်မက ငွေသွားပို့ပြီးတာနဲ့ ချက်ချင်းပြန်လာမယ်လို့ ပြောပါတယ်'

လုရွှောင်ဖုန်းက ကုလားထိုင်လက်တန်းကို ပုတ်လိုက်လေသည်။

'မင်းဟာက ဘယ်လိုပစ္စည်းလဲ၊ မကြည့်ရသေးဘဲ ငွေအရင်ချေရမှာလား'

ချန်းကျောင်းကျောင်းက....

'ဒီအကြောင်းနဲ့ပတ်သက်ပြီး သူက ပြောခဲ့ပါသေးတယ်'

လုရွှောင်ဖုန်းက....

'သူက ဘာပြောလိုက်သေးလို့လဲ'

ချန်းကျောင်းကျောင်းက....

'သူပြောတာကို ရှင်က မလိုက်လျောနိုင်ဘူးဆိုရင် အရောင်းအဝယ်ကို ပယ်ဖျက်လိုက်ပါတယ်လို့ ပြောခိုင်းလိုက်ပါတယ်'

လုရွှောင်ဖုန်းက ဆတ်ခနဲ ထရပ်လိုက်သည်။

ထို့နောက် တဖြည်းဖြည်း ပြန်လည်ထိုင်ချလိုက်သည်။

ချန်းကျောင်းကျောင်းက ပြုံးပြလိုက်သည်။

'ကျွန်မအကြံပြုချင်တာကတော့ သူပြောတာကို လက်ခံစေချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် သူက ကျောက်စိမ်းဆွဲပြားကို အလွန်လျှို့ဝှက်တဲ့ နေရာတစ်ခုမှာ ဝှက်ထားလိုက်ပါပြီ၊ သူက လွဲလို့ ဘယ်သူကမှ မသိပါဘူး'

သူမက စကားဆက်လိုက်သည်။



'ဒီနေရာကို သူကမပြောရင် ဘယ်သူကမှ ရှာလို့ရမှာမဟုတ်ပါဘူး'

လုရွှောင်ဖုန်းက....

'ကျုပ်က သူ့ဆီ အဘင်းအကျပ်တောင်းမှာကို စိုးရိမ်လို့ အခုလိုစီစဉ်တာ မဟုတ်လား'

ချန်းကျောင်းကျောင်းက မငြင်းပါ။

လုရွှောင်ဖုန်းက မဲ့ပြုံး ပြုံးလိုက်သည်။

'သူ့ကို ငါရှာလို့ မတွေ့နိုင်ဘူးလို့ ထင်လို့လား'

ချန်းကျောင်းကျောင်းက....

'ရှင် သူ့ကို ရှာလို့ တွေ့နိုင်မှာ မဟုတ်ပါဘူး၊ သူက အတွေ့မခံဘူးဆိုရင် ဘယ်သူကမှ သူ့ကိုတွေ့နိုင်မှာ မဟုတ်ပါဘူး'

သူမသည် အေးဆေးစွာပြုံးနေ၏။

သူမ၏မျက်ဝန်းအစုံတွင် ယုံကြည်မှုအပြည့်ရှိသည်။ စိတ်ခေတ် အလွန်ခိုင်မြဲသော အမျိုးသမီးတစ်ယောက်ဖြစ်ပုံရသည်။

လီရှားပုန်းနေသောနေရာကို မည်သူကမှ ရှာ၍ တွေ့မည်မဟုတ်ဟု သူမယုံကြည်နေ၏။

လုရွှောင်ဖုန်းက သူမအား စိုက်ကြည့်လိုက်သည်။ သူ၏အသံက အေးစက်နေ၏။

'ကျုပ်က ရှာလို့မရဘူးလား၊ မင်းကို ရှာခိုင်းဖို့ဆော့ ဝါ ထတ်နိုင်လိမ့်မယ်လို့ ထင်တယ်'

ချန်းကျောင်းကျောင်းက ပြုံးလိုက်သည်။

'ရှင်က တတ်နိုင်မှန်း ကျွန်မ သိပြီးသားပါ၊ ခက်တာက ကျွန်မလဲ သူ ဘယ်မှာပုန်းနေတယ်ဆိုတာမသိဘူး၊ ကျောက်စိမ်းဆွဲပြား ဘယ်မှာ ဝှက်ထားသလဲဆိုတာလဲ မသိပါဘူးရှင်၊ နို့မဟုတ်ရင် သူက ကျွန်မကို ဒီနေရာမှာ ထားခဲ့ပါ့မလား'

သူမ၏ ဟန်မူရာမှာ တည်ငြိမ်သည်။

သူမ၏ အသံမှာလည်း အေးအေးဆေးဆေး နိုင်လှပေသည်၊ သူမ၏စကားသည် ဟုတ်မှန်ကြောင်း ဖော်ပြနေ၏။

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီလို ဆိုရင် ကျုပ်က ကျောက်စိမ်းဆွဲပြားကိုလိုချင်ရင် သူပြောတဲ့အတိုင်း လိုက်လျောရမှ ဖြစ်မယ်ထင်တယ်'

ချန်းကျောင်းကျောင်းကလည်း သက်ပြင်းတစ်ချက် ချလိုက်သည်၊

'အစ်ကြီးလိရှားကတော့ ပော်တော် စေ့စပ်သေချာတဲ့ မိန်းမတစ်ယောက်ပါ ကျွန်မတို့တောင်....'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်သည်။

သူမတို့လည်း လိရှားကိုကြောက်ရွံ့နေရသည်မှာ မပြောဘဲ သိသာနေသည်။

လုရှောင်ဖုန်းက....

'ငါ ငွေပေးလိုက်ပြီး သူကပစ္စည်းမပေးရင်ဆော'



ချန်းကျောင်းကျောင်းက....

'ဒါကို ကျွန်မလဲ အာမ မခံနိုင်ဘူး၊ ဒါကြောင့် ရှင်ပဲလက်ခံထားမယ်ဆို စဉ်းစားစေချင်တယ်၊ ရှင်တို့အတွက်တော့ နေထိုင်ဖို့အားလုံးအသင့်ပြင်ထားပြီးပါပြီ'

လုရှောင်ဖုန်းက ဆတ်ခနဲထရပ်လိုက်သည်။

'မလိုပါဘူး၊ ကျုပ်တစ်ယောက်ကျုပ် စီစဉ်ပါ့မယ်'

ချန်းကျောင်းကျောင်းက....

'ရှင်အခုမှ ဒီကိုရောက်လာတာ အသိအကျွမ်းမရှိတဲ့နေဖို့ ထိမ်ခန်းရနိုင်ပါ့မလား'

လုရှောင်ဖုန်းက...

'ငါ့မှာ အသိအကျွမ်းမရှိပေမယ့် ငွေရှိတယ်'

သူက ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် အိမ်ထဲမှ ထွက်ခွာသွားလေသည်။

—၀—

ချိုချိုက စောင့်နေ၏။

သူတို့နှစ်ယောက်သည် ဝေထပါးလောင်းစားအိမ်မှ ထွက်သွားမိသည်နှင့် ချိုချိုက တခစ်ခစ်ရယ်မောလိုက်လေသည်။

'တော်လိုက်တာရှင်'

လုရှောင်ဖုန်းက....

'ဘာကို တော်တာလဲ'

ချိုချိုက....

'သရုပ်ဆောင် တော်တယ်၊ ရှုံ့ကြည့်ရတာ တကယ့် ချမ်းသာတဲ့ လူတစ်ယောက်ရဲ့ ပုံစံပါပဲ'

လုရှောင်ဖုန်းက မချိပြုံး ပြုံးလိုက်သည်။

'ကုတု စန်းဟာ အမြော်အမြင်ရှိတယ်၊ စေ့စပ်သေချာတယ်ဆိုတာ ကျုပ် သိတယ်၊ ဒါပေမယ့် ငါက သူ့ရဲ့ဟန်ပန်ကိုဘယ်လိုမှ မမီလို့ အခုလို အတတ်နိုင်ဆုံး သရုပ်ဆောင် ရတာပဲ'

ချိုချိုက ရယ်မောလိုက်သည်။

'မဆိုးပါဘူး၊ တကယ်လို့ ကျွန်မက ကုတု စန်းကို မသိခဲ့ရင် ယုံကြည်မှာ သေချာတယ်'

လုရှောင်ဖုန်းက....

'ချန်းကျောင်းကျောင်းတောင် ဒီလောက် မလွယ်ရင် လီရှားက ပိုပြီး မလွယ်ဘူး ထင်တယ်၊ ဒါကြောင့် ငါက သူတို့ကို လိမ်လို့ ရနိုင်ပါ့မလား'



ချိုချိုက....

'လိမ်နိုင်တာ မလိမ်နိုင်တာက အရေးမကြီးဘူး၊ သူတို့အငွေကိုပဲ အဓိကထားတယ်၊ လူကို အဓိက ထားတာမှ မဟုတ်ဘဲ'

လုရှောင်ဖုန်းက ပြုံး၍ ပါးစပ် ပိတ်ထားလိုက်သည်။

သူသည် ဆက်လက်တွေးတောနေ၏။

ချန်းကျောင်းကျောင်းကို သူ တွေ့ခဲ့ပြီး ဖြစ်သည်။

သို့သော် သူသည် မိမိမှာ ကုတု စန်း မဟုတ်ကြောင်း ပြော၍ မရတော့ပါ။

တိန်ရှမ်းရိ၏ မိတ်ဆွေ ဖြန်သည်ကိုလည်း ပြော၍ မဖြစ်တော့ပါ။ လောက်စန်ယန်၊ သူ အားကိုးနိုင်သောလူမှာ လောက်စန်ယန် တစ်ယောက်သာ ကျန်တော့သည်။

လောက်စန်းယန်ကို မည်သည့်နေရာ လိုက်ရှာရပါမည်နည်း။ သူသည် ယင်းသို့ စဉ်းစားနေသောအခါ....

လူတစ်ယောက်သည် စားသောက်ဆိုင် တစ်ခုမှ မောင်းထုတ်ခြင်း ခံလိုက်ရလေသည်။

'ဝုန်း'

မြေပေါ်သို့ လဲကျပြီး ချောခနဲ ထွက်သွားသည်။

တိုက်တိုက်ဆိုင်ဆိုင် လုရှောင်ဖုန်း၏ ခြေထောက် ရှေ့သို့ ရောက်ရှိလာလေသည်။

ထိုလူသည် ဆိတ်မွေးအကျီကို ပြောင်းပြန်ဝတ်ထားသည်။ ဦးခေါင်းပေါ်တွင် ဆိတ်မွေးဦးထုပ် ဆောင်းထားသည်။

ထို့ပြင် ဦးထုပ်ပေါ်၌ ဆိတ်ချိုနှစ်ခု တင်ဆင်ထားသည်။

သူ၏ မျက်နှာမှာ အိုမင်းသည်။

ပိန်လှီးသည်။

ဝါကျင့်ကျင့် အရောင် ဖြစ်သည်။

သူ၏ မေးစေ့အောက်တွင် 'မုတ်ဆိတ်ဖြူများ ကျိုးတိုးကျဲတဲ ပေါက်နေ၏။

ရုတ်တရက် ကြည့်လိုက်လျှင် တောင်ဆိတ် တစ်ကောင်နှင့် တူနေ၏။

ကောက်စန်းဆန်....

လောက်စန်းယှဉ်ဟူသော အဓိပ္ပာယ်မှာ တောင်ဆိတ်အို ဖြစ်သည်။

သို့သော် လုရှောင်ဖုန်းက သူ့အား ကြည့်ပင်မကြည့်ပါ။

တောင်ဆိတ်အိုက မဲ့ဟိုက်စွာ အတန်ကြာ အနားယူပြီးမှ လှုးလိမ့်ထလိုက်လေသည်။

'တော်တော် မိုက်ရိုင်းတဲ့ ကောင်းတွေ၊ ငါ့က အရက် ဝယ် မသောက်နိုင်တာပဲ ငါ့ကို အစုလို ဆန်ထုတ်ဖို့ မသင့်ပါဘူး'

သူသည် ခြေထောက် ထော့နဲ့ထော့နဲ့ဖြင့် လျှောက်သွား လေသည်။

သူ့အား အတန်ဝေးဝေး ရောက်တော့မှ လုရှောင်ဖုန်းသည် ဆင်းလောက်အော့အား နောက်မှ လိုက်သွားရန်အမိန့်ပေးလိုက် သည်။



ဆင်းလောက်အော့ ဆိုသူမှာ လက်နက်ပုန်း ကျွမ်းကျင်သူ မျောက်နှင့်တူသော လူဖြစ်သည်။

သူသည် လက်နက်ပုန်း ပါရဂူ ဆင်းစုလျှံ၏ တပည့်ရင်း ဖြစ်လေသည်။

ဒေးရှည့်ကို ခေါင်ထားသော လူမှာ ပေကောက်စန်း ဖြစ် သည်။

ဝါစန်းဂိုဏ်းမှ ဆံပင်ဖြူအဘိုးအိုနှင့် ဒသောက်ဖက်ဖြစ်သည်။

သူသည် အမှာ တစ်ခုပြုမိခဲ့သဖြင့် ကုတုံစန်း၏လက်အောက် တွင် ခုနစ်နှစ်ခန့် အလုပ်လုပ် ပေးရသည်။

ထင်းအုခကြောင်းကို သူတို့က ပြောပြလိုက်ခြင်း ဖြစ်သည်။

အမှန်တကယ် ဟုတ်မဟုတ် ဆိုသည်ကို လုရှောင်ဖုန်းလည်း မသိပါ။

....ဝ....
လွင်စာပေ
အမှတ် ၁၅/၁၃၀၊ မိုးမော်
တောင်ငူမြို့
ဖုန်း ၂၁၃၅၅

‘ထာဝရ စားသောက်ဆိုင်’

အမှန်မှာ ဆိုင်မဟုတ်ပါ။

သို့သော် ဤနေရာတွင် အကြီးကျယ်ဆုံး အခန်းနားဆုံးသော စားသောက်ဆိုင် ဖြစ်လေသည်။

ယခု ဤထာဝရ စားသောက်ဆိုင်သည် လူရွှင်ဖုန်းအား ပိုင်ဆိုင်ခဲ့ပြီး ဖြစ်သည်။

လူရွှင်ဖုန်းအား စကားအနည်းငယ်ပြောပြီး၍လက်ပြောင်းယူလိုက်ခြင်း ဖြစ်လေသည်။

‘မင်းတို့ တစ်နေ့ ဝင်ငွေ ဘယ်လောက်ရသလဲ’

‘ရောင်းကောင်းတဲ့နေ့မှာဆိုရင် အနည်းဆုံး ငွေငါးကျပ်သာ ရတယ်’

‘ငါ မင်းကို ငွေတစ်ထောင် ပေးမယ်၊ ဒီနေရာကို ငါ့ပေး၊ ငါသွားတဲ့အခါ ဒီနေရာ မင်းကို ပြန်ပေးခဲ့မယ်’

ဆိုင်ရှင်အား လက်ခံလိုက်သည်။ လျင်လျင်မြန်မြန် လက်ခံလိုက်လေသည်။

ထို့နောက် စိုက်ထားသော ဆိုင်းဘုတ်ကို ဖြုတ်ထားလိုက်သည်။

အရောင်းအဝယ် ရပ်လိုက်လေသည်။ တစ်နာရီခန့်သာ ကြာသည်။

အိပ်ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင် စသည်များ အသင့်ရှိနေပြီး ဖြစ်သည်။



ငွေရှိသော လူသည် အလုပ်၌လုပ်ရာ၌ လွယ်လင့်တကူ ရှိလှသည် မဟုတ်ပါလော။

ပို၍ အဆင်သင့် ဖြစ်နေသည်မှာ ဤနေရာတွင် အရက်ရှိသည်။

ဟင်းလျာ ရှိသည့်အပြင် လက်ရာကောင်းသော စားဖိုမှူး တစ်ယောက်လည်း ရှိနေ၏။

မီးဖိုအနီးတွင် ထိုင်၍ အရက်ကို အေးအေးဆေးဆေး သောက်ရင်း လူရွှင်ဖုန်းသည် အပြင်ဘက်မှာ မည်မျှအေးချမ်းနေသည်ကိုပင် မေ့နေ၏။

သူသည် အရက်သုံးခွက် မော့ချလိုက်ပြီးသောအခါ ဆင်းလောက်အောင်အား ပြန်လည် ရောက်ရှိလာလေသည်။

သူသည် အအေးဒဏ်ကြောင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေ၏။

သူသည် အဝေး၌သာ ရပ်နေ၏။ မီးဖိုအနီးသို့ မချဉ်းကပ်ဝံ့သေးပါ။

ယခုအချိန်မျိုးတွင် မီးနှင့်ကပ်လိုက်လျှင် တစ်ကိုယ်လုံး အရည်ပျော်သွားနိုင်မည်ဟု သူက နားလည်ထားသည်။

လူရွှင်ဖုန်းသည် ဆင်းလောက်အောင် အအေးပြေသွားသည် အထိ စောင့်ပြီးမှ...

‘အခြေအနေ ဘယ်လိုလဲ’

ဆင်းလောက်အောင်က မကျေမနပ်ဖြစ်ပြီး....

'ဒီအဘိုးကြီးရဲ့ နာမည်ကို ရှိတောင်ဆိုတ်လို့ ခေါ်ဖို့မသင့်ဘူး၊ မြေခွေးအိုလို့ပဲ ခေါ်သင့်တယ်'

လုရှောင်ဖုန်းက—

'ခင်ဗျား ခံခဲ့ရတယ် ဟုတ်လား'

ဆင်းလောက်အောင်က—

'ကျုပ် သူ့နောက် လိုက်နေတာကို သူက အစောကြီးကတည်းက သိနေပြီး အဲဒါကို ရေခဲပြင် တစ်ခုလုံး လှည့်ပတ်သွားလာပြီးမှ ကျုပ်ကို ရပ်ပြီး မေးလိုက်တယ်'

လုရှောင်ဖုန်းက....

'သူက ဘာစကားကို မေးတာလဲ'

ဆင်းလောက်အောင်က....

'ကျုပ်က သူ့နောက် ခြေရာခံလိုက်နေသလားလို့ မေးတယ်'

လုရှောင်ဖုန်းက....

'ခင်ဗျားက ဘာပြောလိုက်သလဲ'

ဆင်းလောက်အောင်က....

'ကျုပ် ငြင်းလို့မှ မကောင်းတော့တာဘဲ၊ အမှန်ပြောလိုက်ရတယ်'



လုရှောင်ဖုန်းက....

'သူက ဘာပြောလိုက်သလဲ'

ဆင်းလောက်အောင်က....

'ခင်ဗျားက ခြေရာလိုက်ခိုင်းလို့လားလို့ မေးတယ်'

လုရှောင်ဖုန်းက....

'ခင်ဗျားက အမှန်အတိုင်း ပြောလိုက်တယ် ဟုတ်လား'

ဆင်းလောက်အောင်က....

'ဒါပေါ့'

လုရှောင်ဖုန်းက....

'သူက ဘာပြောပြန်သလဲ'

ဆင်းလောက်အောင်က....

'သူက ခင်ဗျား ဘယ်သူလဲ၊ ဘာကိစ္စ သူ့နောက် ခြေရာခံလိုက်ခိုင်းသလဲ၊ ဒါတွေ အားလုံးက အရေးမကြီးဘူးလို့ ပြောတယ်၊ အရေးကြီးတာက ခင်ဗျားက သူ့ကိုတွေ့ချင်ရင် ကိုယ်တိုင် တွေ့သင့်တယ်လို့ ပြောတယ်'

လုရှောင်ဖုန်းက....

'အခု သူ ဘယ်မှာလဲ'

ဆင်းလောက်အောင်က....

'အပြင်မှာ ရောက်နေပါတယ်'

လုရွှေခင်ဖုန်းက သက်ပြင်းချလိုက်သည်။

'သူက တောခင်ဆိတ်အိုပဲဖြစ်ဖြစ်၊ မြေခွေးအိုပဲဖြစ်ဖြစ် တောင်တော်မလွယ်တဲ့ အဘိုးကြီးဆိုတာတော့ သေချာပြီ'

....၆....

လောက်စန်းယန် (၀၇) တောခင်ဆိတ်အိုက ရွှေ့မှ ရင်ကော့၍ လျှောက်သည်။

လုရွှေခင်ဖုန်းက နောက်မှလိုက်နေ၏။

လောက်စန်းယန်သည် အရှိုးမာသည့်အပြင် အရေပြားလည်း ထူသည်။

သူက အအေးဒဏ်ကို လုံးဝမမှု။

ထိုစည်ကားလှသော လမ်းမကြီးမှ ထွက်သွားသည်နှင့် အပြင်ဘက်၌ ရေခဲကမ္ဘာဖြစ်သည်။



ငွေရောင် ရေခဲသောမြစ်က ရှေ့သို့ တည့်မတ်စွာ ဆန့်ထွက်နေ၏။

ကမ်းခြေနှစ်ဘက်မှာ မှောင်မည်းပြီး မီးခိုးရောင် လွှမ်းမိုးထားရာ မည်သည့်အရာကိုမျှ မတွေ့ရပါ။

လင်းထိန်နေသော မြို့ကလေးမှ မှောင်အတိကျနေသောနေရာသို့ ချဉ်းနင်းဝင်ရောက်လာသောအခါ အခံရခက်မည်မှာသေချာသည်။

ပထမတွင် လုရွှေခင်ဖုန်းက ငြိမ်သက်စွာ လိုက်နေ၏။

သူက လိုက်ရင်းလိုက်ရင်း သည်းမခံနိုင်တော့ပါ။

'ခင်ဗျားက ကျုပ်ကို ဘယ်အထိ ခေါ်သွားမလို့လဲ'

လောက်စန်းယန်က....

'ကျုပ်အိမ်ကို ခေါ်သွားမလို့'

လုရွှေခင်ဖုန်းက....

'ဘာဖြစ်လို့ ခင်ဗျားအိမ်ကို ခေါ်ရတာလဲ'

လောက်စန်းယန်က....

'ခင်ဗျားက ကျုပ်ကိုတွေ့ချင်တာ၊ ကျုပ်က ခင်ဗျားကို တွေ့ချင်တာမှ မဟုတ်ဘဲ'

လုရွှေခင်ဖုန်းက လက်လျှော့လိုက်လေသည်။

'ခင်ဗျားအိမ်က ဘယ်မှာလဲ'

လောက်စန်းယန်က....

'ရေအိုးကြီးထဲမှာ'

လုရှောင်ဖုန်းက....
'ရေအိုးကြီးဆ ဘယ်မှာလဲ'
လောက်စန်းယန်က...
'ရေအိုးကြီးက ရေအိုးကြီးထဲမှာပေါ့'

— o ….

ရေအိုးကြီးသည် ရေအိုးကြီး အမှန်ဖြစ်သည်။

တကယ့်ရေအိုးကြီးတစ်လုံး ဖြစ်လေသည်။

လုရှောင်ဖုန်းသည် လောကပေါ်၌ အနှစ် သုံးဆယ်ခန့် အသက်ရှင်သန်လာခဲ့သည်။

သို့သော် ယခုကဲ့သို့ ရောမရေအိုးကြီးကိုမူ တစ်ကြိမ်တစ်ခါမျှ မတွေ့ရပေ။

အကယ်၍ သူသည် ဤနေရာသို့ ရောက်မလာပါက နောက်ထပ် အနှစ်သုံးရာခန့် အသက်ရှည်သည့်တိုင်အောင် ယင်းကဲ့သို့ ရောမရေအိုးကြီးကို တွေ့ဖူးမည်မဟုတ်ပေ။



ဤရေအိုးကြီးသည်! အနည်းဆုံး ပေနှစ်ဆယ်ခန့် မြင့်သည်။ ကြီးမားသော အိမ်လုံးကြီးတစ်လုံးနှင့် တူသည်။

အဝိုင်းပုံသဏ္ဍာန်ရှိကော ရွှက်ဖျင်တဲနှင့်လည်း တူနေ၏။

သို့သော် ရေအိုးကြီးတစ်လုံးပင် ဖြစ်နေ၏။

သူသည် ပြတင်းပေါက်မရှိ၊ တံခါးမရှိပါ။

ရေအိုးထိပ်တွင် အပေါက်ရှိသည်။

ထိုအပေါက်မှ ကြိုးတစ်ချောင်း တန်းလန်းချထားလေသည်။

လောက်စန်းယန်သည် ကြိုးကိုဆွဲ၍ အပေါ်သို့တက်သွားပြီး ဖြစ်သည်။

သူသည် လုရှောင်ဖုန်းအား အောက်သို့ငုံ့၍ လက်ယပ်ခေါ်လိုက်လေသည်။

လုရှောင်ဖုန်းက....
'ကျုပ်က ဘာသောက်လုပ်ရမှာလဲ၊ ရေသောက်ချင်တာတောင် ဒီလောက်ကြီးတဲ့ရေအိုးပေါ် တက်သောက်ဖို့မလိုဘူး'

သူက ယင်းကဲ့သို့ ညည်းညူသော်လည်း ကြိုးကိုဆွဲ၍ တက်သွားလေသည်။

ရေအိုးထဲ၌ ရေတစ်စက်မျှ မရှိပါ။

အရက်ထည့်ထားသော ရေအိတ်တစ်လုံးရှိသည်။

တစ်ငုံသောက်လိုက်ရုံနှင့်တစ်နေကုန်မူးနိုင်သော ရွှေတောင်ကျ အရက်ဖြစ်သည်။

လောက်စန်ယန်က တစ်ငုံသောက်လိုက်သောအခါ မှုးမသွားသည့်အပြင် မျက်လုံးများပင် ဝင်းလက်တောက်ပလာလေသည်။

ရေအိုးထဲ၌ တိရစ္ဆာန်သားရေအမျိုးမျိုး စုပုံနေ၏။

လောက်စန်းယန်က ထိုင်ချလိုက်ပြီး အရက်အိတ်ကြီးကို ပိုက်၍....

'ဒါလောက်ကြီးတဲ့ ရေအိုးကြီး ခင်ဗျား တွေ့ဖူးလား'

လူရှောင်ဖုန်းက....

'မတွေ့ဖူးဘူး'

လောက်စန်းယန်က....

'ကျုပ်ကိုကော တွေ့ဖူးသလား'

လုရှောင်ဖုန်းက....

'ခင်ဗျားကိုလဲ မမြင်ဖူးဘူး'

လောက်စန်းယန်က....

'ဒါပေမယ့် ကျုပ်က ခင်ဗျားကို မြင်ဖူးသလိုပဲ'

လုရှောင်ဖုန်းက....

'ဟုတ်လား'

လောက်စန်းယန်က....

'ခင်ဗျားက သူဌေးကြီး ကုတုံစန်း မဟုတ်လား'

လုရှောင်ဖုန်းက....

'အင်....'



လောက်စန်းယန်က ရုတ်တရက် ရယ်မောလိုက်သည်။

'မဟုတ်ဘူး'

လုရှောင်ဖုန်းက....

'ဘာ မဟုတ်တာလဲ'

လောက်စန်းယန်က....

'ခင်ဗျားက ကုတုံစန်း မဟုတ်လား'

လုရှောင်ဖုန်းက....

'ကျုပ်က ကုတုံစန်း မဟုတ်ဘူး'

လောက်စန်းယန်က ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

လုရှောင်ဖုန်းက....

'ဒါဖြင့် ကျုပ်က ဘယ်သူလဲ'

လောက်စန်းယန်က....

'ခင်ဗျားက ဦးဖြူပဲဖြစ်ဖြစ်၊ ဦးမဲပဲဖြစ်ဖြစ် ကျုပ် သိထားတာကတော့ ခင်ဗျားက ကုတုံစန်း မဟုတ်ဘူး၊ ဒီလူကို ငါ တစ်ခါ တွေ့ခဲ့ဖူးတယ်'

လုရှောင်ဖုန်းက ရယ်မောလိုက်လေသည်။

အမှန်တော့ သူက ယခုကဲ့သို့ ရေယ်ချင်လိုပါ။ သို့သော် ထိုအဘိုးအိုမှာ စိတ်ဝင်စားမှုရှိသည်ဟု သူက ယူဆလိုက်မိ၍ ရယ်ကာရခြင်း ဖြစ်လေသည်။

လောက်စန်းယန်ကလည်း သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်နေ၏။

သူသည် လုရှောင်ဖုန်းမှာ စိတ်ဝင်စားဖွယ် ကောင်းသည်ဟု ယူဆမိနေ၏။

လုရှောင်ဖုန်းနှင့် တွေ့ဆုံခဲ့ဖူးသောလူများသည် လုရှောင်ဖုန်းမှာ စိတ်ဝင်စားဖွယ်ကောင်းသော လူတစ်ယောက်ဖြစ်သည်ဟု ယူဆတတ်ကြလေသည်။

လုရှောင်ဖုန်းက....

'ကျုပ်က....'

လောက်စန်းယန်က သူ၏စကားကို ကြားဖြတ်လိုက်သည်။

'လီရှားဟာ ထူးထူးဆန်းဆန်း စိတ်ကူးတတ်တဲ့လူတစ်ယောက်ပါ၊ တိမ်းလောက်ဟာ ပိုတောင်ဆိုးသေးတယ်၊ သူတို့က အိမ်တွေမြေတွေ ရောင်းပြီး မိုးရေခံဖို့ ဒီလို ရေအိုးကြီးနှစ်လုံးကို နှစ်နှစ်ကျော်ကျော် အချိန်ကုန်ခံပြီး တည်ဆောက်ခဲ့ပါတယ်၊ သူတို့က မိုးရာသီမှာ မိုးရေခံဖို့ မဟုတ်လား'

လုရှောင်ဖုန်းက...

'တိမ်းလောက်ဆိုတာ လီရှားရဲ့ အရင်ယောကျ်ား ဟုတ်လား'

လောက်စန်းယန်က သူပြောလာသည်ကို ပြောနေ၏။

'လီရှားက ပျောက်ဆုံးနေပေမယ့် ဒီနေရာမှာ ရှိကိုရှိရမယ်၊ သူဟာ မြို့ကလေးထဲမှာ ရှိမယ်ဆိုတာ ကျုပ် အာမခံရဲတယ်၊ ဒါပေမယ့် ဘယ်မှာရှိတယ်ဆိုတာတော့ ကျုပ်လဲ မသိဘူး'



လုရှောင်ဖုန်းက....

'ကျုပ်က ဒါတွေကို စုံစမ်းချင်တယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ'

လောက်စန်းယန်က....

'နို့....မဟုတ်လို့လား'

လုရှောင်ဖုန်းက....

'ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိပြီလား'

လောက်စန်းယန်က....

'ကျုပ်သိဖို့မလိုဘူး သိလဲမသိဘူး၊ ကျုပ်နဲ့လဲ နည်းနည်းလေးမှ မပတ်သက်ဘူး'

သူသည် မျက်လုံးကို မှိတ်ထားလိုက်ပြန်သည်။

သူ၏မျက်လုံးအစုံတွင် ညှို့ငင်သော မြူးယောင်သန်းနေ၏။

'ခင်ဗျားကိုကြည့်ရတာသိပ်မဆိုးလို့ ကျုပ်အငိုကိုခေါ်ခဲ့တာ အခုကျုပ်သိတာတွေကို အကုန်ပြောပြပြီးပြီ၊ တကယ်လို့ တခြားကိစ္စကိုသိချင်သေးရင် အကောင်းဆုံးကတော့ တခြားလူကို သွားမေးပါ'

လုရှောင်ဖုန်းက...

'ဒီလို ရေအိုးကြီးမျိုးနှစ်လုံးရှိတယ်လို့ ခင်ဗျားပြောခဲ့တယ် မဟုတ်လား'

လောက်စန်းယန်က....

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'နောက်တစ်လုံးကော'

လောက်စန်းယန်က....

'ကျုပ်မသိဘူး'

လုရှောင်ဖုန်းက....

'တခြားကိစ္စ ဘာကိုမှမသိဘူး ဟုတ်လား'

လောက်စန်းယန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျုပ်အခုဆိုပြီ၊ တယ်လောက်ထိအောင် အိုသလဲဆိုရင် ကျုပ်ရဲ့အမည်နာမတောင် မေ့ကုန်ပါပြီ'

သူက စကားဆက်လိုက်သည်။

'မြို့ပေါ်မှာ လူငယ်တွေက အများကြီးရှိပါတယ်၊ ငယ်ရွယ်တဲ့မိန်းကလေးလဲအများကြီးရှိပါတယ်၊ ဘာကိစ္စ သိချင်သိချင် သူတို့ကို သွားမေးသင့်ပါတယ်'

သူသည် ပါးစပ်ပိတ်ထားပြီး အရက်တစ်ငုံသောက်လိုက်လေသည်။

ထို့နောက် အေးအေး ဆေးဆေး လဲလျောင်းလိုက်သည်။

သူသည် လုရှောင်ဖုန်းအား တစ်ချက်မကြည့်တော့ပါ။ စကားလည်း တစ်ခွန်းမှထပ်မပြောတော့ပါ။



လုရှောင်ဖုန်းက ရယ်မောလိုက်လေသည်။

'ကျုပ်ဟာ ကုတ္တစန်းမဟုတ်မှန်း ခင်ဗျားသိတယ်၊ လီရှားဟာ ဘယ်ကိုမှမသွားဘူးဆိုတာလဲခင်ဗျားသိတယ်၊ အဲဒါတောင် ဘာမှမသိဘူး ခင်ဗျားကပြောတယ်၊ ဒါကြောင့် ခင်ဗျားက မြေခွေးနဲ့တူတယ်လို့ ဆင်းလောက်အော [ပြော]တာပေါ့'

လောက်စန်းယန်ကလည်း ရယ်မောလိုက်သည်။

သူက မျက်လုံးတစ်ဘက် မှိတ်ပြလိုက်သည်။

'ခင်ဗျားက ကျုပ်လိုမြေခွေးအိုနဲ့ တွေ့ရတာ ဘာမှအန္တရာယ်မရှိဘူး၊ မြေခွေးမကိုတွေ့မှ ဒုက္ခရောက်လိမ့်မယ်'

—o....

ထန်ခိုကျောင်းဖွင့်ထားသော အရက်ဆိုင်လေး၏ အမည်မှာ....

'မမူးရင် မပြန်စတမ်း အရက်ဆိုင်'

ဟု ဖြစ်လေသည်။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းခဲ့သည်မှာ အတန်ကြာပြီး ဖြစ်သည်။

သို့သော် ညဥ့်မနက်သေးပါ။

လုရှောင်ဖုန်း ပြန်ရောက်လာသောအခါ ဆမ်းဓပေါ်တွင် မီးရောင်ထိန်ထိန်လင်းနေသေး၏။

မေမူးရင် မပြန်စတမ်း အရက်ဆိုင်လည်း ပိတ်မသွားသေးပါ။ ဤအရက်ဆိုင်သည် မွမ်းမံထားသည်မှာ မဆိုးလှပါ။

ဆိုင်ရှင်မက ပို၍လှသည်။

သို့သော် အဘယ့်ကြောင့်မှန်းမသိ၊ ဆိုင်ထဲ၌ လာရောက်သောက်သုံးသူမှာ တစ်ယောက်ကိုမှ မတွေ့ရပါ။

ထို့ကြောင့် လုရှောင်ဖုန်းက လှမ်းဝင်လိုက်သောအခါ အလွန်လှပ၍ မဟုတ်သော်လည်း ပြုံးလိုက်သောအခါ ဆွဲဆောင်မှုရှိသော မိန်းမလေးကို ရှေးဦးစွာ တွေ့မြင်လိုက်ရလေသည်။

သူမသည် ဆိုင်းဘုတ်အောက်တွင်ရပ်၍ လုရှောင်ဖုန်းအား ပြုံးစေ့စေ့ဖြင့်ကြည့်နေ၏။

သူမ၏ ဟန်မူရာမှာ လုရှောင်ဖုန်းအား တမင်တကာစောင့်၍ ကြိုဆိုနေသည်နှင့် တူလှပေသည်။

သူမ၏ အပြုံးသည် ဆွဲဆောင်မှု ရှိရုံမက ဖိတ်ခေါ်သည့် အဓိပ္ပာယ်လည်း ရှိသည်။

လုရှောင်ဖုန်းသည် ယင်းကဲ့သို့ ဖိတ်ခေါ်ခြင်းကို မည်သည့် အခါမှ ငြင်းပယ်ခြင်း မရှိပါ။





သူသည် ပြုံးတတ်သော မိန်းမလေးမှာ စကားလည်း များများ ပြောတတ်သည်ဟု ယူဆသည်။

စကားပြောတတ်သော မိန်းမလေး တစ်ယောက်သည် အခြားသူ၏ အကြောင်းများကိုအညီးစပ်စုတတ်သည် မဟုတ်ပါလော....

ထို့ကြောင့် သူသည် ပြန်လှည့်ပြုံးပြလိုက်ပြီး သူမထံ ချဉ်းကပ်လိုက်သည်။

သူမသည် မည်ကဲ့သို့ စကား စရမှန်း မသိ ဖြစ်နေသည်။

ထန်ခိုကျင်းက စတင် မေးလိုက်လေသည်။

‘ရှင်က ထာဝရ စားသောက်ဆိုင်ကို ဝယ်လိုက်တယ်ဆို’

လုရှောင်ဖုန်းက တကယ်ပင် ရယ်ချင် လာလေသည်။

‘ဒီနေရာမှာ ထောင်း ဝယ်ပြန်ပါလား’

ထန်ခိုကျင်းက....

‘ဒီနေရာမျိုးမှာ ရှင်လိုလူစားရှိမှ ရှိတဲ’

သူမ၏ အပြုံးသည် ချိုလွင်လွန်း၍ မြေခွေးမလေးနှင့် တူလှပေသည်။

လုရှောင်ဖုန်းက ဆိုင်းဘုတ်ကို မော့ကြည့် လိုက်သည်။

‘မမူးရင် မပြန်စတမ်း ဆိုပါလား၊ ဒါဖြင့် ဒီမှာအရက်လာသောက်တဲ့ လူတွေဟာ မမူးလို့ မရဘူးပေါ့’

ထန်ခိုကျောင်းက ပြုံးလိုက်သည်။

'ဟုတ်တယ်၊ ဒီမှာ အရက်လာသောက်တဲ့ လူတွေ အရက်မူးအောင် မသောက်ရင်....ခွေးပဲဖြစ်ရမယ်'

လုရှောင်ဖုန်းက....

'တကယ်လို့ မူးနေရင်ကော'

ထန်ခိုကျောင်းက....

'မူးတဲ့လူဟာ လိပ်ပဲဖြစ်မယ်'

လုရှောင်ဖုန်းက အားရပါးရ ရယ်မောလိုက်သည်။

'မမူးတဲ့လူက ခွေး၊ မူးတဲ့လူက လိပ်ဆိုတာ ခင်ဗျားဆိုင်ကို ဘယ်သူက လာသောက်တော့မှာလဲ'

ထန်ခိုကျောင်းက ပြုံး၍ သူ့အားကြည့်လိုက်သည်။

'အခု ရှင်ပဲ လာနေပြီမဟုတ်လား'

လုရှောင်ဖုန်းက....

'ဟောဗျာ'

ထန်ခိုကျောင်းက....

'ရှင်က စားသောက်ဆိုင် တစ်ရုံးတောင် ဝယ်လိုက်ပြီမဲ့ ဒီကိုလာပြီး အရက်သောက်ပြီဆိုတော့ ခွေးဖြစ်ရမှာလဲမကြောက်ဘူး၊ လိပ်ဖြစ်ရမှာလဲ မကြောက်ဘူးတဲ့၊ အဲဒါဘာဖြစ်လို့လဲ'

သူမ၏အပြုံးသည် ပို၍ချိုလွင်လာသည်။



မြေခွေးမအလေးနှင့်လည်းပိုတူလာသည်။

လုရှောင်ဖုန်းက ရင်ခုန်လာလေသည်။

သူက သူမ၏လက်ကို ဆွဲလိုက်သည်။

'ကျုပ် ဘာကြောင့်လာတယ်ဆိုတာ မင်းပြောနိုင်လား'

ထန်ခိုကျောင်းက မျက်လုံးတစ်ချက် ဝင့်ကြည့်လိုက်သည်။

'ကျွန်မအတွက် ဟုတ်လို့လား'

လုရှောင်ဖုန်းက မငြင်းပါ။

သူသည် သူမ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင် ထားလိုက်သည်။

သူမ၏လက်မှာ အေးစိမ့်နေသည်ကို တွေ့ရလေသည်။

လုရှောင်ဖုန်းက....

'မင်းကသာ ငါနဲ့အရက်အတူတူ သောက်မယ်ဆိုရင် မူးတယ်ဖြစ်စေ၊ မမူးဘဲဖြစ်စေ မင်းသဘောအတိုင်းပါပဲ'

ထန်ခိုကျောင်းက ပြုံးလိုက်သည်။

'ဒါကြောင့် ရှင့်ကို ခွေးလုပ်ခိုင်းသည်ဖြစ်စေ၊ လိပ်လုပ်ခိုင်းသည် ဖြစ်စေ သဘောတူတယ်ပေါ့'

လုရှောင်ဖုန်းက သူမအား စိုက်ကြည့်နေ၏။

'ဒါတော့ မင်းရဲ့သဘောမှာ မူတည်နေပါတယ်'

ထန်ခိုကျောင်း၏မျက်နှာ နီရဲလာသည်။

'ရှင်က ကျွန်မလက်ကို အရင်လွှတ်ပါဦး၊ ဒါမှလဲ ကျွန်မအ အရက်သွားယူလို့ ရမှာ'

လုဒရှောင်ဖုန်းက ရင်ခုန်နေ၏။

သူသည် သူမ၏လက်ကို လွှတ်လိုက်သည်။

စိတ်ထဲ၌ စအောင်စိတ်ကူးယဉ်သာနေသည်။

—၀—

ညဉ့်နက်လာပေပြီ။

လူခြေသည်း တိတ်ဆိတ်သွားပြီဖြစ်သည်။

သူတို့နှစ်ယောက်သည် သူတစ်ခွက်ကိုယ်တစ်ခွက်ဖြင့် သောက်ကြရာ အနည်းငယ်မူး၀ေလာခဲ့လေသည်။

ထိုအချိန်မှာပင် ထန်ခိုကျောင်းက ရုတ်တရက် လက်မြှောက်လိုက်သည်။



လုရှောင်ဖုန်း၏ပါးပြင်ပေါ်သို့ ရိုက်ချလိုက်လေသည်။

သူမ၏အက်ဝါးသည် လုရှောင်ဖုန်း၏ပါးသို့ မရိုက်မိသေးမီ အသည်း အရှောင်ဖုန်းက ထိတ်လန့်သွားလေသည်။

'မင်း အဲဒါ ဘာလုပ်တာလဲ'

'ကျွန်မက ဘာလုပ်တာလဲ ဟုတ်လား'

ထန်ခိုကျောင်း၏မျက်နှာ ခက်ထန်နေ၏။

'ကျွန်မလဲ မေးမလို့၊ ရှင် အဲဒါ ဘာလုပ်တာလဲ'

သူမက နှုတ်ခမ်းမဲ့လိုက်သည်။

'ကျွန်မကို ဘယ်လိုအစားမျိုး မှတ်နေသလဲ၊ ရှင့်ကိုရှင် ငွေလေး တစ်ပြား နှစ်ပြားရှိတာနဲ့ မိန်းမကို ထင်သလိုစော်ကားလို့ ရမယ်ထင်သလား၊ ရှင့်ကိုပြောလိုက်မယ်၊ ကျွန်မတို့ဆီမှာ အရက်ပဲရောင်းတယ်၊ တစ်ခြား ဘာမှမရောင်းဘူး'

သူမက ပြောရင်းပြော–ရင်း ပို၍ ဒေါသ ထွက်လာလေသည်။

'သွား....အခုထွက်သွားပါ၊ နောက်တစ်ခါလာရဲရင် ခွေးခြေထောက်နှစ်ချောင်း ရိုက်ချိုးလိုက်မယ်'

အကြီးအကျယ် ကြိမ်းမောင်းခြင်း ခံလိုက်ရသဖြင့် လုရှောင်ဖုန်းက ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူက နားလည်လိုက်လေသည်။

သူမ၏အရက်ဆိုင်သို့ အဘယ့်ကြောင့် လူသူ မရောက်လာကြ သည်ကို နားလည်လိုက်လေသည်။

....ဝ....

ထိုမိန်းမလေးသည် အမြင်အားဖြင့် သကြားလုံးကဲ့သို့ချိုလိမ့် မည်ဟု ထင်ရသော်လည်း အမှန်တော့ အလွန်စပ်သော ငရုတ်သီး ဖြစ်သည်။

ထို့ပြင် စိတ္တဇတစ်မျိုးစွဲကပ်သူ ဖြစ်ရမည်။

သူမသည် ယောက်ျားများ ဒုက္ခရောက်နေသည်ကို တွေ့ရ၍ စိတ်ပျော်ရွှင်တတ်လေသည်။

ထို့ကြောင့် ဆိုင်ရှေ့၌ရပ်၍ ယောက်ျားများအား ဖြား ယောင်းသည်။

ယောက်ျားများက သူမအား ထိအပါးရှိအပါး ဖြစ်အောင် စိတ်ဆွပြီးလျှင် သူမသည် ထိုယောက်ျားအား ခြင်တစ်ကောင် ပမာ ခြေသတ်ရန်ဖြစ်သည်။



ဤဒေသ ဤနေရာတွင် သူမ ပါးရိုက်ခံရ နှိပ်စက်ခံခဲ့ရသော ယောက်ျားသားများ နည်းမည်မဟုတ်ဟု လုရွှေစင်ဖုန်းက ခန့်မှန်း မိလေသည်။

ထိုယောက်ျားများထဲ၌ လုရွှေစင်ဖုန်းက ကံကောင်းသေး သည်ဟု ဆိုရမည်ဖြစ်သည်။

အဘယ့်ကြောင့်နည်း။

သူသည် အပိုင်းပိုင်းအစိပ်စိပ်ဖြစ်မသွားဘဲ အေးမှသိရန်မခံဘဲ ထွက်လာနိုင်ခဲ့သောကြောင့် ဖြစ်လေသည်။

—ဝ....

အပြင်ဘက်၌ လူသူမရှိ၍ တော်သေးသည်ဟု ဆိုရပေမည်။ ရေစက်ကျလိုက်သည်နှင့် ခဲသွားသည်။

ဤဒေသမျိုး၌ မည်သူမဆို အပြင်သို့ အရေးအကြောင်း မရှိ လျှင် အတတ်နိုင်ဆုံး ထွက်မလာကြပါ။

လူရှောင်ဖုန်းသည် ထန်ခိုကျောင်း၏အရက်ဆိုင်ထဲသို့ လှမ်းဝင်နေသောအခါ သူဌေးကြီးတစ်ယောက်အသွင် ဖြစ်သွားသည်။

သို့သော် သူသည်ပြန်သည်ထွက်လာသောအခါ ပေါကြောင်ကြောင် ဖြစ်နေသော လူတစ်ယောက်နှင့် တူနေ၏။

'ကြောင်….မိန်းမ'

လူရှောင်ဖုန်းက ညည်းညူလိုက်၏။

'လောကပေါ်မှာ မိန်းမတွေ ဘာဖြစ်လို့ ဒီလောက်တောင် ပေါနေရတာလဲ'

လောကပေါ်၌ အကယ်၍ မိန်းမမရှိလျှင် မည်သို့အမှားဖြစ်မည်ကို သူက မစဉ်းစားမိသေးစဉ် ရုတ်တရက် အော်သံတစ်သံ ကြားလိုက်ရလေသည်။

'အမယ်လေးဗျ'

ယောကျ်ားတစ်ယောက်၏ အော်သံဖြစ်သည်။

မျက်နှာချင်းဆိုင် ဘယဆေးဆိုင်မှ ထွက်ပေါ်လာသောအသံဖြစ်သည်။

လူရှောင်ဖုန်းက အပြေးအလွှားဖြင့် လှမ်းဝင်လိုက်သောအခါ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်၊ ပိန်ပိန်ပါးပါး ရှိသော လိမ်ဟုန်အောက ယောကျ်ားရင့်မကြီးတစ်ယောက်အား ကုလားထိုင်ပေါ်၌ ခြေတစ်ဖက်ကိုဖိထားပြီး လက်တစ်ဖက်က ထိုလူ၏ပခုံးပေါ်က အကြောကြီးကို ဖမ်းဆုပ်ထားသည်။



ထိုလူ၏လက်ကို နောက်ပြန် လိမ်ချိုးထားသည်ကို တွေ့ရလေသည်။

'ပြောစမ်း၊ ဘယ်နေရာမှာ အကြောလွဲနေလို့လဲ၊ ဘယ်နေရာ အရိုးကျိုးနေလို့လဲ'

ထိုယောကျ်ားက နာကျင်လွန်း၍ ပါးစပ်ပြဲနေ၏။

'ကျုပ်….ကျုပ် ဘာမှမဖြစ်….'

လိမ်ဟုန်အောက….

'ဒါဖြင့် ရှင်က ဘာလုပ်တာလဲ'

သူမက ထိုလူ၏လက်ကို တင်းကြပ်စွာ ဆုပ်ထားရင်း….

'ကျွန်မရဲ့အကြောကို လာနှိပ်မလို့လား၊ ဒါမှမဟုတ်ရင် ကျွန်မရဲ့အရိုးအဆစ်ကို အညောင်းအညာဖြေပေးမလို့လား'

ထိုလူက ငြင်းလည်းမငြင်းရဲ။

ဝန်လည်းမခံရဲဘဲ ခေါင်းသာညိတ်နေ၏။

လိမ်ဟုန်အောက မဲ့ပြုံးပြုံးလိုက်သည်။

သူမက လက်နှစ်ဖက်ကိုမြှောက်လိုက်သည်နှင့် ထိုယောကျ်ားသည် ဘောလုံးတစ်လုံးပမာ တံခါးအပြင်ဘက်သို့ လိမ့်ထွက်သွား၏။

'ဝုန်း….'

အေးစက်ပြီး မာကျောသည်။

ချောမွတ်သည်။

လမ်းမပေါ်သို့ ကျသွားလေသည်။

ထိုယောကျ်ားသားသည် ယခုကဲ့သို့လဲကျသွားသဖြင့် တအံ့တဩ အကြောလွဲသွားသည်။

အရိုးကျိုးသွားလေသည်။

လုရှောင်ဖုန်းက မချိပြုံး ပြုံးနေ၏။

တစ်ကြိမ် ထိုယောကျ်ားသား လွန်သည်လော။

မိန်းမသားက လွန်သည်လောဟု တအံ့ဩ မစော့ခဲ့တော့ပေါ့ပါ။

—၈—

လိန်ဟုန်အော့သည် လုရှောင်ဖုန်းနှင့် မျက်နှာချင်းဆိုင်ရပ်နေလေသည်။

သူသည် သူ့အား အေးစက်စွာ ကြည့်နေ၏။

'ရှင်လဲပဲ အကြောလွဲနေလို့ ကျွန်မဆီလာပြီး ကုခိုင်းတော့မလား'



လုရှောင်ဖုန်းက မပြုံးချင်ပဲ ပြုံးပြလိုက်သည်။

ထို့နောက် ချာခနဲ လှည့်၍ ထွက်လာလေသည်။

အခြေအနေက မဟန်သဖြင့် ရှောင်လိုက်သည်မှာ အကောင်းဆုံး ဖြစ်သည်ဟု သူက သုံးသပ်၍ အကောင်အထည် ချက်ချင်းဖော်လိုက်ခြင်း ဖြစ်သည်။

ဤဒေသမှ မိန်းမများသည် လုံး၀ ရှောင်ရှား သင့်သည်ဟု ချတ်တရက် နားလည်လိုက်လေသည်။

သို့သော် သူက ရှောင်ရှားလိုက်သော်လည်းမိန်းမကသူ့အား အရှောင်ရှား မခံပါ။

လိန်ဟုန်အော့က သူ၏ သွားလမ်းကို ပိတ်၍ ရပ်လိုက်သည်။

'ရှင်က ဘာလာလုပ်တာလဲ၊ ဘာဖြစ်လို့ စကားမပြောတာလဲ'

ခက်ချေပြီ—

လုရှောင်ဖုန်းက ရယ်မရ ငိုမရဖြစ်လာသည်။

'ကျုပ်က ဘာဖြစ်လို့ စကား ပြောရမှာလဲ'

လိန်ဟုန်အော့က နှုတ်ခမ်းကိုက်၍ သူ့အား အတန်ကြာစိုက်ကြည့်ပြီးမှ....

'ရှင် မပြောလဲ ကျွန်မ သိပါတယ်'

လုရှောင်ဖုန်း၏ မျက်လုံး ပြူးကျယ်သွားသည်။

လိန်ဟုန်အောင်က....

'ရှင့်ရဲ့ စိတ်ထဲမှာ ကျွန်မဟာ အလွန်ဆိုး၊ အလွန်ကြမ်းတဲ့ မိန်းမတစ်ယောက်လို့ ထင်နေမှာပဲ'

လူရှောင်ဖုန်းက....

'ကျုပ် ဒီလို မထင်ပါဘူးဗျာ'

သူက လိမ်ပြောလိုက်ခြင်း ဖြစ်သည်။

လိန်ဟုန်အောင်က နှုတ်ခမ်းကိုက်လျှင် သူမ၏ အေးစက်သော မျက်ဝန်းအစုံတွင် မျက်ရည် ပုလဲ နှစ်လုံး စီးဆင်း ကျလာလေသည်။

'ဟေ့ဗျာ'

ဤကဲ့သို့ မိန်းမသား မျက်ရည်ကျသည်ကို လူရှောင်ဖုန်းက တအံ့တသြ ဖြစ်သွားသည်။

'ခင်ဗျား ဒါက ဘာလုပ်တာလဲ'

လိန်ဟုန်အောင်က ခေါင်းငုံ့လိုက်သည်။

မျက်ရည်ကျလျက်....

'ဘာမှ မလုပ်ပါဘူး၊ ကျွန်မ စိတ်မကောင်း ဖြစ်နေလို့ပါ'

လူရှောင်ဖုန်းသည် ဒုတိယအကြိမ် အံ့သြ သွားပြန်သည်။

'စိတ်မကောင်း ဖြစ်လို့'

သူမက ယောက်ျားသားတစ်ယောက်ကိုအရိုးကျိုးသွားသည်အထိ နှိပ်စက်ခဲ့သည်ကို စိတ်မကောင်း ဖြစ်ခဲ့လျှင်ခံရသူမှာမည်မျှ စိတ်မကောင်း ဖြစ်မည်ကို သူမက သိပါ၏လော....



လိန်ဟုန်အောင်က....

'ရှင်က တစ်ခြားနယ်က လာတဲ့ဧည့်သည်ပါ၊ ဒီက ယောက်ျားတွေ ဘယ်လို ယောက်ျားမျိုး ဖြစ်နေတယ်ဆိုတာ ဘယ်သိပါ့မလဲ၊ သူတို့က ကျွန်မလို မိန်းမသား တစ်ယောက်တည်းပဲ ရှိနေတာကို တွေ့လို့ ကျွန်မကို ဘယ်လို အနိုင်ကျင့်မလဲ၊ ဘယ်လို စော်ကားမယ်ဆိုတာ နည်းအမျိုးမျိုးနဲ့ ကြံနေကြတာရှင့်'

သူမ မျက်ရည်ကျနေသောအခါ သူမမှာ ပို၍ ဆေးသွေးပြီး အားနွဲ့နေသည်ဟု ယူဆရလေသည်။

သူမ၏ ရက်စက်ကြမ်းကြုတ်သည့် ဟန်မူရာမှာ လုံးဝမတွေ့ရပါ။ သူမသည် အမျိုးမျိုး အနှိပ်စက်ခံ အစော်ကားခံရသော သနားသဖွယ်ကောင်းသောမိန်းကလေးတစ်ယောက်နှင့်တူနေ၏။

သူမက စကားဆက်လိုက်သည်။

'တကယ်လို့ ကျွန်မကို တစ်ခါစော်ကားခံလိုက်ရရင် ဘယ်တော့မှ လူမဖြစ်တော့ပါဘူး'

သူမက စကား ဆက်လိုက်သည်။

'ဘာဖြစ်လို့လဲဆိုရင် အခြား ယောက်ျားတွေက သူတို့ကို အပြစ်မပြောဘဲ ကျွန်မက ဖြားယောင်းတယ်လို့ အပြစ် ပြောကြမယ်၊ ဒါကြောင့် ကျွန်မက မျက်နှာထားတင်းတင်း အမြဲထားနေရတယ်၊ တစ်ခါတစ်ခါ တွေးမိရင် စိတ်ထဲမှာ အခံရ ခက်လှပါတယ်ရှင်'

သူမက စကား ရပ်တန့်လိုက်သည်။ ဆက်၍ ပြောရန် မလိုတဲ့နားလည်နိုင်သည်။

သူမ တစ်ယောက်တည်း အထီးကျန်စွာ နေထိုင်ရခြင်း၏ဒုက္ခကို လုရှောင်ဖုန်းက စာနာလာမိလေသည်။

လုရှောင်ဖုန်းသည် သူ့ရှေ့တွင် ရပ်နေသော မိန်းကလေးမှာကြောက်စရာကောင်းသည့်အပြင် အလွန် သနားစဖွယ်ကောင်းသည်ဟု ထင်မိသွားလေသည်။

သူမသည် မျက်နှာကို အပြုံးသို့ ပြင်လိုက်သည်။

'အမှန်တော့ ကျွန်မနဲ့ ရှင်နဲ့ မတွေ့ဖူးဘူး၊ သေကျွမ်းကြပါတူး၊ ကျွန်မ အခုလို သူစိမ်း ရှေ့မှာ ဒီလိုစကား မပြောသင့်ပါဘူး'

၉

လုရှောင်ဖုန်းက....

'ကိစ္စမရှိပါဘူး၊ကျုပ်မှာလဲ ကိန်းကောင်းထားတဲ့အကြောင်းတွေ အများကြီး ရှိတယ်၊ သူစိမ်းတွေရဲ့ရှေ့မှာ ပြောပြချင်လိုက်တာ'

လိမ်ဟုန်အော့က ခေါင်းမော့လိုက်သည်။

သူမသည် လုရှောင်ဖုန်းအား စိုက်ကြည့်လိုက်သည်။

'ကျွန်မကို ပြောပြနိုင်သလား'

သူ၏ မျက်နှာပေါ်မှ မျက်ရည်များ မခြောက်သေးပါ။ လုရှောင်ဖုန်း ရှေ့တွင် ရပ်လျက် အလွန်သနားစဖွယ် ကောင်းလှ၏။



လုရှောင်ဖုန်းက မသွားတော့ပါ။ သွား၍လည်း မဖြစ်တော့ပါ။

မျက်ရည်စက်သက်ဖြင့် ဖိတ်ခေါ်ခြင်းသည့် ပြုံး၍ ဖိတ်ခေါ်ခြင်းထက် ပို၍ မငြင်းရက်ပါ။

...၁၀....

အငွေ့တလထောင်းထောင်း ထနေသော အသားညှပ်ပေါက်စီနှင့် အနေတော်နွေးထားသော ဝိုင်ချက်စိမ်းအရက်သည် အလွန်အလွန် လိုက်ဖက်ညီသည်။

'ဒီအရက်ဟာ ကျွန်မက တခြားနယ်က ယူလာတာ၊ အခုထိမသောက်ရက်ဘဲ သိမ်းထားတာ'

လိမ်ဟုန်အော့ မျက်ဝန်းမှ မျက်ရည်များသည် ခြောက်သွေ့သွားပြီ ဖြစ်သည်။

သူမသည် စားပွဲကို ပြင်သည်။ စားပွဲခင်းကို ခင်းသည်။ အလုပ်ရှုပ်နေသော အိမ်ရှင်မလေးနှင့် တူလှပေသည်။

'ညတိုင်းညတိုင်း ကျွန်မ အရက်တစ်ခွက်တော့သောက်တယ်၊ ကျွန်မက အရက် မသောက်တတ်ပါဘူး၊ ဒါပေမယ့် ကျွန်မက မူးအောင်သောက်ပြီးမှ အိပ်လို့ရပါတယ်'

သူမက ပွင့်လင်းစွာ ပြောပြပြန်သည်။

'တစ်ခါတစ်ခါ အရက်မူးအောင်သောက်လဲ အိပ်လို့ မပျော်ပါဘူး၊ အဲဒီလို ညမျိုးမှာ ကျွန်မတစ်ယောက်တည်း အပြင်ထွက်သွားပါတယ်၊ ရေခဲပြင်မှာ မိုးလင်းတဲ့အထိ ထိုင်မိပါတယ်၊ တစ်ခါတုန်းက ကျွန်မ ဝက်ဝံ တစ်ကောင် တွေ့မိပါတယ်၊ ဝက်ဝံ လို့တော့ ထင်တာပဲ၊ တစ်ကိုယ်လုံး အမွေးအမျှင်တွေ ရှည်ပြီး ညစ်းလို့'

သူမက အရက်များ မသောက်နိုင်ပါ။

အရက်တစ်ခွက် ဗိုက်ထဲရောက်သွားသည်နှင့် မျက်နှာ တစ်ရလုံး နီရဲလာ၏။

လုရှောင်ဖုန်းက သူမအား စိုက်ကြည့်နေ၏။

ဤကဲ့သို့ အားနွဲ့သော မိန်းကလေး တစ်ယောက်က တစ်ဦးတည်း ရေခဲပြင်သို့သွားပြီး ဝက်ဝံကို ထိုင်ကြည့်သည်မှာ အလွန်အံ့သြနေ၏။

အလွန်လည်း သနားဖွယ်ရာကောင်းသော ပုံပြင် တစ်ခုနှင့်တူ၏။

သူသည် သူမအတွက် စိတ်မကောင်း ဖြစ်ပေါ်လာစဉ်မှာပင် သူမ၏ လက်တစ်ဖက်က သူ့ရှေ့တွင် ရှိနေ၏။



ထို့ကြောင့် သူမ၏ လက်ကို ခပ်ဖွဖွ ဆုပ်ထားလိုက်သည်။ သူမ၏ လက်ကလေးမှာ နွေးထွေးနေ၏။

ပြတင်းပေါက်ကပိတ်ထားသည်။ အိမ်ထဲ၌ နွေးနွေးထွေးထွေး ရှိနေ၏။

သူက ရင်ခုန်နေ၏။

သူသည် မှုံမည်သည့်အကြောင်းများကို ပီပီပြင်ပြင် မသိရမီ သူမသည် သူ၏ ရင်ခွင်ထဲသို့ တိုးဝင် လဲကျလာလေသည်။

ပျော့ပျောင်းပြီး သေးသွယ်သော သူမ၏ ခန္ဓာကိုယ်သည် မီးဖိုတစ်ခုပမာ ခြစ်ခြစ်တောက် လောင်နေသည်ကို ခံလိုက်ရသည်။

သူတို့သည် မည်သည့်ကိစ္စ ဖြစ်ပွားလာပါသနည်း။

အကယ်၍ တစ်စုံတစ်ယောက်က မေးခဲ့သော်....

'အမှန်အတိုင်း ပြောရမယ်ဆိုရင် ငါတို့ ဘာမှ မဖြစ်ခဲ့ပါဘူး'

လုရှောင်ဖုန်းက ပခုံး တစ်ချက် တွန့်လိုက်သည်။

'ကျုပ်က သူတော်ကောင်းတော့ မဟုတ်ပါဘူး၊ အကြောင်းကတော့....'

အကြောင်းမှာ လိန်ဟုန်အော့၏ ခန္ဓာကိုယ်သည် လုရှောင်ဖုန်း၏ ခန္ဓာကိုယ်ပေါ်သို့ တိုးဝင်လဲကျသောအခါ....

လက်ချုပ်သံတစ်ခု ရုတ်တရက် ကြားလိုက်သောကြောင့် ဖြစ်လေသည်။

ထိုလက်ချုပ်သံ ကြားလိုက်သောအခါ...

နှစ်ယောက်စလုံး ထိတ်လန့်စွာ ထခုန်ကြလေသည်။

လက်ခုပ်တီးသောလူက မည်သူများဖြစ်ပါသနည်း။

အနီရောင်ဆာ့ကျီပွ ဝတ်ဆင်ထားသော လူတစ်ယောက် ဖြစ်လေသည်။

လီဇင်တုံး ဖြစ်သည်။

လီဇင်တုံးက တံခါးပေါက်မှာ ရပ်နေ၏။

သူသည် သူတို့နှစ်ယောက်အား စေ့စေ့ကြည့်နေ၏။

'ဟောဗျာ... ခင်ဗျားတို့ ဘာဖြစ်လို့ ထလာကြတာလဲ၊ နဂိုအတိုင်း နေကြပါ၊ ကြည့်လို့ ကောင်းလို့ပါ'

လူရှောင်ဖုန်းသည် ထိုလူအား ပါးနားရိုက်ရန် ထရပ်လိုက်လေသည်။

သို့သော်...

လိန်ဟုန်အော့က သူ့ထက်ဦးအောင် ပြေးလွှား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ခန္ဓာကိုယ်သေးသွယ်ပြီး အားနွဲ့သောမိန်းမလေးက ရုတ်တရက် အလွန်ကြမ်းကြုတ်သော အသွင်သို့ ပြောင်းလဲသွားလေသည်။

သူမ၏တိုက်ခိုက်မှုမှာ အားမာန်အောင်းသည်။

ရက်စက်သည်။

လူရှောင်ဖုန်းသည် သူမမှာ သိုင်းပညာတတ်သည်ဟု အကဲခတ်မိလိုက်သည်။



ဤမျှ အဆင့်မြင့်လိမ့်မည်ဟု မထင်မှတ်ပါ။

သူမ၏တိုက်ခိုက်မှုသည် လျင်မြန်ပြီး ရက်စက်လှပေသည်။

သူမအသုံးပြုသော သိုင်းကွက်မှာ အဖမ်းအဆုပ်၊ အထိုးအခုတ် ခုနစ်ဆယ့်နှစ်ကွက် ဖြစ်သည်။

အကယ်၍သာ လီဇင်တုံး၏ ခန္ဓာကိုယ်တစ်နေရာရာ အမိခံသွားရလျှင် အသံနှစ်မျိုးစလုံး ထွက်လာလိမ့်မည် ဖြစ်သည်။

အသံတစ်ခုက အရိုးကျိုးသွားသောအသံဖြစ်ပြီး၊ ကျန် အသံတစ်ခုမှာ နာကျင်၍ စူးရှစွာအော်ဟစ်သောအသံ ဖြစ်ရပေမည်။

သို့သော်....

လီဇင်တုံးက အရှောင်အတိမ်း ကောင်းသည်။

လိန်ဟုန်အော့က သူ၏ဝတ်ရုံကိုပင် ထိအောင် မဖမ်းနိုင်ပါ။

လီဇင်တုံး၏ ဝတ်ရုံစားပုံမှာ ရင်တုန်ဖွယ်ရာ ကောင်းပေမည့် သူ၏သိုင်းပညာမှာ မခေပါ။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေ၏။

လူရှောင်ဖုန်းက အေးဆေးစွာ လက်ပိုက်၍ ထိုင်ကြည့်နေသည်။

လီဇင်တုံးနှင့် လိန်ဟုန်အော့တို့သည် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေသည်။

သို့သော် အချိန်မကြာမီအတွင်းမှာပင် လိန်ဟုန်အော့က ရှုံးနိမ့်သွားပြီး အိမ်ထဲမှ ပြေးလွှားသွားလေသည်။

ဒေါ်သ ထောင်းခနဲ ထွက်လာသည်။

လုရှောင်ဖုန်းက လက်သီးနှစ်လုံး ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

ကသည် ထိုလူအားဆုံးမရန် ဆုံးဖြတ်လိုက်လေသည်။

လီဇင်တုံးက ပြုံးနေလေ၏။

သူက လက်ကာပြလိုက်သည်။

'ကျုပ်ကို ရန်မမူပါနဲ့ကွာ၊ ကျုပ်က ခင်ဗျားကို မနိုင်ပါဘူး၊ ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ် သိပြီး သားပါ'

လုရှောင်ဖုန်းက—

'ခင်ဗျားသိတယ် ဟုတ်လား'

လီဇင်တုံးက ပြုံးလိုက်သည်။

'ခင်ဗျားက သူများကို ညာနိုင်ခဲ့ပေမယ့် ကျုပ်ကိုတော့ လိမ်လို့ မရဘူး၊ ခင်ဗျားက မုတ်ဆိတ်မွေးကို တစ်လုံးရှည်အောင် ထားလဲ ခင်ဗျားက မျက်ခုံးမွှေးလေးခုနှင့် လုရှောင်ဖုန်းဆိုတာ သိပါတယ်'

လုရှောင်ဖုန်းက ကြောင်အမ်းအမ်းဖြစ်၍ ရပ်တန့်သွားသည်။

သူသည် ဤနေရာသို့ရောက်လာသည်မှာ နှစ်နာရီပင် မပြည့်သေးပါ။

ထိုနှစ်နာရီအချိန်တွင် သူက လူငါးယောက်မျှနှင့်တွေ့သည်။ သို့သော်....

ထိုလူငါးယောက်စလုံး သူ့အား အံ့ဩသွားစေလေသည်။



ဤဒေသရှိ နေထိုင်ကြသော လူများသည် ဒေသခံများမဟုတ်ကြသည်မှာ သေချာသည်။

ဤသို့ဆိုလျှင် သူက ကျောက်စိမ်းဆွဲပြားကို ပြန်လည် ရယူရန်မှာ လွယ်ကူလိမ့်မည် မဟုတ်ဟု သူက ခန့်မှန်းမိလေသည်။

—၁—

လီဇင်တုံးက ပြုံးနေသည်။

'စိတ်ချပါဗျာ၊ ကျုပ်က ထုတ်ဖော်ပြောမယ့်လူ မဟုတ်ပါဘူး'

သူက စကားဆက်လိုက်သည်။

'ခင်ဗျားနဲ့ကျုပ်နဲ့ဟာ မန်းတိုင်တစ်ခုထဲ ဖြစ်နေပါတယ် ခင်ဗျားလာမှာကိုလဲ စောင့်နေတာကြာပါပြီ'

လုရှောင်ဖုန်းက ပို၍အံ့ဩသွားသည်။

'ကျုပ်လာမယ်ဆိုတာ ခင်ဗျားသိတယ် ဟုတ်လား'

လီဇင်တုံးက—

'မှတ်ဆိတ်ပြာက ခင်ဗျားကိုရအောင် လွှတ်လိုက်မယ်လို့ ပြောတယ်၊ သူ့စကားကို ကျုပ်ကယုံကြည်တယ်'

လူရှောင်ဖုန်းက နားလည်သဘောပေါက်လာလေသည်။

သူသည် မှတ်ဆိတ်ပြာပြောခဲ့သော စကားကိုပြန်၍ ကြားယောင်လာလေသည်။

'ခင်ဗျားရှာမတွေ့လို့ ခင်ဗျားအတွက် လိုက်ရှာပေးမယ့်လူ ရှိပါတယ်၊ ခင်ဗျား ဟိုရောက်ရင် ခင်ဗျားနဲ့လာပြီး ဆက်သွယ်မယ့်လူ ပေါ်လာပါလိမ့်မယ်'

လီဇင်တုံးက ပြုံးလိုက်သည်။

'ကျုပ်က ကျုပ်အစ်မကို သစ္စာဖောက်ပြီး မှတ်ဆိတ်ပြာ အတွက် အလုပ်လုပ်ပေးမယ်လို့ ခင်ဗျားထင်မိမှာ မဟုတ်ဘူး'

လူရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။

'ကျုပ်မှအံ့သြပါဘူးဗျာ၊ ခင်ဗျားလိုလူမျိုးက ငွေရရင် ဘာအလုပ်မျိုးမဆို လုပ်မှာပဲ'

လီဇင်တုံးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ခင်ဗျားက ကျုပ်ရဲ့အလိမ်မာအစ်မကိုတွေ့တဲ့အခါမှာ ကျုပ်က ဘာဖြစ်လို့ သူ့ကိုသစ္စာဖောက်တယ်ဆိုတာ ခင်ဗျားနားလည်လာမှာပါ'

လူရှောင်ဖုန်းက....

'ကဲ...ဒါတွေထားပါ၊ ကျုပ်ဘယ်လိုလုပ်မှ သူ့ကိုတွေ့နိုင်မလဲ'



လီဇင်တုံးက—

'ခင်ဗျား သူ့ကိုတွေ့ချင်ရင် နည်းလမ်းတစ်ခုထဲပဲ ရှိတယ်'

လူရှောင်ဖုန်းက....

'ပြောပါ'

လီဇင်တုံးက—

'ခင်ဗျားပါလာတဲ့ငွေတွေ အမြန်သုံးပို့လိုက်ရုံပဲ'

လူရှောင်ဖုန်းက....

'သူဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားမသိဘူးလား'

လီဇင်တုံးက....

'ကျုပ်လဲ မသိဘူး'

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ရွှေနဲ့ငွေကလွဲလို့ သူ့က ဘယ်သူ့မျက်နှာမှ မထောက်ပါဘူး'

လူရှောင်ဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။

နာရီဝက်ခန့် စိုက်ကြည့်လိုက်သည်။

'ခင်ဗျား အထိုးခံချင်သလား'

လီဇင်တုံးက ခေါင်းခါယမ်းလိုက်သည်။

လူရှောင်ဖုန်းက....

'ဒါဖြင့် မြေပေါ်မှာကျနေတဲ့ ပစ္စည်းတွေအားလုံး စားလိုက်ပါ၊ တစ်ခုသာကျန်ရင် လက်သီးတစ်လုံးပဲ'

ဇယ်အိုး၊ ထမင်းအိုး၊ အိုးခွက်ပန်းကန်အားလုံး မှောက်သွားသည်။

မြေပေါ်၌ ဝက်သားတုံး၊ ဆိတ်သားတုံး၊ ကြက်သားတုံးများက ကစဉ့်ကလျား ဖြစ်နေ၏။

လဲဇင်တုံးက မြေပေါ်သို့ထိုင်ချလိုက်သည်။

သူသည် မြေပေါ်၌ပြန့်ကြဲနေသော စားသောက်ဖွယ်ရာများကို မချိမဆန့်စားနေရလေသည်။

လုံရှောင်ဖုန်းကား အတန်ကြာကြည့်ပြီးမှ ထွက်သွားသည်။ သူသည်အပြင်သို့ ရောက်ရှိသွားသည်နှင့်....

လဲဇင်တုံး၏ အော်အန်နေသောအသံများကို ကြားလိုက်ရလေသည်။

....၀....

ညဉ့်အလွန်နက်လာပြီး ဖြစ်သည်။

ထိန်ထိန်လင်းနေသော မီးရောင်များသည် အရောင်မှိန်သွားပြီး ကျိုးတိုးကဲ့တဲ့သာ ကျန်တော့သည်။



အလွန်စည်ကားနေသော မြို့ကလေးသည် အစမှာင်ထုက လွှမ်းမိုးလိုက်လေသည်။

အေးစိမ့်သော လေများသည် ခဲနေသောမြစ်ရေပြင်မှ တိုက်ခတ်လာသည်။

အဝေးမှ မြေခွေးအုပ်စု၏အော်သံများသည် ကြားရသူတိုင်းမှာ ကျောက်ဒူးတုန်ရစေတတ်လေသည်။

လိန်ဟုန်အော့သည် မည်သည့်နေရာသို့ ရောက်သွားပါလေနည်း။

ရေခဲနေသော မြစ်ပြင်ပေါ်၌ထိုင်၍ အနက်ရောင်ဝက်ဝံကို ကြည့်နေပြန်ပြီလော....

လုံရှောင်ဖုန်းကား စိတ်မကောင်းဖြစ်နေ၏။ သူမအတွက်လည်း စိတ်မကောင်း ဖြစ်မိလေသည်။

ထာဝရစားသောက်ဆိုင်အတွင်းမှာ မီးရောင်များ ထိန်ထိန်လင်းနေသည်။ မီးရောင်များသည် တံခါးကြားမှ ထိုးထွက်လာသည်။

ပူပူနွေးနွေး အမွှေးနံ့တို့ပါ ပါရှိလာလေသည်။ လုံရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။

သူသည် အိမ်ထဲ၌လာရောက်စောင့်နေသော လူကလေးမှာ ထူးတူးဆန်းဆန်း မိန်းကလေးတစ်ယောက် ဖြစ်ရမည်ဟု ကြိုတင်သိထားလိုက်လေသည်။

ထိုတဒင်္ဂအချိန်တွင် သူကစားသောက်ဆိုင်ထဲသို့ ပြန်မဝင်လိုတော့ပါ။

လိမ်မော်နှံအောင့်ကဲ့သို့ ရေခဲနေသော မြစ်ပြင်ပေါ်သို့ သွားရောက်ထိုင်ပြီး ဝက်ဝံနက်ကို ကြည့်ရှုသောစိတ်များ ပေါ်ပေါက်လာသည်ကို တခဏအချိန်တွင်....

လူရိပ်တစ်ခုသည် ထာဝရစေ့းသောက်ဆိုင် အနောက်ဘက်နောက်မှ ဖြတ်ကျော်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် အရိပ်တစ်ချက်လှုပ်ခနဲဖြစ်သွားသည်နှင့် အမှောင်ထုထဲ၌ ပျောက်ကွယ်သွားသည်။

ထိုလူ၏ ကိုယ်ဖော့ပညာမှာ လုရှောင်ဖုန်းထက် အဆင့်မနိမ့်ပါ။ ဤခေတ်၌ ဤမျှကိုယ်ဖော့ပညာ အဆင့်မြင့်သောသူ ရှိနေသေးသည်ကို အံ့သြမိသည်။

တံခါးပွင့်သွားပြီး ဖြစ်သည်။

ပြုံးနေသောမျက်လုံးအစုံအား တံခါးပေါက်၌ရပ်၍ သူ့အားတစ်ခစ်ခစ်ရယ်ရင်း ကြည့်နေ၏။

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားပြန်လေသည်။

ရယ်မောသံဆုံးသွားသည်နှင့်....

'ရှင်က ပြန်ရောက်လာသေးတာကိုး၊ ကျွန်မကတော့ ရှင်ဟိုမိန်းမလေးဆီမှာ သေသွားပြီလို့ ထင်နေတာ'

....၀....



အငွေ့တထောင်းထောင်း ဟင်းလျာများ၊ ထွေးထွေးနွေးနွေး အပူပေးထားသော ပါးရှက်စိမ်းအရက်....

ချီချီက ပြုံး၍....

'ဒီအရက်ကို ရှင့်အတွက် ကျွန်မအထူးသယ်ဆောင်လာတာ'

လုရှောင်ဖုန်းက ပြေးထွက်မသွားရန် ကိုယ့်ကိုယ်ကိုထိန်းထားရသည်။

တူညီသော ဟင်းလျာနှင့်အရက်....

တူညီသော မိန်းမလေး....

တူညီသော ပြောပုံ ဆိုပုံကြောင့်....

လုရှောင်ဖုန်းက ခံနိုင်ရည်မရှိတော့ပါ။

သူမက စကားဆက်လက် ပြောသွားသည်။ လုရှောင်ဖုန်းက နားထောင်ရန် စိတ်မရှိတော့ပါ။

ထို့ကြောင့် သူမပြောသည့် စကားများကို တစ်ခွန်းမှမကြားလိုက်ပါ။

နောက်ဆုံး သူကသည်းမခံနိုင်တော့ဘဲ ထရပ်လိုက်သည်။

'အမြန်ဆုံး ပို့လိုက်ပါ၊ မြန်လေကောင်းလေ'

ချီချီ၏ ကြောင့်အမ်းအမ်း ဖြစ်သွားသည်။

'ဘာကို မြန်မြန်ပို့ရမှာလဲ၊ ဘယ်ကိုပို့ရမှာလဲ'

လုရွှောင်ဖုန်းက....

'ငွေသေတ္တာကို ဝေလင်ဂါးမခေါင်းဆောင်းအိမ်ကို အမြန်ဆုံးပို့လိုက်'

....၀....

ပေဆောင်းအယ်ကျယ်ခန့် ကျယ်ဝန်းသော အိမ်တစ်လုံးကို ပျဉ်ပြားများဖြင့် အခန်းရှစ်ခန်း ဖွဲ့ထားလိုက်သည်။

အကျယ်ဆုံးအခန်းတွင် အကြီးဆုံး ခုတင်တစ်လုံးရှိသည်။ ခုတင်ပေါ်၌ အထူဆုံးအိပ်ရာတစ်ခု ထားသေးသည်။

လုရွှောင်ဖုန်းက ယင်းခုတင်ပေါ်၌အိပ်နေရသည်။ အထူဆုံးအိပ်ရာ၌ အိပ်နေရသည်။

ယင်းအထူဆုံး အိပ်ရာ၌အိပ်ပြီး အထူဆုံးစောင်ကို ခြုံထားသည်။

သို့သော် သေလုမတတ် အအေးဒဏ်ကို ခံနေရသေး၏။



အားလုံးသောလူများသည် စိတ်ခေတ်ကျနေကြသည်။ သူသည် မိမိလုပ်ဆောင်ချက်များမှာ ပိုရှုံ့ရှုပ်ထွေးလာသည်ကို အဝင်ကျ ဖြစ်နေ၏။

အပြင်ဘက်၌ ငွေသေတ္တာများကို သယ်ယူနေကြသည်။

အချိုက နန္ဒချိနေ၏။

ထိုလူများသည် ထွေးနွေးသော အိပ်ယာထဲမှ ထလာကြပြီး ငွေ သေတ္တာများကို အမြန်ဆုံး သယ်ယူ နေခြင်းဖြစ်သည်။

လုရွှောင်ဖုန်းက တကာက်သို့ လှည့်လိုက်သည်။

သူသည် စောစော အိပ်လိုက်သည်။

သို့သော် သူက စောစော အိပ်လိုသည့်ဆန္ဒ ဖြစ်းပြခလေလေ အိပ်၍ မရလေလေ ဖြစ်နေ၏။

ထိုအချိန် အပြင်ဘက်မှ....

'ဖုန်း'

ဟူသော အသံ ကြားလိုက်ရသည်။

အံ့ဩ ထိတ်လန့်သော အသံကိုလည်း ကြားလိုက်ရသည်။

လုရွှောင်ဖုန်းက ထခုန်လိုက်သည်။

အပေါ်ဝတ်ရုံကို ကောက်ကိုင်လိုက်ပြီး ဖိနပ်ပင် မစီးနိုင်ပါ။ ခြေထောက် ဗလာဖြင့် ပြေးထွက်သွားသည်။

အပြင်ဘက်၌ ငွေသေတ္တာ သယ်ဆောင်နေ လူများသည် ရပ်၍ ကွဲထွက်သွားသော သေတ္တာကို ကြောင်၍ ကြည့်နေသည်ကို တွေ့ရသည်။

သေတ္တာများသည် မြေပေါ်၌ ကျနေ၏။

သေတ္တာ အဖုံးအည်း ပွင့်နေ၏၊

သေတ္တာထဲမှ ပစ္စည်း အားလုံးလိုလို အပြင်သို့ ထွက်ကျနေ၏။

ထွက်ကျနေသော ပစ္စည်းများမှာ ရွှေတုံးလည်းမဟုတ် ငွေတုံးလည်းမဟုတ် အုတ်ခဲတုံးများ ဖြစ်နေ၏။

လုရွှောင်ဖုန်းက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်၊ အနေ့သူမှာ ယခုကဲ့သို့ ကြောင်အမ်းအမ်း ဖြစ်ခဲ့သည်မှာ ခြောက်ကြိမ် ရှိသွားပြီး ဖြစ်သည်။

ဤတစ်ကြိမ်သည် အံ့ဩယုံခက ဖေါ်သပေါ် ထွက်နေ၏၊ သူသည် အလိမ်ခံရသည့် ခံစားမှုကို လုံးဝမလိုလားပါ၊

ချီချီမှာမူ ဟန်မပျက် ရပ်နေ၏။

ကြောင်၍ ရပ်နေသော လူများအား အေးဆေးစွာ ပြောလိုက်လေသည်။

ရှင်တို့က ဘာဝေးနေကြတာလဲ သေတ္တာထဲမှ မြင်ထည့်ပြီး အမြန်ဆုံး သွားပို့လိုက်ပါ။

လုရွှောင်ဖုန်းက သူမအား လှည့်ကြည့် လိုက်သည်။

'ဘယ်ကို ပို့ခိုင်းမလို့လဲ'

ချီချီက....

'ရှင်ပဲ ဝေလင်ါး လောင်ကာစေး အိမ်ကို သွာပို့ရမယ်ချီ'

လုရွှောင်ဖုန်းက မဲ့ပြုံး ပြုံးလိုက်သည်။



'မင်းက အုတ်ခဲနဲ့ သူများရဲ့ ကျောက်စိမ်း ဆွဲပြားကို သွားလဲမလို့ ဟုတ်လား'

သူက ခေါင်းခါယမ်းလိုက်သည်။

'သူများက အတုံးမှဟုတ်ဘူးဆိုတာ ပြန်စဉ်းစားပါဦး'

ချီချီက....

'ချန်ကျောင်းကျောင်းဟာ အလွန် ပါးနပ် စေ့စပ်တယ် ဆိုတာ သိလို့ ဒါကြောင့် ဒီသေတ္တာတွေကို ပို့ခိုင်းလိုက်တာပေါ့၊ သူကသာ ပစ္စည်းရဲ့ တန်ဖိုးသိရင် ဒီသေတ္တာကိုကြည့်ပြီး ဘာမှပြောမှာ မဟုတ်ပါဘူး'

လုရွှောင်ဖုန်းက....

'တခြားသေတ္တာထဲမှာ ဒီလို အုတ်ခဲမျိုးပဲ ရှိသလား'

ချီချီက....

'တစ်ပုံစံတည်းပါ၊ ဒါပေမယ့်....'

လုရွှောင်ဖုန်းက....

'ဒါပေမယ့် ဘာဖြစ်သလဲ'

ချီချီက ပြုံးလိုက်လေသည်။

'ဒါပေမယ့် သေတ္တာကို အုတ်ခဲတွေ ထည့်ထားပေမယ့် သေတ္တာကိုတော့ ရွှေနဲ့ လုပ်ထားတာ'

သူမက ပြုံး၍ စကားဆက်လိုက်သည်။

'ကျွန်မတို့က ဒီလောက်များတဲ့ ရွှေကို သယ်ပြီး ဒီလောက် ဝေးတဲ့ ခရီးကို လာခဲ့ရတာ၊ အစစအရာရာ သတိဝီရိယ ရှိရပါ မယ်'

လုရှောင်ဖုန်းက ပါးစပ်ပိတ်သွားလိုက်သည်။

ဖြစ်သည်မှာ မိမိကိုယ်တိုင်ဖြစ်နေသည်ဟု ယူဆမိလေသည်။ သေတ္တာများကို သယ်ဆောင်သွားပြီး ဖြစ်သည်။

လုရှောင်ဖုန်သည် ခြေထောက် ဗလာဖြင့် ရပ်နေသေး၏။ ချီချီက သူ့အား ကြည့်ပြီး ပြုံးလိုက်သည်။

'ရှင်က တစ်ချိန်လုံး ကျွန်မကိုစိတ်ဆိုးနေတယ်ဆိုတာ ကျွန်မ သိပါတယ်'

သူမသည် လုရှောင်ဖုန်း၏ ရင်ခွင်ထဲသို့ တိုးဝင်သွားသည်။

သူ၏ လက်နှစ်ဘက်သည် လုရှောင်ဖုန်း၏ ခါးကို တင်းကျပ်စွာ ဖက်ထားလိုက်သည်။

'အနေ့ညတော့ ရှင် စိတ်မဆိုးစေရပါဘူး'

လုရှောင်ဖုန်းက....

'ခင်ဗျားက ဘာကြောင့် သဘောထား ပြောင်းလဲသွားတာလဲ'

ချီချီက....

'ကျွန်မက သဘောကျတဲ့အခါမှာ သဘောထား ပြောင်းလဲတတ်ပါတယ်'



လုရှောင်ဖုန်းက သူ့အား ပွေ့ချီလိုက်သည်။ အခန်းထဲသို့ ဝင်သွားသည်။

ထို့နောက် ခုတင်ပေါ်သို့ ပစ်ချလိုက်လေသည်။

ချီချီ၏ မျက်လုံးအစုံသည် ပြုံးကျယ်သွားသည်။

လုရှောင်ဖုန်းက ချစ်ခနဲ လှည့်ထွက်ရန် ခြေလှမ်းပြင်လိုက်ရာ ချီချီက သူ့အား ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်သည်။

'ရှင်က ဘာလုပ်တာလဲ'

လုရှောင်ဖုန်းက....

'အခု ခင်ဗျား သဘောကျပေမယ့် ကျုပ်က စိတ်မပါဘူးဗျ'

--- ၈ ---

ထို့ည....

လူရွှေခင်ဖုန်း တစ်ယောက်တည်း အိပ်နေ၏။

သို့သော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

နောက်တစ်နေ့ နံနက်....

သူ အိပ်ရာမှနိုးလာသောအခါ စိတ်လက်ပျော်ရွှင်မှု ရှိနေလေသည်။

သူသည် ထမင်းစားရန် ညွှိခန်းဘက်သို့ ထွက်လာသောအခါ ချိုချိုတစ်ယောက်ကို မတွေ့ရပါ။

ဝေလေဝါး ကောင်းကစား အိမ်ဘက်မှ သတင်း တစ်ခုမှ မရသေးပါ။

စားဖိုမှူးက ထမင်းဟင်းများကို ပြင်ပေးသည်။

လူရွှေခင်ဖုန်းက စိတ်လက်ကြည်ဆင်နေသဖြင့် မြိန်ရည်ယှက်ရည် စားသောက်လိုက်သည်။

သူသည် ကနေ့ စားနေသော ဟင်းလျာမှာ လက်ရာ အလွန်ကောင်းသည်ကို တွေ့ရှိရသည်။

သူက စားသောက်ပြီးနောက် စားဖိုမှူး၏ ပခုံးကို ပုတ်ကာ အားပေးစကား ပြောလိုက်သည်။



'မင်း လက်ရာမျိုးနဲ့ နေပြည်တော်မှာ ဆိုင်သွားဖွင့်ရင် သူဌေးဖြစ်နိုင်တယ်'

စားဖိုမှူးက ဂမ်းသာသွားသည်။

သူသည် ကံကောင်းလာသည်ဟု ယူဆမိလေသည်။

လူရွှေခင်ဖုန်းကလည်း မိမိ ကောင်းလာပါပြီဟု ယုံကြည်နေ၏။

....၆....

ဒဏ်ရာ

မီးပုံတွင် မီးထွန်းမထားသော်လည်း ဝေဇာဝါး ဆိုင်းဘုတ် အစေးထဲတွင် ယိမ်းထိုးနေ၏။

လူရှောင်ဖုန်းအာ ခြေလှမ်းကျဲကျဲဖြင့် ဝေလာဝါးလေခင်းအစ၊ အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

သူသည် ကံကောင်းလာသည်ဟု စိတ်ထဲ၌ အသိုသို ခံစားနေရ၏။

လက်ဖဝါး ထားယံလာသဖြင့်သူသည်အံ့စာပစ်ရန် စိတ်ဆန္ဒပင် ဖြစ်ပေါ်လာသည်။



သူက ခြေလှမ်း မရပ်ပါ။ မိမိသည် ကံကောင်းခြင်းကို အံ့စာတုံးဖြစ်၍ အချိန် မဖြုန်းလိုပါ။

လီဇင်းကျုံးသည် သူ ဝင်လာသည်ကို အမေးဆ မြင်လိုက်သည်။

သူသည် အမန်းအတန်း လစ်ပြေးသွားသည်။

သူ၏ မျက်နှာမှာ မိန်ကျသွားသည်။

မျက်လုံးပေါက်ပက် ဖြစ်ခဲ့နေမြဲ။

ညတစ်ညလုံး အော့အန်နေမည် ဖြစ်သည်။

လူရှောင်ဖုန်းအာ ပြုံးလျှောက်သွားသည်။

သူသည် အခန်းတံခါး၏ ပေါ်၌—

'မဆိုင်သူ မဝင်ရ'

ဟု ရေးသားထားသော ဆိုင်းဘုတ်ရှေ့တွင် ခြေလှမ်းရပ်တန့်လိုက်သည်။

ထို့နောက် တံခါးတွန်းဖွင့်ရန် လက်ဆန့်လိုက်ရာ လူနှစ်ယောက်က သူ့ရှေ့သို့ လျှောက်လာလေသည်။

လူတစ်ယောက်က တံခါးမှာ ချိတ်ထားသော ဆိုင်းဘုတ်အား ညွှန်ပြလိုက်သည်။

'မင်း စာတတ်သလား'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'နည်းနည်းပါးပါးတော့ တတ်ပါတယ်'

ထိုလူက—

'ဒါဖြင့် ဆိုင်းဘုတ်ပေါ်မှာ ဘာတွေ ရေးထားသလဲ'

လုရှောင်ဖုန်းက....

'မဆိုင်သူ မဝင်ရလို့ ရေးထားတယ်'

ထိုလူက....

'ဒါဖြင့် မင်းက ဘာဖြစ်လို့ ဝင်ချင်ရတာလဲ'

လုရှောင်ဖုန်းက....

'မဆိုင်သူ မဝင်ရလို့ ရေးတာပဲ၊ ကျုပ်က ဆိုင်လို့ ဝင်တာ'

ထိုလူက....

'ဘာဆိုင်လို့လဲ'

လုရှောင်ဖုန်းက လက်ညှိုးတစ်ချောင်း ထောင်လိုက်သည်။

'ဟိုဒီလိုဆိုင်တယ်'

သူက ပြောပြီး ထိုလူ၏ ခေါင်းသို့ ထိုးလိုက်သည်။

ထိုလူက ပျော့ခွေ၍ လဲကျသွားသည်။

ကျန်လူ တစ်ယောက်က ကြောင်အမ်းအမ်း ငေးကြည့်နေသည်။



လုရှောင်ဖုန်း၏ လက်ညှိုးသည် ခေါင်းမှ အိပ်ကြော နေရာသို့ ထောက်လိုက်ရာ ထိုလူ လဲကျသွားလေသည်။

လုရှောင်ဖုန်းက ပြုံး၍ တံခါးကို တွန်းလိုက်လေသည်။

....၀....

လုရှောင်ဖုန်း ထင်မိထားသည့်အတိုင်း ချန်းကျောင်းကျောင်းက အခန်းထဲ၌ ရှိသည်။

သူမသည် ကုလားထိုင်ကြီး တစ်လုံးပေါ်၌ ထိုင်နေခြင်း ဖြစ်သည်။

လီဇင်တုံးက သူမ အနီးတွင် ရပ်နေ၏။

လုရှောင်ဖုန်း ဝင်ရောက်လာသည်ကို တွေ့မြင် လိုက်သည်နှင့် ဖြိုင်တူ မျက်နှာချို သွေးလိုက်သည်။

လုရှောင်ဖုန်းလည်း မျက်နှာချို သွေးသည်။

'မင်္ဂလာ နံနက်ပါ'

ချွန်းကျောင်းကျောင်းက....

'နံနက်မဟုတ်တော့ဘူး။ မွန်းတည့်နေပါပြီ'

လုရှောင်ဖုန်းက....

'ခင်ဗျားက နံနက်မဟုတ်တော့ဘူးမွန်း သိလျက်နဲ့ သတင်းမပို့ပါလား'

ချွန်းကျောင်းကျောင်းက....

'ကျွန်မက ရှင့်ကို အနေ့ည ထမင်းစားဖို့ ဖိတ်ခိုင်းမလို့ပါ'

လုရှောင်ဖုန်းက....

'ကျုပ်က ထမင်းစားတာနဲ့ မပြီးဘူး အရက်ပါမှ'

ချွန်းကျောင်းကျောင်းက....

'ဟုတ်ပါတယ်ရှင်၊ အရက်လဲ ပါရမှာပေါ့၊ အစ်မကြီးလဲရောက်လာမှာပါ'

လုရှောင်ဖုန်းက....

'ကျုပ်ရောက်လာပြီးမှတော့ ချက်ချင်းစားမယ်'

ချွန်းကျောင်းကျောင်းက

'ကျွန်မ ဘယ်လိုလုပ် ရမလဲ'

လုရှောင်ဖုန်းက....

'လွယ်ပါတယ်၊ ခင်ဗျားက အစ်မကြီးကို အကြောင်းကြားလိုက် သူမလာရင် သူ့ ခေါင်းလေးရဲ့နားရွက်နှစ်ဘက်နဲ့နှာခေါင်းတစ်ခုကို ဖြတ်ပစ်မယ်လို့'



လီဇင်တုံး၏ မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

ချွန်းကျောင်းကျောင်းက မျက်နှာကို အချိုသာဆုံး ပြုံးပြနေ၏။

'ကျွန်မတို့က သူ ဘယ်မှာ ရှိတယ်ဆိုတာ မသိပါဘူး၊ ဘယ်မှာ လိုက်ရှာပေးရမှာလဲ ရှင်'

လုရှောင်ဖုန်းက....

'ခင်ဗျားတို့ လုံးဝ မသိဘူးလား'

ချွန်းကျောင်းကျောင်းက....

'မသိပါဘူးရှင်'

လုရှောင်ဖုန်းက....

'ကျုပ်တော့ နည်းနည်း သိထားတယ်'

ချွန်းကျောင်းကျောင်း အံ့သြသွားသည်။

'ဟုတ်လား'

လုရှောင်ဖုန်းက....

'ကျုပ်မေးချင်တယ်၊ ဒီနေရာမှ ရေအိုးကြီးနှစ်လုံး ရှိတယ်၊ အခု ရေအိုးကြီး တစ်လုံး ဘယ်ရောက်သွားလဲ'

ချွန်းကျောင်းကျောင်း၏ မျက်နှာ အနည်းငယ် ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

လုရှောင်ဖုန်းက....

'အရှုံးဇာလဲလို့ ဘယ်သူကအိမ်ရှောင်းပြီးမိုးရေခံဖို့သက်သက် ရေအိုးကြီး နှစ်လုံးကို ယယ်ကြမလဲဆိုတာ ခင်ဗျား သိရမှာပေါ့'

ချန်းကျောင်းကျောင်းက လက်မခံ၍ မရပါ။

လုရှောင်ဖုန်းက....

'တိမ်လောက်တာက အရှုံးမဟုတ်ဘူး၊ ဒီလိုလုပ်တာ တခြား ရည်ရွယ်ချက် ရှိရမယ်'

ချန်းကျောင်းကျောင်းက....

'သူ့မှာ ဘယ်လိုရည်ရွယ်ချက်ရှိလို့လဲ'

လုရှောင်ဖုန်းက....

'တိမ်လောက်တာက လိရှားကိုခိုးပြီး ဒီကိုရောက်လာတယ်၊ သူတို့နောက်က လိုက်လာမှာကိုကြောက်လို့ အခုလို ရေအိုးကြီး နှစ်လုံးလုပ်ပြီး ပုန်းဖို့....'

ချန်းကျောင်းကျောင်းက....

'ရေအိုးထဲမှာ လူပုန်းလို့ရလား'

လုရှောင်ဖုန်းက....

'သာမန်အချိန်မှာဆိုရင် ပုန်းလို့မရဘူးပေါ့၊ ဒါပေမယ့် ခင်ဗျားစာ ရေအိုးကြီးကို ခဲနေတဲ့မြစ်ရေအောက်မှာ မြှုပ်ထားရင် ရေခဲပြင်အောက်မှာ လူရှိပါတယ်ဆိုတာ ဘယ်သူကသိမလဲ'

ချန်းကျောင်းကျောင်းက ပြုံးလိုက်သည်။

သို့သော် သူမက မပြုံးနိုင်တော့ပါ။

လီဇင်တုံးက....

'ရေအိုးကြီး ဘယ်မှာမြှုပ်ထားတယ်ဆိုတာ ခင်ဗျားသိလား'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။



သူသည် ခြေထောက်နှင့်နင်းထားသော ကြမ်းပြင်အား ခြေဆောင့်လိုက်သည်။

'ဒီအောက်မှာရှိတယ်'

ချန်းကျောင်းကျောင်းက လီဇင်တုံးအား ကြည့်သည်။

လီဇင်တုံးက ချန်းကျောင်းကျောင်းအား ကြည့်နေ၏။

သူတို့သည် ညည်းသူအပျော်ပါးစပ်မဟကြပါ။ ကြမ်းပြင်အောက်မှ လူတစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။

လည်ချောင်းအက်ကွဲသော မိန်းမတစ်ယောက်၏ အသံမျိုး ဖြစ်သည်။

သူမ၏လေသံမှာ အေးစိမ့်နေ၏။

'ကျွန်မ အောက်မှာရှိမှန်း သိနေပြီပဲ၊ ဘာကြောင့် အောက်ကို ဆင်းမလာတာလဲ'

....●....

အလွန်မြင့်မားသော ရေအိုးကြီးအတွင်း နှစ်ထပ်ရှိသည်။

အောက်ထပ်တွင် ပျော့ပြောင်းသော အမွေးပွသားရေများ ခင်းထားရာ အလွန်အိစက်ငြိမ်ညောင်းသော အိပ်ရာတစ်ခု ဖြစ်နေ၏။

လှေကားငယ်လေးအနေ အပေါ်သို့တက်သွားလျှင် ညှို ခန်းနှင့် စားသောက်ခန်းဖြစ်သည်။

ညှိုခန်းတွင် စားပွဲရှိသည်။

ကုလားထိုင်ရှိသည်။

လေးဘက်လေးတန်တွင် အမွေးပွစောင်များ ချိတ်ထား သည်။

စားသောက်ခန်းတွင် သေးငယ်ပြီး အလွန်တန်ဖိုးရှိသော ကြွေးဝါမီးဖိုတစ်လုံးရှိသည်။

လုရှောင်ဖုန်းက အကြပြင်းချနေ၏။

သူက စိတ်ကူးယဉ်လာနေ၏။

အကယ်၍ မိမိနှစ်သက်သော မိန်းကလေးတစ်ယောက်နှင့် ဤနေရာမျိုး၌ လာရောက်ပြီး ရက်အနည်းငယ် နေထိုင်နိုင်မည် ဆိုလျှင်....

ရှုပ်ရည်မဆိုးလှသော အသက်လေးဆယ်ခန့်ရှိ အမျိုးသမီး တစ်ယောက်က သူ့ရှေ့တွင်ထိုင်၍ သူ့အား တိတ်ဆိတ်စွာ ကြည့်နေ၏။



ထိုအမျိုးသမီးသည် ဆံပင်ကို ပြေပြစ်လက်စွာ ဖြီးထားသည်။ မျက်နှာ လေးထောင့်စပ်စပ်၊ နဖူးကျယ်ကျယ်၊ နှုတ်ခမ်းထူထူ၊ အသားအရည် ကြမ်းတမ်းသည်။

အနည်းငယ်မျှ ကြည့်မကောင်းပါ။

သို့သော် ယောကျာ်းများက သူမကို ရုပ်ဆိုးသည်ဟု မပြော ကြပါ။

အကြောင်းမှာ သူမ၏ ထူးခြားသော မျက်လုံးအစုံကြောင့် ဖြစ်သည်။

သူမသည် လူတစ်ယောက်အား စိုက်ကြည့်နေသောအခါ သူမ၏မျက်ဝန်းအစုံတွင် မီးနှင်းများဝေနေသည်ဟု တွေ့မြင် ထင်ရှားနေကြမည် ဖြစ်သည်။

'လိရှားဆိုတာ ကျွန်မပါပဲ'

သူမက လုရှောင်ဖုန်းအား စိုက်ကြည့်ရင်း ပြောလိုက်သည်။

'ရှင်က ကုတုံစန်းပဲပေါ့'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

သူမက စကားဆက်လိုက်သည်။

'လူများက ရှင့်ကို မြေခွေးအိုလို့ ပြောကြတယ်၊ ရှင်သိလား'

လုရှောင်ဖုန်းက....

'ဟုတ်လို့ ပြောကြတာ ဖြစ်မှာပေါ့'

လိရှားက....

'ရှင်ကို ကြည့်ရတာ မအိုသေးပါဘူး'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ကျုပ်က ယောကျ်ားများ အမြဲတမ်း နှုတ်ပိတ်စေတဲ့နည်း သိထားလို့ပါ။'

လီရှားက....

'ဘာနည်းလဲ'

လူရှောင်ဖုန်းက...

'မိန်းမ'

လီရှား၏ မျက်ဝန်း အစုံတွင် ပြုံးရောင် သန်းလာသည်။

'ဒီနည်းက မဆိုးဘူး'

လူရှောင်ဖုန်းက....

'ခင်ဗျားလဲ မအို သေးပါဘူး'

လီရှားက...

'ဟုတ်သား'

လူရှောင်ဖုန်းက...

'ခင်ဗျားက နှုတ်ပိတ်ခြင်းကို ဘယ်လိုနည်းနဲ့ ထိန်းခဲ့သလဲ'

လီရှားက...

'ကျွန်မက ယောကျ်ားကို အသုံးချတဲ့နည်းနဲ့ ထိန်းထားတယ်လို့ ထင်နေလို့လား'

လူရှောင်ဖုန်းက....

'ကျုပ်ကို အသုံးမချရင် ပြီးတာပေါ့ပဲ၊ ခင်ဗျား ဘာနည်းနဲ့ပဲ ထိန်းထိန်း ကျုပ်နဲ့ မဆိုင်ပါဘူး'

လီရှားက သူ့အား အတန်ကြာ စိုက်ကြည့် လိုက်ပြန်သည်။

သူမ၏ မျက်ဝန်းအစုံတွင် အလွန် ထူးခြားသည့် အရိပ်အရောင်များ ပေါ်လွင်နေ၏။



သူမသည် အတန်ကြာ စိုက်ကြည့်ပြီးမှ အသံ ကျယ်လောင်စွာဖြင့်....

'အရက်ယူခဲ့'

ဟု မှာကြားလိုက်လေသည်။

လူရှောင်ဖုန်းက....

'ကျုပ်က အရက်သောက်ဖို့ လာတာ မဟုတ်ဘူး'

လီရှားက

'အရက်မသောက်လို့ကို မရဘူး'

လူရှောင်ဖုန်းက....

'ဘာဖြစ်လို့လဲ'

လီရှားက....

'ကျွန်မက မသောက်ခိုင်းလို့၊ ရှင်လိုချင်တဲ့ ပစ္စည်းက ကျွန်မ အိတ်ထဲမှာ ရှိနေလို့'

လူရှောင်ဖုန်းက သက်ပြင်းချလိုက်သည်။

— ပ —

အငွေ့တထောင်းထနေသော ဟင်းလျာ၊ အနေတော် နွေးထားသော ဝါးရွက်စိမ်းအရက်။

လုရှောင်ဖုန်းက....
'ဒီအရက်ကို ခင်ဗျားက အခြားနယ်က သယ်ဆောင်လာခဲ့ မသောက်ရက်လို့ သိမ်းထားတာ၊ အခုမှ ကျုပ်ကို စေတနာနဲ့ တိုက်တာ'
သူက ဤကဲ့သို့စကားပြောလိုက်သည်ကို လိရှားက အံ့ဩလိမ့်မည်ဟု ထင်မိသည်။

သို့သော် လိရှားက အံ့ဩခြင်းမရှိပါ။
'ရှင်မှားနေပြီ၊ ဒီအရက်က ရှင့်မိန်းမက ပို့လိုက်တာ၊ အဆိပ်ခပ်ထားမှာကိုကြောက်လို့ ကျွန်မ လုံးဝ မသောက်သေးပါဘူး'
လုရှောင်ဖုန်းက မချိပြုံး ပြုံးလိုက်လေသည်။
သူက အထင်မှားသွားခြင်းဖြစ်လေသည်။ မည်သူမဆို အမှားပြုတတ်သည် မဟုတ်ပါလော။
'ဒါကြောင့် အရက်ထဲမှာ အဆိပ် ရှိ-မရှိ ဆိုတာ ကျုပ်ကို စမ်းခိုင်းမလို့ ဟုတ်လား'

လိရှားက ဝန်ခံလိုက်သည်။

လုရှောင်ဖုန်းက အရက်တစ်ခွက်ငှဲ၍ မော့သောက်လိုက်လေသည်။

လုရှောင်ဖုန်းသည် ထူးဆန်းသော စွမ်းရည်တစ်ခု ရှိသည်။ သူသည် အခြားလူထက်ပိုပြီး ငတ္တိရှိသည်။



အကယ်၍ အရက်ထဲမှာ အဆိပ်ရှိပါက သူ့နှုတ်ခမ်းနှင့် ထိလိုက်သည်နှင့် သူက ချက်ချင်းသိသည်။
သို့မဟုတ်....
သူသည် အဆိပ်မိ၍ သေဆုံးခဲ့သည့်အကြိမ်ပေါင်းမှာ အလွန်များပြားနေလေသည်။

လိရှားက သူ့ကိုမျက်လုံးစွေကြည့်လိုက်သည်။
'ရှင်ခေါ်လာတဲ့ မိန်းကလေးက မဆိုးဘူး၊ နာမည်က ဘယ်လိုခေါ်သလဲ'

လုရှောင်ဖုန်းက....
'ချိချိလို့ ခေါ်ပါတယ်'
လိရှားက အေးစက်သော လေသံဖြင့်....
'ရှင့်မှာ ဒီလောက်လှတဲ့ မိန်းမတစ်ယောက်ရှိရဲ့နဲ့ တခြားလူရဲ့ မိန်းမကိုစိတ်ကူးချင်သေးလား'

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။
'လိန်တုန်ခအော့နဲ့ ထန်ခိုကျင်းတို့က ဘယ်သူ့မိန်းမမှ မဟုတ်တော့ဘဲ'

လိရှားက ပြုံးလိုက်သည်။
'အခု ကျွန်မလဲ ဘယ်သူ့မိန်းမမှ မဟုတ်တော့ဘူးလေ'
လုရှောင်ဖုန်းက...
'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ခင်ဗျားဟာ ကျုပ်နဲ့ အရောင်းအဝယ်လုပ်မယ့် မိန်းမတစ်ယောက်ပါ'

လီရှားက....

'အခု ကျွန်မတို့အရောင်းအဝယ်ကပြီးသွားပြီ မဟုတ်လား'

လူရှောင်ဖုန်းက....

'ခင်ဗျားဘက်က ပြီးပေမယ့် ကျုပ်ဘက်က မပြီးသေးပါလား'

လီရှားက....

'စိတ်ချပါ၊ ရှင်လိုချင်တဲ့ပစ္စည်း မနက်ဖြန်မိုးလင်းတာနဲ့ ပေးလိုက်ပါမယ်'

လူရှောင်ဖုန်းက....

'ဘာဖြစ်လို့ မနက်ဖြန်ကျမှ ပေးမှာလဲ'

လီရှားက အရက်တစ်ခွက် ငှဲ့မှုသောက်ချလိုက်လေသည်။ သူမ၏မျက်လုံးအစုံသည် လူရှောင်ဖုန်းအား စိုက်ကြည့်နေ၏။

လူရှောင်ဖုန်းက....

'ကျုပ်မေးတဲ့ မေးခွန်းကို ခင်ဗျား မဖြေသေးပါဘူး'

လီရှားက သူ့အား ပြုံးစိစိဖြင့် ကြည့်နေ၏။

'ရှင်လဲ လူကြီးပဲ၊ ကျွန်မလဲ မိန်းမကြီးပဲ၊ ကလေးလို မျက်လှည့်ပြနေစရာ မလိုပါဘူး'

လူရှောင်ဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

လီရှားက....

'အဖြေပေးစရာ လိုသေးလား'

သူမ၏ စကားဆုံးသွားသည်နှင့်....



လူရှောင်ဖုန်း၏ ရင်ခွင်ထဲသို့ လဲကျသွားလေသည်။

လူရှောင်ဖုန်းက ယောကျ်ားတစ်ယောက်ဖြစ်သည်။

ကျန်းမာသန်စွမ်းသော ယောကျ်ားတစ်ယောက် ဖြစ်သည်။

သူသည် လီရှား၏ ခန္ဓာကိုယ်ကို အသာအယာ သိုင်းဖက်ထားလိုက်သည်။

လီရှား၏ လက်နှစ်ဘက်သည် လူရှောင်ဖုန်း၏ လည်ပင်းကို သိုင်းဖက်ထားလိုက်သည်။

ထိုအချိန်မှာပင်....

'ဝုန်း'

ဟူသော အသံတစ်သံ ကြားလိုက်သည်။

တံခါးကို တအားဆောင့်ဖွင့်လိုက်သော အသံဖြစ်သည်။

ဆက်ဆက်တည်းပင် မိန်းကလေးတစ်ယောက်၏ ဒေါသ ထွက်နေသောအသံ ကြားလိုက်ရသည်။

'ကျွန်မကို မစောကြနဲ့၊ တာဝတဲ့လူ ကျွန်မ သတ်လိုက်မှာပဲ'

လူရှောင်ဖုန်းနှင့် လီရှားတို့ ကြောင်အမ်းအမ်း ဖြစ်နေစဉ်....

'ဝုန်း'

အပေါ်မှ လူတစ်ယောက် အောက်သို့ကျ၍ ဆင်းလာလေသည်။

လူရှောင်ဖုန်းသည် ထိုမိန်းကလေးကို တွေ့မြင်ရသောအခါ အလွန် အံ့အားသင့်သွားလေသည်။

ထိုမိန်းကလေးမှာ အရက်ဆိုင်ကလေးရှေ့တွင် ရပ်၍ ယောကျ်ားများကို ဖြားယောင်းနေသော ထန်ခိုကျင်း ဖြစ်လေသည်။

'ညည်းကိုး....'

လီရှားက ထခုန်လိုက်သည်။

'ညည်းဒီမှာ ဘာလာလုပ်တာလဲ'

သူမ၏ အသံမှာ ဒေါသပါနေ၏။

သူမက အပေါ်သို့ လက်ညှိုး ထိုးပြလိုက်သည်။

'အမြန်ဆုံး ထွက်သွားပါ'

ထန်ခိုကျင်းက ခါးထောက်၍ သူမအား ကြည့်လိုက်သည်၊

'ကျွန်မက ဘာဖြစ်လို့ သွားရမှာလဲ၊ ဒီနေရာကို ကျွန်မ ဘာဖြစ်လို့ မလာနိုင်ရမှာလဲ၊ ကျွန်မကိုတော့ ဘယ်ယောကျ်ားနဲ့မှ မထိနဲ့လို့ ပြောတာယ်၊ အခု ညည်းက ဒီမှာ ဘာလာလုပ်နေတာလဲ'

လီရှားက ပို၍ ဒေါသ ထွက်လာ၏။

'ညည်းနဲ့ ဘာဆိုင်လဲ၊ ငါ့ကိစ္စ ညည်းဝင်မစွပ်နဲ့'

ထန်ခိုကျင်းကလည်း အော်၍ ပြောလိုက်သည်။

'ဘာဖြစ်လို့ မဆိုင်ရမှာလဲ၊ ကျွန်မကိုလာလို့ ညည်း ယောကျ်ားနဲ့ မထိနဲ့လို့ တားမြစ်လိုက်တာယ်'

လီရှားက ဒေါသကို မထိန်းနိုင်တော့ပါ။

သူမ၏ လက်သီး တစ်လုံးသည် ထန်ခိုကျင်း၏ မျက်နှာပေါ်သို့ ထိုးသွင်းလိုက်သည်။

သူမ၏ပါးပြင်ပေါ်မှာလည်း ထန်ခိုကျင်း၏ လက်ချောင်းငါးချောင်းအရာ ထင်းခနဲ ပေါ်လာလေသည်။



သူမတို့နှစ်ယောက်သည် တစ်ယောက်ထပ်မြန် ထတ်ပုတ်ကြလေသည်။

လုရှောင်းဖုန်က သူမတို့ အပြန်အလှန် ပြောဆိုနေသည့်စကားများကို မကြားလိုပါ။

သူမတို့သည် ရိုက်ပုတ်နေသည်ကိုလည်း မမြင်မတွေ့လိုပါ။

သူသည် ကိုယ့်ကိုကိုယ် ရှက်မောမိသည်။

ဗမ်းထဲမှာလည်း အော့ကလီ ဆန်လာလေသည်။

သူသည် ထိုနေရာမှ တိတ်တဆိတ် ထွက်ခွာ သွားလေတော့သည်။

....ဝ....

အမှောင်ထုသည့် ရုတ်တရက် ကျရောက်လာလေသည်။ ညအချိန် ရောက်ပြီ ဖြစ်သည်။

လုရှောင်ဖုန်းသည် ညမှောင်လာသည်အထိကိုပင် သတိမထားမိပါ။

သူသည် ထာဝရစားသောက်ဆိုင်သို့ ပြန်မသွားသေးပါ။

လမ်းဘေး၌ အရက်တစ်အိုးကိုဝယ်၍ တစ်ယောက်တည်း ဤနေရာသို့လာရောက် အေးဆေးစွာ သောက်နေခြင်း ဖြစ်လေသည်။

သူ၏စိတ်ထဲတွင် လောကကို အဆိုးမြင်သည့်စိတ်များ ဖြစ်ပေါ်လာသည်။

သူ၏စိတ်မှာလည်း စိတ်ဓာတ်ကျဆင်းလာနေ၏။

လူ့ဘဝမှာ ပျော်ရွှင်မှုရှိသကဲ့သို့ စိတ်ဆင်းရဲမှုလည်းပဲ ရှိရမည်ဟူသော သဘောကို သူကနားလည် သိရှိထားသော်လည်း သူသည် စိတ်ဆင်းရဲမှု၊ သောကရောက်မှုကို လုံးဝမလိုလားပါ။

ဤနေရာသည် လူသူနေထိုင်ခြင်းမရှိသော သစ်သားအိမ်ယိုလေးတစ်လုံးဖြစ်သည်။

ထိုအိမ်ကလေးသည် မြစ်ကမ်းပါး၌တည်ရှိသည်။ အိမ်ယိုထဲ၌ နေထိုင်သောလူသည် မြို့ကလေးသို့ ထွက်သွားခြင်းဖြစ်ရမည်ဟု သူကယူဆထားမိသည်။

အိမ်ကလေး၏တံခါးသည် ထပ်ဖွဲ့ဖွဲ့ကျနေသော နှင်းဖွဲ့များကြောင့် ပိတ်ဆို့နေ၏။



အေးစိမ့်သောလေသည် တံခါးကြားမှ တိုးဝင်လာသည်။ ကြမ်းပေါက်မှတိုးဝင်လာလေသည်။

ဓားပါးကဲ့သို့ ထက်မြက်၍နေ၏။

သို့သော် လုရှောင်ဖုန်းက မမှုပါ။ ယခုသူသည် လိရှားမှာ ဆတိတည်ပြီး မိုးလင်းလာသည်နှင့် သူအလိုရှိနေသော ကျောက်စိမ်းဆွဲပြားကိုလာပေးရန် မျှော်လင့်နေ၏။

ကျောက်စိမ်းဆွဲပြားရရှိလိုက်သည်နှင့် သူတာမဆိုင်းမတွ ချက်ချင်း ပြန်သွားမည်သာ ဖြစ်သည်။

သူသည် ဤနေရာသို့ ရောက်ရှိလာသောအခါ ဤဒေသမှာ လှပသည်ဟု ပျော်ရောကောင်းသည်ဟု ထင်မှတ်မိခဲ့သည်။

ယခုမူ သူသည်ကိစ္စအမြန်ဆုံးပြီး၍ အမြန်ပြန်လိုနေ၏။ အခန်း၏စားပွဲပေါ်၌ မီးပုံးအိမ်တစ်လုံး ရှိသည်။

မီးပုံးအိမ်ထဲမှ ဆီမီးခွက်မှာ အနည်းငယ် ကျန်သေး၏။ သို့သော် သူက မီးထွန်းရန်ပင် စိတ်မရှိသေးပါ။

ဤတစ်ရက် နှစ်ရက်အတွင်းမှာ သူကအဘယ့်ကြောင့် ဤမျှ စိတ်ဓာတ်ကျနေသည်ကို စဉ်းစား၍မရဘဲ ဖြစ်နေ၏။

ယခုမှ သူသည် လရှောင်ကို သတိရလာလေသည်။

လရှောင်နှင့် အရက် ပြိုင်သောက်ခဲ့သည်ကိုလည်း သတိရလာလေသည်။

လရှောင်ကို သတိရလာသည်နှင့် သူသည် နွေမိုးဆောင်း သုံးဖော်ကို တစ်ဆက်တည်း သတိရလာလေသည်။

ထူးဆန်းသည်မှာ သူအ ဤနေရာသို့ ရောက်ရှိလာသော အခါအစပြီး နေ့မိုးဆောင်း သုံးဖော်တို့သည် မြေပြင်မှာ ပျောက်ကွယ်သွားသည့်အလား လုံး၀ မတွေ့ရတော့ပါ။

....၀....

အဝေးမှ ကြည့်လိုက်လျှင် ရေခဲပြင်ပေါ်မှ မြို့တော်သေးသည် မီးရောင်များ ထိန်ထိန်လင်းနေသည်ကို တွေ့ရလေသည်။

ဤဒေသသည် အလွန်စောစော မှောင်တတ်၏။

မီးများ ထွန်းညှိထားသော်လည်း မို့မချုပ်သေးမှန်း သူ ခန့်မှန်းမိသည်။

နောက်တစ်နေ့ နံနက်အချိန် ရောက်ဖို့ရန်မှာ အတန်ကြာဦး မည် ဖြစ်သည်။

ရှည်လျားလှသော ဝာစ်ညတာကို သူက မည်ကဲ့သို့ အချိန်ကို ဖြုန်းရမည်နည်း။



လုရှောင်ဖုန်းသည် အရက်အိုးကို မ၍ မော့သောက်လိုက် သည်။

ထိုအချိန်တွင် အပြင်ဘက်၌ ခြေသံတစ်ခုသဲ့သဲ့ ကြားလိုက်ရ လေသည်။

သူအ မျက်မှောင်ကြုတ်သွားသည်။

ဤအချိန် ဤအခါမျိုး မည်သူက ရောက်လာနိုင်မည်နည်း။ သူအ စဉ်းစားနေစဉ်....

'ဝုန်း....'

လူတစ်ယောက်သည်ပြတင်းပေါက်ကိုခန္ဓာကိုယ်နှင့်ဆောင့်၍ အိမ်ထဲသို့ ဝင်ရောက်လာလေသည်။

အိမ်တံခါးအ နှင်းများ ပိတ်ဆို့နေသဖြင့် ဖွင့်၍ မရပေ။

လုရှောင်ဖုန်းအလည်း ပြတင်းပေါက်မှ ဝင်လာရခြင်း ဖြစ် သည်။

ဖြူဖွေးသော နှင်းဖွဲ့များ၏ ရောင်ပြန်ဟပ်မှုကြောင့် ထိုလူ၏ ကိုယ်ပေါ်တွင် ရှည်လျားပြီး အလွန်ပွသော အပေါ်အင်္ကျီ ဝတ်ဆင်ထားသည်ကို တွေ့မြင်လိုက်ရသည်။

သူ၏ လက်ထဲတွင် အထုပ်တစ်ထုပ် ပါအသေး၏။ ထိုသူသည် ထိုအထုပ်ကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်။

ထို့နောက်....

အေးစိမ့်ပြီး တုန်ခါနေသော လက်ဖြင့် မီးဖိုကို မီးထွန်း လိုက်လေသည်။

ထို့နောက် သူက နောက်သို့လှည့်လိုက်ပြီး လုရှောင်ဖုန်းနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

'ရှင် ဒီမှာ ရှိလိမ့်မယ်လို့ ကျွန်မ အထင်သား'

သူမ၏ မျက်နှာမှာ အအေးဒဏ်ကြောင့် ဖြူဖွေးနေ၏။ နှာခေါင်းမှာလည်း အအေးဒဏ်ကြောင့် နီရဲနေ၏။

သူမ၏ မျက်နှာမှာမူ နွေဦး၏ ပန်းပွင့်ကလေးပမာ လန်းဆန်း၍ လှပနေ၏။

ထိုလူမှာ ချန်းကျောင်းကျောင်းပင် ဖြစ်လေသည်။

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။

'ကျုပ် ဒီမှာရှိတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ် သိသလဲ'

ချန်းကျောင်းကျောင်းက ပြုံးလိုက်သည်။

'ရှင်က အရက်အိုးကို ဆယ်ပြီး ဒီတက်လျှောက်လာတာကို တွေ့လိုက်တယ်လေ၊ ဒီနေရာမှာလဲ ဒီအိမ်ကလေးတစ်လုံး ရှိတယ်ဆိုတာ ကျွန်မသိတယ်'

လုရှောင်ဖုန်းက....

'ခင်ဗျားက ကျုပ်ကို တွေ့ချင်လို့ လာတာလား'

ချန်းကျောင်းကျောင်းက....

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'ဘာကိစ္စရှိလို့လဲ'



ချန်းကျောင်းကျောင်းက စားပွဲပေါ်မှ အထုပ်ကို လက်ညှိုးထိုးပြလိုက်လေသည်။

'ရှင် အရက်နဲ့ မြည်းဖို့ စားစရာ သောက်စရာ ပါလာတယ်လေ'

သူမသည် အထုပ်ကို ဖြေလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ရှင်က ကျွန်မရဲ့ ဧည့်သည်ပဲ၊ ဧည့်သည်ကို ဒီအတိုင်း ပစ်ထားလို့ ဘယ်သင့်တော်ပါ့မလဲ'

လုရှောင်ဖုန်းက သူမအား စိုက်ကြည့်လိုက်သည်။

'ခင်ဗျား မလာသင့်ပါဘူး'

ချန်းကျောင်းကျောင်းက....

'ဘာဖြစ်လို့လဲ'

လုရှောင်ဖုန်းက....

'ကျုပ်က မိန်းမကိုပွေ့ချင်တယ်ဆိုတာ ခင်ဗျားမသိဘူးလား'

ချန်းကျောင်းကျောင်းက....

'သိသားပဲ'

လုရှောင်ဖုန်းက....

'သိရင် ကျုပ်ကိုမကြောက်ဘူးလား'

ချန်းကျောင်းကျောင်းက....

'တကယ်လို့ ကြောက်ရင် ကျွန်မက ဘယ်လာပါ့မလဲ'

သူက ပြုံး၍ စကားဆက်လိုက်သည်။

'ကျွန်မက အိမ်ရှင်၊ ဘာပဲဖြစ်ဖြစ် ရှင်က ကျွန်မကို လေးစားရမယ် မဟုတ်လား'

လူရွှေခင်ဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

....၀....

အိမ်ခန်းတစ်ခုလုံး တိတ်ဆိတ်၍နေ၏။

ချန်းကျောင်းကျောင်းက စကားမပြောပါ။

လူရွှေခင်ဖုန်းက ပါးစပ်ပိတ်လျက်....

လှပသော မိန်းကလေးတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ထိုင်၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြရသည်မှာ စိတ်ကူးယဉ်အမျိုးမျိုး ဖြစ်လာတတ်ပေသည်။

လူရွှေခင်ဖုန်းက ရင်ခုန်လာသည်။

ချန်းကျောင်းကျောင်းက စကားစတင်လိုက်သည်။

'စားစရာတွေအော့ စုံနေတယ်၊ ရှင်ဘာစားမလဲ'



လူရွှေခင်ဖုန်းက....

'အခု ကျုပ် ဘာမှမစားချင်သေးဘူး'

သူသည် သူမ၏လက်ကို အသာအယာဆွဲလိုက်သည်။

ချန်းကျောင်းက လိမ္မာစွာဖြင့် လက်ကိုရုတ်လိုက်၏။

'ကျွန်မ ရှင့်ဆီကိုလာတာ သတင်းတစ်ခု ပြောပြမလို့ပါ'

လူရွှေခင်ဖုန်းက....

'ဒါဖြင့် ပြောပါ'

ချန်းကျောင်းကျောင်းက....

'ကျွန်မပြောမယ့် သတင်းကြားရင် စိတ်မနေလာဖို့ သတိပေးပါရစေ'

လူရွှေခင်ဖုန်းက....

'ပြောပါ၊ ကျုပ် စိတ်အေးအေးထားတတ်ပါတယ်'

သူသည် ယင်းသို့ ပြောနေသော်လည်း သူ၏စိတ်ထဲ၌ ချန်းကျောင်းကျောင်းပြောလာမည့် သတင်းအား အလွန်ကြားလိုနေ၏။

ချန်းကျောင်းကျောင်းက....

'ထန်ခိုကျောင်း သေသွားပြီ'

လူရွှေခင်ဖုန်းက မယုံကြည် နိုင်လောက်အောင် ဖြစ်သွားလေသည်။

'သူ ဘာကြောင့် သေသွားတာလဲ'

ချန်းကျောင်းကျောင်းက....

'လီရှားရဲ့လက်ချက်ပေါ့'

လုရှောင်ဖုန်းက....

'လီရှားက ဘာဖြစ်လို့ သူ့ကို သတ်လိုက်ရတာလဲ'

ချန်းကျောင်းကျောင်းက....

'မသိဘူး'

လုရှောင်ဖုန်းက....

'ခင်ဗျားက သူ့ကို မမေးဘူးလား'

ချန်းကျောင်းကျောင်းက....

'လီရှားလဲ ပျောက်နေလို့'

သူမက ထပ်မံပြောလိုက်သည်။

'ဒီတစ်ခါ သူက တကယ့်ကို ပျောက်သွားတာ'

သူမ၏စကားမဆုံးမီ လုရှောင်ဖုန်းက ထခုန်လိုက်လေသည်။

ချန်းကျောင်းကျောင်းက....

'ရှင် တော်တော်ရင်တုန်သွားမယ်ဆိုတာ ကျွန်မသိပါတယ်၊ သူ့အလွဲလို့ ကျောက်စိမ်းဆွဲပြား ဘယ်မှာထားသလဲ ဆိုတာ ဘယ်သူမှမသိဘူး'

လုရှောင်ဖုန်းက ထခုန်မတတ် ဖြစ်သွားသည်။



ချန်းကျောင်းကျောင်းက....

'ရှင်ပို့လိုက်တဲ့ ငွေဆယ့်နှစ်သောင်းကိုလဲ့ သူအဖို့လိုက်ပြီး ဘယ်နေရာကို ပို့လိုက်တယ်ဆိုတာ ဘယ်သူမှ မသိကြဘူး'

လုရှောင်ဖုန်းက....

'ဒါလောက် အရေးကြီးတဲ့ ကိစ္စကို ခင်ဗျားကို ဘာဖြစ်လို့ အခုမှ ပြောပြရတာလဲ'

ချန်းကျောင်းကျောင်းက....

'အခုမှ ပြောပြတာတောင် ရှင်က ဒါလောက် စိတ်ထိခိုက်နေရင် ရောက်ရောက်ချင်း ပြောပြတဲ့အခါ ကျွန်မကို ပါးများ ရိုက်မိမလား မသိဘူး'

လုရှောင်ဖုန်းက ရပ်မခုန်တော့ပါ။

သူသည် အေးဆေးစွာ ထိုင်ချလိုက်သည်။

ချန်းကျောင်းကျောင်းက....

'ကျွန်မပြောလို့ ရှင်က စိတ်ချလက်ချ သူ့ကို ငွေသေတ္တာ ပေးလိုက်တယ်ဆိုတာကျွန်မ နားလည်ပါတယ်'

လုရှောင်ဖုန်းက....

'ဟုတ်တယ်'

ချန်းကျောင်းကျောင်းက....

'အခု ငွေလဲ မရှိတော့ဘူး၊ လူလဲ့ မတွေ့တော့ဘူး၊ ကျွန်မ ဘာလုပ်ပေးရမလဲ'

လူရှော်ဖုန်းက....

'ခင်ဗျားက သူနဲ့ အကြံတူ ပူးပေါင်း လုပ်တယ်ဆို့ကော ကျူပ်က မထင်နိုင်ဘူးလား'

ချန်းကျင်းကျင်းက....

'ကျွန်မက သူနဲ့ပူးပေါင်းရင်သူနဲ့အတူ ထွက်ပြေးနေမှာပေါ့'

သူမက ပြောရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'စိတ်ချ သူ ဝေးဝေးမပြေးနိုင်ပါဘူး'

ချန်းကျင်းကျင်းက....

'ရှင်က သူ့ကို ရှာလို့ တွေ့နိုင်လို့လား'

လူရှော်ဖုန်းက....

'အရင်တစ်ခါ ရှာလို့ တွေ့နိုင်ရင် ဒီတစ်ခါလဲ ရှာလို့ တွေ့ရမှာပေါ့'

သူက ယင်းသို့ ပြောနေသော်လည်း သူ၏ စိတ်ထဲတွင် လုံးဝ ယုံကြည်မှု မရှိပါ

သူက သူမအား နှစ်သိမ့်စကား ပြောလိုက်ခြင်းသာ ဖြစ်လေသည်။

ယောက်ျားများတို့လည်း မိန်းမအတွက်နဲ့ စိတ်ဆင်းရဲရသည့် သောအခါများတတ်သည်။



လူရှော်ဖုန်းက သဖြင့် ချလိုက်သည်။

'ဝါက ရှိုးရှိုးသားသား ဘုန်းကြီးလို့ ခေါင်းကိုစားကြောရှိ တုံးလိုက်တာလဲ'

....o....

'သူက ထန်စိုကျင်းကို သတ်မိလို့ ကြောက်ပြီး ထွက်ပြေးတာ ဖြစ်ရမယ်'

'ဟုတ်မယ်'

'အဲဒီတုန်းက သူအဲယ်ဘက်ကို ထွက်ပြေးသွားတယ် ဆိုတာ ခင်ဗျား တွေ့မိလိုက်သလား'

ချန်းကျင်းကျင်းက....

'မတွေ့မိဘူး'

သူမက စကား ဆက်လိုက်သည်။

'ထန်ခိုကျောင်းရဲ့ အော်သံကို ကြားလိုက်လို့ ကျွန်မအောက်ကို ဆင်းကြည့်လိုက်တယ်၊ အဲ့ဒီအချိန်မှာ သူဟာမရှိတော့ပါဘူး'

လူရှောင်ပုန်းက....

'တစ်ခြားလူလဲ့ သူ့ကို မတွေ့ဘူး ဟုတ်လား'

ချန်းကျောင်းကျောင်းက....

'ဒီဒေသမှာ နေထိုင်တဲ့ လူတွေဟာ ညမှောင်လာတာနဲ့အိမ်ထဲ ဝင်ကုန်ကြတယ်၊ ဆနေ့ည ရာသီဥတုက ပိုအေး လာပါတယ်၊ နေခက်ပြီး ညထမင်းစားတဲ့ အချိန်လဲ ဖြစ်နေလို့'

လူရှောင်ဖုန်းက အနည်းငယ် စဉ်းစားနေ၏။

'လူတစ်ယောက်ဟာတော့ ရာသီဥတု ဘယ်လောက် ဆိုးဆိုး ဆမ်းပေါ်မှာပဲ လျှောက်လာတတ်တယ် ဆိုတာ ကျုပ်သိတယ်'

ချန်းကျောင်းကျောင်းက....

'သူက ဘယ်သူလဲ'

လူရှောင်ဖုန်းက....

'တောင်ဆိတ်အို ဒါမှမဟုတ်ရင် လှေခက်စန်းယန်'

ချန်းကျမ်းကျောင်းက....

'ရေအိုးကြီးထဲမှာ နေထိုင်တဲ့ အဘိုးကြီးပေါ့'

လူရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားလဲ ရေအိုးကြီးကို တွေ့ဖူးလား'



ချန်းကျောင်းကျောင်းက....

'ကျွန်မ ဒီကိုလာတဲ့အခါမှာ ဟိုနေရာမှာ မီးတွေ့တယ်၊ အိမ်မီးလောင်သလိုပါပဲ'

လူရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။

'အဲဒီနေရာမှာ တခြားအိမ်ဆိုလို့ တစ်လုံးမှ မရှိဘူး၊ ရေအိုးကြီးလဲ မီးလောင်နိုင်တာမှ မဟုတ်ဘဲ'

ချန်းကျောင်းကျောင်းက....

'ဟိုမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ ကျွန်မလဲ မပြောတတ်ဘူး'

လူရှောင်ဖုန်းက....

'ဒါကြောင့် ငါတို့ အမြန်ဆုံး သွားကြည့်သင့်တယ်'

—၀—

ရာသီဥတုကလည်း တကယ်ပင် အလွန်အေးသည်။

လေအေး ကိုယ်ခန္ဓာသို့ တိုက်ခတ်လာရာ အရိုးချဉ်ဆီအထိ အေးစိမ့်သွားလေသည်။

လုရှောင်ဖုန်းနှင့် ချန်းကျင်းကျင်းတို့သည် ရေအိုးကြီးကို မတွေ့ရတော့ဘဲ လေထဲ၌ ပြင်းထန်သော အနံ့ကို ရှူရှိုက်မိလေသည်။

လုရှောင်ဖုန်းက နှာခေါင်းရှုံ့လိုက်သည်။

'မကောင်းဘူး'

ချန်းကျင်းကျင်းက....

'ဘာတွေ မကောင်းတာလဲ'

လုရှောင်ဖုန်းက....

'ဘယ်လို အရက်မျိုးမဆို ဗိုက်ထဲ ရောက်သွားရင် သူ့ရဲ့ အနံ့က ဒါလောက် ဝေးဝေးမရောက်နိုင်ဘူး'

ချန်းကျင်းကျင်းက....

'တကယ်လို့ အရက်ကို မီးရှို့လိုက်ရင် အနံ့ တော်တော် ဝေးဝေး ရောက်နိုင်မှာပေါ့'

လုရှောင်ဖုန်းက....

'ဟုတ်ပါတယ်၊ ဒါပေမယ့် လောက်စန်းယန်ကတော့ အရက်ကို ဗိုက်ထဲမှာ ထည့်ထားတတ်တယ်'

ချန်းကျင်းကျင်းကလည်း မျက်မှောင်ကြုတ်သွားလေသည်။

'တစ်ယောက်ယောက်က အရက်ကို မီးနဲ့ရှို့ပြီး ရေအိုးကြီးကို လောင်ကျွမ်းအောင် လုပ်လိုက်တယ်လို့ ရှင်က ထင်နေလို့လား'



လုရှောင်ဖုန်းက....

'ရေအိုးကြီးကတော့ လောင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် လူကိုတော့ သေအောင် ရှို့နိုင်တယ်'

ချန်းကျင်းကျင်းက....

'ဘယ်သူက သူ့ကို မီးရှို့သတ်မှာလဲ၊ ဘာကြောင့် သူ့ကို မီးရှို့သတ်ချင်ရတာလဲ'

လုရှောင်ဖုန်းက....

'သူသိထားတဲ့ လျှို့ဝှက်ချက်က များလွန်းလို့'

လူတစ်ယောက်၏ ဝမ်းဗိုက်ထဲ၌ လျှို့ဝှက်သည့် အချက်များ လွန်စွာလျှင် ဆီအောင်းထားသော ထင်းခြောက်ပမာ မီး လောင်ကျွမ်းစေတတ်ပါသည်။

ယခု မီးလောင်ကျွမ်းနေပြီ ဖြစ်သည်။

....၀....

လူရှောင်ဖုန်းနှင့်ချန်ကျောင်းကျောင်းတို့သည် ရေအိုးကြီးအနီးသို့ ရောက်ရှိသွားသောအခါ ရေအိုးကြီး တစ်ခုလုံး မီးခိုးကြောင့် အမည်းရောင် ဖြစ်နေ၏။

ရေအိုးကြီး၏ အပြင်အကျ်၌ အောင် ကျွမ်း သွား သော ထင်းကြွင်း ထင်းကျန်များ စုပုံနေ၏။

လေထဲ၌ အရက်နံ့များ လွင့်ပျံ့နေသေး၏။ မြန်မာများစွာ စုပုံထားသော ထင်းများအား အရက်များ လောင်း၍ မီးရှို့လိုက်သောအခါ မီးရှိန်မှာ အလွန် ပြင်းထန်မည် ဖြစ်သည်။

လူရှောင်ဖုန်းက သက်ပြင်းချလိုက်သည်။

'ဒါလောက်ပြင်းတဲ့ မီးရှိန်မှာ တောင်ဆိုတ်အိုတစ်ယောက် မပြောနဲ့၊ ကျွဲသယ်တောင်တောင် ဖုတ်ပြီးသားဖြစ်နိုင်တယ်'

ချန်ကျောင်းကျောင်းက....

'အရက်နံ့ ကျန်ရှိသေးတယ်ဆိုရင် မီးလောင်တာ မကြာနိုင်သေးဘူး ထင်တယ်'

လူရှောင်ဖုန်းက....

'ခင်ဗျား အပြင်မှာ စောင့်နေ၊ ကျုပ် အထဲဝင်ကြည့်လိုက်ဦးမယ်'

သူက ပြောပြီး အပေါ်သို့ ခုန်တက်သွားသည်။

သို့သော် ချက်ချင်းပင် ပြန်ဆင်းလာသည်။



ချန်ကျောင်းကျောင်းက....
'ရှင်က ဘာဖြစ်လို့ ဝင်မသွားတာလဲ'

လူရှောင်ဖုန်းက....
'ကျုပ်ဝင်လို့မရဘူး'

ချန်ကျောင်းကျောင်းက....
'ဘာဖြစ်လို့လဲ'

လူရှောင်ဖုန်းက....
'အထဲမှာလဲ ရေခဲနေလို့'

ချန်ကျောင်းကျောင်းက....
'ဒီဒေသက ရေမှုကို အပြင်ယူလိုက်တာနဲ့ ရေခဲသွားတယ်၊ ဒါလောက် ရေမ အိုးကြီးထဲကို ရေအပြည့် မထည့်နိုင်ကြဘူး၊ ဘယ်လိုလုပ် ရေခဲနိုင်မှာလဲ'

လူရှောင်ဖုန်းက....
'ဒါတော့ နက်သိကြွစ်းမှမှ သိမယ်'

သူ၏စကားမဆုံးမီ အသံတစ်ခု ကြားလိုက်ရသည်။

'ဖုတ်....'

ရေအိုးကြီးသည် ကွဲအက်သွားလေသည်။

ထို့နောက်....
'ဖုတ်....ဖုတ်....ဖုတ်'

ဟူသောအသံများ ဆက်၍ဆက်၍ ကြားလိုက်ရသည်။

ရော့ခ ရေအိုးကြီးသည် တစ်စပြီးတစ်စ အက်ကွဲသွားလေသည်။

အစိပ်စိပ်အပိုင်း ကျလာခဲ့လေသည်။

ရေအိုးကြီးက ကွဲအက်သွားသည် ဖြစ်သော်လည်း အတွင်းဆက်မှ ရေခဲမှာ အက်ကွဲခြင်းမရှိပါ။

ကြယ်ကလေး၏ အလင်းရောင်အောက်တွင် ရေခဲတောင်တစ်ခုနှင့် တူလှပေသည်။

မိုးယိုပေါက်ကြည့်လင်သော ရေခဲ၏အကွင်းတက်မှပုံသဏ္ဌာန်များ သဲ့ သဲ့ မြင်တွေ့လိုက်ရသည်။

လုရှောင်ဖုန်းက....

'ခင်ဗျား မီးခြစ်ပါလာသေးလား'

ချန်းကျောင်းကျောင်းအာ မီးခြစ်ထုတ်ပေးလိုက်သည်။

လုရှောင်ဖုန်းအာ သစ်ကိုင်းခြောက်တစ်ကိုင်းကို ဆောက်မှလိုက်သည်။

မီးခြစ်ဖြင့် မီးရှို့လိုက်သည်။

မီးရောင်လင်းသောအခါ သူတို့၏ရင်ထဲ၌ လွှေးလံသွားကုန်ကြလေသည်။

ချန်းကျောင်းကျောင်းက လှဲကျမသွားရန် မနည်းကြိုးစား၍ ထိန်းထားရသည်။



လုရှောင်ဖုန်းကဲ့သို့သော အတွေ့အကြုံများစွာလှသော လူတစ်ဦးပင်လျှင် ဤမျှ ကြောက်မက်ဖွယ်ရာကောင်းသော မြင်ကွင်းမျိုး မမြင်မတွေ့ခဲ့ဖူးပါ။

မိမိထိုင်နေသော မီးရောင်အောက်တွင် ရေခဲတုံးသည် ကျောက်ဖြူတစ်တုံးနှင့် တူလှပေသည်။

အရောင်များ တဖိတ်ဖိတ် တောက်ပနေ၏။

အရောင်တဖျပ်ဖျပ် တောက်ပနေသော ရေခဲတုံးထဲ၌ လူနှစ်ယောက်သည် မလှုပ်မယှက် မတ်တတ်ရပ်နေ၏။

ထိုလူနှစ်ယောက်မှာ တစ်ယောက်ကခေါင်းအပေါ်၌ရှိသည်။ တစ်ယောက်က ခြေထောက်အပေါ်၌ရှိ၏။

တစ်ယောက်က ပိန်ပိန်ပါးပါးဖြစ်သည်။

ထိုလူမှာ ထောက်ရှည်ယန်ဖြစ်လေသည်။

ကျန်တစ်ယောက်မှာ လိရှားပင် ဖြစ်နေ၏။

သူတို့နှစ်ယောက်၏ မျက်လုံးလေးလုံးသည် မြူးထွက်နေပြီး တစ်ယောက်အပေါ် တစ်ယောက်ကအောက် ချန်းကျောင်းကျောင်းနှင့် လုရှောင်ဖုန်းအား ကြည့်နေ၏။

'အမယ်လေး'

ချန်းကျောင်းကျောင်းအား ထိန်း၍မရတော့ပါ။

စူးရှစွာ အော်ဟစ်ပြီး သတိမေ့ပြီး လဲကျသွားလေတော့သည်။

....o....

ချန်းကျောင်းကျောင်း သတိရလာသောအခါ သူမသည် ဝေလ[illegible] ခလောင်းတစားအိမ်သို့ ရောက်ရှိနေသည်။

သူမ၏အိပ်ခန်း ခုတင်ပေါ်၌ ရောက်ရှိနေလေသည်။

သူမ၏ အိပ်ခန်းတစ်ခုလုံးမှာ လှပတင့်တယ်စွာဖြင့် မွမ်းမံထားသည်။



ပစ္စည်းများ ထူ နေရာနှင့်သူ သင့်တော်လျောက်ပတ်စွာဖြင့် ထားရှိသည်။

ဆိုဖွယ်ရာရှိသည်မှာ ကုလားထိုင်ပေါ်၌ ခင်းထားသော ဝက်ဝံကြီးသားရေဖြစ်သည်။ မြင်ကွင်းတင့်မျိုးတစ်ပုံ ဖြစ်စေလေသည်။

သို့သော် လုရှောင်ဖုန်းအား ထိုဝက်ဝံကြီး၏သားရေဖြင့် ခင်းထားသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သောအခါ ထိုဝက်ဝံကြီး၏ သားရေခင်းကျင်းထားသည်မှာ အဖြစ်မဆိုသာသည်ကို နားလည်လိုက်မည် ဖြစ်သည်။

ယခု လုရှောင်ဖုန်းအား ထိုကုလားထိုင်ပေါ်၌ ထိုင်နေပြီး ဖြစ်သည်။

သူသည် ယင်းကဲ့သို့ ပျော့ပျောင်းသော ကုလားထိုင်မျိုး တစ်ကြိမ်တစ်ခါမျှ မထိုင်ခဲ့ဖူးပါ။

သူသည် သက်တောင့်သက်သာစွာဖြင့် ထိုင်နေ၏။ ချန်းကျောင်းကျောင်းက သတိရလာပြီး ဖြစ်သည်။

လုရှောင်ဖုန်းမှာထိုင်၍ အိပ်ငိုက်သည့်အလား သူမအား လှည့်မကြည့်မိပါ။ မီးပုံအ မီးတောက်မီးလျှံများ အားကောင်းသည်။

မီးအိမ်မှာလည်း လင်းထိန်နေသည်။ ခုနတုန်းက ဖြစ်ပျက်ခဲ့သောအကြောင်းသည် ကလေးငယ်ဘဝမှာ အိပ်မက်ဆိုးမက်ခဲ့သည့်အလား ဝေးလံ၍နေ၏။

ချန်းကျောင်းကျောင်းက သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

'ကျွန်မသတိမေ့သွားလို့ တောင်းပန်ပါတယ်ရှင့်၊ နို့မဟုတ်ရင် သူတို့ကိုကြည့်ပြီး ကျွန်မရင်တုန်ပြီး သေသွားနိုင်တယ်'

လုရှောင်ဖုန်းက ပါးစပ်ပိတ်ထားသည်။ သူမ၏စကားကို တုန့်ပြန်ခြင်းမရှိပါ။

ချန်းကျောင်းကျောင်းက သူ့အား ကြည့်လိုက်သည်။

'ရှင်ဘာတွေ တွေးနေတာလဲ'

လုရှောင်ဖုန်းက သူမဘက်သို့လှည့်လိုက်လေသည်။

'ရေအိုးထဲမှာ ရေမရှိရင် ရေမခံနိုင်ဘူး၊ ဘယ်သူကမှရေအိုးကြီးထဲကို ရေထည့်လို့မှမရဘဲ ရေအိုးကြီးထဲမှာ ရေဘယ်လိုလုပ်ရောက်နေတာလဲ'

ချန်းကျောင်းကျောင်းက....

'ဒီအကြောင်းကို ရှင်ကတွေးမိနေပြီလား'

လုရှောင်ဖုန်းက အဖြေမပေးဘဲ စကားဆက်လိုက်သည်။

'မနေ့က ကျုပ်သွားတဲ့အခါမှာ မြစ်ကမ်းပါးမှာ နှင်းများစုပုံနေတာကိုတွေ့ခဲ့ရတယ်၊ တနေ့တော့ လုံးဝမတွေ့ရတော့ဘူး၊ အဲဒီနှင်းတွေ ဘယ်ရောက်ကုန်ပြီလဲ'

ချန်းကျောင်းကျောင်း၏မျက်လုံးများ စဝေ့လယ်လယ် ဖြစ်သွားသည်။



'ရေအိုးကြီးထဲ ရောက်များနေလို့လား'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ နှင်းတွေကိုရေအိုးကြီးထဲထည့်ပြီး အပြင်ကနေမီးနဲ့ရှို့လိုက်ရင်၊ နှင်းများ အရည်ပျော်သွားမှာ သေချာတယ်'

ချန်းကျောင်းကျောင်း၏ မျက်ဝန်းအစုံတွင်အရောင်များတောက်ပလာသည်။

'အပြင်က မီးငြိမ်းသွားတာနဲ့ အရည်ပျော်နေတဲ့ရေဟာ ပြန်ခဲသွားမယ်'

လုရှောင်ဖုန်းက....

'ရေခဲမီးမှာ လိုရှားနဲ့ဖောက်စန်းယန်ကို သူများကရေအိုးထဲ ပစ်ချလိုက်တာ ဖြစ်ရမယ်'

ချန်းကျောင်းကျောင်းက နှုတ်ခမ်းကိုက်ထားသည်။

'သူက ထန်ခိုကျောင်းကိုသတ်ပစ်ပြီးနောက် လော့ဖက်စန်းယန်ဆီကို သွားတွေ့လိမ့်မယ်၊ သူတို့က မိတ်ဆွေဟောင်း ဖြစ်ရုံမက....'

သူမက စကားကိုဆုံးအောင် မပြောသော်လည်း လုရှောင်ဖုန်းက သဘောပေါက်သည်။

လုရှောင်ဖုန်းက သက်ပြင်းချလိုက်သည်။

'သူတို့အချင်းချင်း တွေ့ဆုံနေတုန်းမှာ အသတ်ခံလိုက်ရတာဖြစ်မယ်'

ချန်းကျင်းကျင်းက....

'သူတို့ကို ဘယ်သူက သတ်လိုက်တာလဲ၊ ဘာကြောင့် သတ်ရ တာလဲ'

လုရှောင်ဖုန်းက....

'ဘယ်သူဖြစ်တယ်ဆိုတာကျုပ်မစဉ်းစားတတ်ဘူး၊ ဒါပေမယ့် ကျောက်စိမ်းဆွဲပြားကြောင့်ဆိုတာတော့ သေချာတယ်'

ချန်းကျင်းကျင်းက....

'သူက လီရှားကို သတ်လိုက်ပေမယ့် ကျောက်စိမ်းဆွဲပြား ရချင်မှရမယ်'

လုရှောင်ဖုန်းက ခေါင်းငြိမ့်လိုက်သည်။

'သူက ရအောင်ကြိုးစားဖို့အောင် ကျုပ်စက်ထဲကိုတော့ အရောက်ခံတဲ့သူဟာပါပဲ'

ချန်းကျင်းကျင်းက –

'သူက လီရှားကိုသတ်လိုက်ရင် ပြီးတာပဲ၊ ဘာကြောင့်အလုပ် ရှုပ်ခံပြီး နှင်းများကို ပင်ပင်ပန်းပန်းသယ်ပြီး ရေအိုးထဲထည့်ရတာ လဲ၊ ဒုက္ခခံပြီး နှင်းများကိုအရည်ပျော်အောင် မီးရှို့ရတာလဲ၊ သူတို့ကို ဘာကြောင့် ရေအိုးထဲကို ပစ်လိုက်ရတာလဲ'

လုရှောင်ဖုန်း....

'သူက လီရှားကို ရေအိုးထဲပစ်ချလိုက်တာက လီရှားကို ကျောက်စိမ်းဆွဲပြားထုတ်ပေးဖို့ ခြိမ်းခြောက်လိုက်တာဖြစ်မယ်



ချန်းကျင်းကျင်းက....

'လီရှားက ဉာဏ်ကောင်းတယ်၊ သူက ကျောက်စိမ်းဆွဲပြား ထုတ်ပေးလို့ သေရမှာကိုသိလို့'

လုရှောင်ဖုန်းက....

'ဒါကြောင့် ကျောက်စိမ်းဆွဲပြားဟာ နဂိုနေရာမှာပဲ ရှိနေ ဦးမယ်' မှ

ချန်းကျင်းကျင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'လီရှားသေသွားတော့ ဒီလျှို့ဝှက်ချက်ကို ဘယ်သူမှ သိရ တော့မယ် မဟုတ်တော့ပါဘူး'

လုရှောင်ဖုန်းက ခေါင်းခါလိုက်သည်။

သူသည် မီးဖိုဘက်သို့ လှည့်လိုက်သည်။

'ကျုပ်မှာ မိတ်ဆွေတစ်ယောက်ရှိတယ်၊ သူက ဒီဒေသမှာ ယုံကြည်ရမယ့်လူ နှစ်ယောက်တည်းပဲရှိတယ်လို့ ပြောခဲ့တယ်'

ချန်းကျင်းကျင်းက....

'သူတို့က ဘယ်သူတွေလဲ'

လုရှောင်ဖုန်းက....

'တစ်ယောက်က လောက်စန်းယန်၊ တစ်ယောက်က ခင်ဗျားပဲ'

ချန်ကျင်းကျင်းက အံ့သြသွားသည်။

'ရှင့်မိတ်ဆွေက ဘယ်သူလဲ၊ သူက ကျွန်မကိုသိလို့လား'

လုရှောင်ဖုန်းက....

'သူကလဲ ခင်ဗျားရဲ့မိတ်ဆွေ၊ ခင်ဗျားနဲ့ ငယ်ရာကအတူကြီးပြင်းလာတယ်လို့ ပြောတယ်'

ချန်းကျင်းကျင်းက ပို၍အံ့ဩသွားလေသည်။

သူ့အား မျက်လုံးပြူး၍ ကြည့်သည်။

'ရှင်ပြောတဲ့လူက တိန်ရှမ်းရီ ဟုတ်လား'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'သူပါ'

ချန်းကျင်းကျင်းက....

'ရှင်က သူ့နဲ့ ဘယ်လိုလုပ်သိကျွမ်းခဲ့သလဲ'

လုရှောင်ဖုန်းက....

'ခင်ဗျား သိထားဖို့ဟာက ကျုပ်ကလဲ သူ့ရဲ့မိတ်ဆွေတစ်ယောက်ဖြစ်တယ်၊ တစ်ခြား ဘာမှမမေးပါနဲ့'

ချန်းကျင်းကျင်းက သူ့အား စိုက်ကြည့်လိုက်သည်။

သူမသည် အတန်ကြာစိုက်ကြည့်ပြီးမှ—

'ရှင်နားလည်ထားဖို့က သူ့ရဲ့မိတ်ဆွေလဲ ကျွန်မရဲ့မိတ်ဆွေ ဖြစ်ရမယ်'

လုရှောင်ဖုန်းက....

'ဒါကြောင့် ခင်ဗျားက ကျုပ်ကို မလိမ်ရဘူး'

ချန်းကျင်းကျင်းက....

'စိတ်ချ'



လုရှောင်ဖုန်းက...

'ဘာဖြစ်လို့ ခင်ဗျားက ကျောက်စိမ်းဆွဲပြား ဝှက်ထားတဲ့ နေရာသိရင် အမှန်အတိုင်းပြောပြမှာ သေချာတယ်'

ချန်းကျင်းကျင်းက....

'ခက်တာက ကျွန်မ တကယ်ကိုမသိဘူး'

လုရှောင်ဖုန်းက သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

'ဒါကြောင့် လိုရှားက မဒေသသစ္စာဘူး၊ ဒါကြောင့်ရိုမဆန်ရို သေဖို့မသင့်ဘူး၊ ကျုပ်ကတော့ အရူးတစ်ယောက်ကသာ ဒီလိုထူးခြားတဲ့နည်းနဲ့ လူသတ်သာဖြစ်ရမယ်၊ ဒါပေမယ့် ဒီနေရာမှာ အရူးတစ်ပိုင်းပဲရှိတယ်'

ချန်းကျင်းကျင်းက....

'ဘယ်သူလဲ'

လုရှောင်ဖုန်းက....

'လီဇင်တုံး'

ချန်းကျင်းကျင်းက အံ့ဩထိတ်လန့်သွားသည်။

'လီဇင်တုံးက ကိုယ့်အစ်မအရင်းတောင် သတ်ရက်တယ်လို့ ယူဆသလား'

လုရှောင်ဖုန်းက အဖြေပေးမီ အပြင်ဘက်မှ လူတစ်ယောက်က ချဉ်းနင်းဝင်ရောက်လာလေသည်။

ထိုလူက လက်ခုပ်အက်စ်ပါးတီး၍ ရယ်မောနေ၏။

'သူဟာ နေ့ခက်ဆုံးတော့ ဝါကိုဆက်ခံလိုက်ပြီ၊ ဝါမှာ မိန်းမ ရှိပြီး ငါ့ရဲ့မင်္ဂလာအရက်ကို လာသောက်ကြပါဗျာ'

ထိုသူမှာ လီဇင်တုံး ဖြစ်သည်။

သူ၏ကိုယ်ပေါ်တွင် သူဝတ်နေကျ အနီရောင်အင်္ကျီပွ ဖြစ်သည်။

သူ၏ ဦးခေါင်းပေါ်တွင် အစိမ်းရောင်ဦးထုပ် ဆောင်းထားသည်။

သူ၏ မျက်နှာပေါ်၌ နှုတ်ခမ်းနီ ပါးနီ ခြယ်သထားသည်။ သူ၏ ပုံဟန်မှာ ယခင်ထက်ပင် ပို၍ ရူးနေပုံရသည်။

သူသည် တကယ်ပင် ရူးနေသည်လော။ ဟန်ဆောင်နေသည်လော။

ချန်းကျောင်းကျောင်းက မနေနိုင်တော့ဘဲ မေးလိုက်သည်။

'ဘယ်သူက ရှင့်ကိုယူမယ်လို့ ကတိပေးလိုက်တာလဲ'

လီဇင်တုံးက....

'ငါ့ရဲ့သတို့သမီးပေါ့'

ချန်းကျောင်းကျောင်းက....

'ရှင့်သတို့သမီးက ဘယ်မှာလဲ'

လီဇင်တုံးက....

'ကျုပ်ရဲ့ မင်္ဂလာအခန်းထဲမှာပေါ့'

သူက စကားဆက်လိုက်သည်။

'အနေ့ ကျုပ်မိန်းမယူမယ်၊ အားလုံးက ဝမ်းသာကြတယ်၊ သတို့သမီးက ချစ်စရာကောင်းတယ်၊ ကျုပ်က သူ့ကိုချစ်တယ်'



သူက ရူးရူးမူးမူးဖြင့် လက်ခုပ်ဆက်ဝါးတီး၍ ထွက်သွားပြန်လေသည်။

လုရှောင်ဖုန်းက....

'သတို့သမီးကို ခင်ဗျား သွားကြည့်ချင်သေးသလား'

ချန်းကျောင်းကျောင်းက....

'ကြည့်ချင်ပါတယ်'

....o....

လီဇင်တုံးသည် သူ့ပိုင် အိပ်ခန်းတစ်ခန်းရှိသည်။

အခန်းထဲ၌ တကယ်ပင် အနီရောင်ဖယောင်းတိုင်ကြီးနှစ်တိုင် ထွန်းညှိထားသည်။

ခုတင်ပေါ်၌လည်း အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော သတို့သမီးတစ်ယောက် ရှိနေ၏။

သူမ၏ မျက်နှာပေါ်တွင် အနီရောင်ပဝါ ဖုံးထား၏။

သူမသည် ကုတင်ခေါင်းရင်းတွင် ခပ်စောင်းစောင်းကလေး ထိုင်၍ ကိုင်နေ၏။

လီဇင်တုံးက သူမ အနီးသို့ ရပ်နေ၏။

သူသည် အဆက်မပြတ် ရယ်မောနေ၏

အဆက်မပြတ် တေးဆိုနေ၏။

ချင်းကျောင်းကျောင်းက မျက်မှောင် ကြုတ်သွားလေသည်။

'ကျွန်တော်တို့က ရှင်သီချင်း ဆိုတာကို နားထောင်ဖို့ လာတာ မဟုတ်ဘူး၊ ပါးစပ် ပိတ်ထားလိုက်ပါ'

'လီဇင်တုံးက သိပ်ကိုလှတယ်၊ ကြည့်ချင်လို့လား' ချင်းကျောင်းကျောင်းက....

'ကြည့်ချင်တယ်'

လီဇင်တုံးက ချက်ချင်းပင် သတ္တိသမီး မျက်နှာပေါ်၌ ဖုံးထားသော အနီရောင် အဝတ်ကို ဖယ်ရှားရန် ဟန်ပြင်လိုက်သည်။

ထိုအခါ သူက ရုတ်တရက် လက်ကို ရုပ်သိမ်းလိုက်သည်။

'မပြင်သေးဘူး၊ သတ္တိသမီးက ခင်ဗျားတို့ကို တွေ့ချင်သလား၊ မတွေ့ချင်ဘူးလားဆိုတာ မေးရဦးမယ်'

သူသည် ကုန်း၍ သတ္တိသမီး၏ နားသို့ကပ်၍ တီးတိုးပြောလိုက်လေသည်။

သတ္တိသမီးက လုံးဝ စကားပြောသည်ကို မကြားရပါ။ အနည်းငယ်မျှ တုန့်ပြန်ခြင်းလည်း မပြုပါ။



လီဇင်းတုံးက ထရှန်လိုက်လေသည်။

'သူက တွေ့ပါမယ်တဲ့၊ နောက်ပြီး သူ့ကိုလဲ အရက်တစ်ခွက် တိုက်ပြုရမယ်တဲ့ ပြောတယ်'

သူသည် တက်ဆတ်စွာ လိုက်ပြန်သည်။

ဤတစ်ကြိမ် သူသည် သတ္တိသမီး မျက်နှာပေါ်၌ ဖုံးထားသော အဝတ်ကို တကယ်ပင် ဖြုတ်ချလိုက်လေသည်။

လုရှောင်ဖုန်းနှင့် ချင်းကျောင်းကျောင်းတို့၏ ရင်ထဲမှာ တုန်ခါသွားသည်။

ခန္ဓာကိုယ် တစ်ခုလုံး အေးစက် တောင့်တင်း သွားလေသည်။

သူနှင့် သူမတို့သည် ဓားခဲထဲမှာ ထည့်ထားသော လူသေ အခေါင်း နှစ်လောင်းထက်ပင် အော်ဂလီဆန်ပြီး အံ့ဩ ထိတ်လန့်သွားလေသည်။

သတ္တိသမီး၏ မျက်နှာပေါ်၌ နှုတ်ခမ်းနီ ဝါးနီဖြင့် ခြယ်သ ထားလေသည်။

ထို့နောက်....

သူမ၏မျက်လုံးမှာ ပြူးထွက်နေ၏။

သတ္တိသမီးဆိုသူမှာ လူသေအလောင်းဖြစ်သည်။

'ထန့်ခိုကျင်း'

ချင်းကျောင်းကျောင်းက လွှတ်ခနဲ အော်မိလေသည်။

လီဇင်တုံးမှာမူ အလွန်ပျော်ရွှင်စွာ ရယ်မောနေ၏။

သူသည် အရက်လေးခွက်ကို လှမ်းယူလိုက်ပြီး ချန်းကျောင်းကျောင်းအား အရက်တစ်ခွက်ပေးသည်။

လူရှောင်ဖုန်းကိုလည်း အရက်တစ်ခွက်ပေးသည်။

သူကိုယ်တိုင် တစ်ခွက်သောက်ပြီး သတို့သမီးအတွက် တစ်ခွက် ချန်ထားလိုက်သည်။

လူရှောင်ဖုန်းနှင့် ချန်းကျောင်းကျောင်းတို့အား လီဇင်တုံးလှမ်းပေးသော အရက်ခွက်ကို လှမ်းယူထားလိုက်သည်။

သူတို့မှာ စိတ်မအေးစရာ ဖြစ်နေကြလေသည်။

လီဇင်တုံးက အကယ်ပင် ရူးသွားပြီလော။

လီဇင်တုံးက ခုတင်ပေါ်သို့ ထိုင်ချလိုက်သည်။

အရက်တစ်ခွက်ကို ထန်ခိုကျောင်း၏ အလောင်းအနီး၌ ချထားလိုက်သည်။

'ငါတို့ အတူတူသောက်ကြမယ်၊ အရက်သောက်ပြီးရင် ကျုပ်က သူတို့ကို မောင်းထုတ်လိုက်ပါမယ်'

လူခုသအလောင်းမှာ အရက်ကို မသောက်နိုင်ပါ။

လီဇင်တုံးမှာ မျက်လုံးပြူးသွားလေသည်။

'မင်းက ဘာဖြစ်လို့ မသောက်ချင်ရတာလဲ၊ ငါ့ကို လက်မထပ်ချင်တော့ဘူးလား'

ချန်းကျောင်းကျောင်းက မကြည့်ရက်တော့ပါ။

မိမိငိုမိမည်ကို စိုးရိမ်သည်။

အော့အန်မိမည်ကိုလည်း စိုးရိမ်လေသည်။



သူမှာ မနေနိုင်တော့ဘဲ ထအော်လိုက်သည်။

'သူ သေ သွား ပြီ ဆို တာ ရှင်မသိဘူးလား၊ ဘာဖြစ်လို့ သူ့ကို....'

လီဇင်တုံးမှာ ရုတ်တရက် ထရပ်လိုက်သည်။

'သူသေပြီလို့ ဘယ်သူက ပြောသလဲ'

ချန်းကျောင်းကျောင်းမှာ....

'ကျွန်မပြောတာ'

လီဇင်တုံးမှာ မုန်းတီးစွာဖြင့် စိုက်ကြည့်လိုက်သည်။

'မင်းက ဘာဖြစ်လို့ ဒီလိုစကားမျိုး ပြောရတာလဲ'

ချန်းကျောင်းကျောင်းက....

'သူ သေသွားလို့ ပြောနေတာ၊ ရှင်က သူ့ကို တကယ် ချစ်ရင် သူ အေးအေးဆေးဆေး အနားယူပါစေလား'

လီဇင်တုံးက ရုတ်တရက် ချန်းကျောင်းကျောင်းအနီးသို့ တစ်ဟုန်ထိုး ပြေးလာသည်။

'သူ မသေဘူး၊ သူက ကျုပ်ရဲ့ သတို့သမီး၊ မသေရဘူး'

သူသည် ချန်းကျောင်းကျောင်း၏ ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ကိုင်၍ ဆုပ်လိုက်သည်။ ချန်းကျောင်းကျောင်းက ကြောက်ရွံ့ထိတ်လန့် သွားသည်။

သူမက လီဇင်တုံး၏ ပါးကို ပြင်းပြင်းထန်ထန် ရိုက်ချလိုက်လေသည်။

'ဖြန်း'

ပါးရိုက်သောအသံ ပီပြင်စွာ ထွက်ပေါ်လာသည်။

ငိုသံများ နေအောင်သံများ ချက်ချင်း ရပ်တန့်သွားသည်။

အိမ်ခန်းတစ်ခုလုံးမှာ သင်္ချိုင်းတစပြင်ကဲ့သို့ တိတ်ဆိတ်သွားလေသည်။

လီဇင်တုံးသည် ငေးငိုင်စွာဖြင့် ရပ်နေ၏။ သူ၏ ကြောင်နေသော မျက်လုံးအစုံသည် မျက်ရည်များ တဖြည်းဖြည်း စီးဆင်းလာနေ၏။

ချန်းကျောင်းကျောင်းက နောက်သို့ ခြေနှစ်လှမ်းဆုတ်သွားသည်။ ကြိုက်သီးမွေးသီး ထလာလေလေသည်။

လီဇင်တုံးက စကား တစ်လုံးချင်း ပြောချလိုက်သည်။

'ဟုတ်ကဲ့....သူ သေသွားပြီ၊ သူ့ကို ဘယ်သူ သတ်တယ်ဆိုတာ ကျုပ် သိတယ်'

ချန်းကျောင်းကျောင်းက....

'ဘယ်သူလဲ'

လီဇင်တုံးက...

'မင်းပဲ၊ မင်းက ခြေအိတ်တစ်ခုနဲ့ သူ့လည်ပင်းကို ညှစ်သတ်တာကို ငါ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရတယ်'

သူက နောက်ပြန်လှည့်လိုက်သည်။

ထန်ခိုကျောင်း၏ အင်္ကျီကို အပေါ် ကြွယ်သီး ဖြုတ်လိုက်သည်၊ ထန်ခိုကျောင်း၏ လည်ပင်းမှာ ညိုမည်းနေသော အရာတစ်ခု တွေ့မြင်ရသည်။



'မင်း ကြည့်ထား၊ မင်းလုပ်တဲ့ အလုပ် တော်ပြင်းချင်သေးလို့လဲ'

ချန်းကျောင်းကျောင်းက ဒေါသထည်းဖြစ်၊ စိုးရိမ်လည်း စိုးရိမ်သွားသည်။

သူမ၏ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

'ရှင် ရူးနေပြီ၊ တကယ့်ကို ရူးနေပြီ၊ ဘယ်သူက ရှုပ်စကားကို ယုံမှာ မဟုတ်လို့ တော်ပါသေးရဲ့'

လီဇင်တုံးက သူ့ကို လှည့်မကြည့်တော့ပါ။

ထန်ခိုကျောင်း၏ ကိုယ်ပေါ် သို့ မှောက်လျက် အသံကုန် ငိုကြွေးလိုက်လေသည်။

'ကျုပ်က ဘာဖြစ်လို့ ကျုပ်အစ်မနောက်ကို အမြဲတမ်းလိုက်နေတယ်ဆိုတာ မင်းသိရဲ့လား၊ ငါက မင်းကို တိတ်တဆိတ်ချစ်နေလို့၊ တစ်နေ့ ငါနဲ့ လက်ထပ်ဖို့ စောင့်နေလို့၊ ကျုပ်က ပိုက်ဆံမရှိပေမယ့် မုတ်ဆိတ်ပြာက ငါ့ကို ငွေသုံးသောင်းမပေးမယ်လို့ ပြောထားတယ်၊ ငွေသုံးသောင်းအတွက်နဲ့ ငါ့အစ်မကို ငါ သစ္စာဖောက်လိုက်တယ်၊ အခုတော့ မင်းက ဘာဖြစ်လို့ သေသွားရတာလဲ'

လုရှောင်ဖုန်းက တိတ်တဆိတ် ထွက်ခွာသွားသည်။

ညီနေရာ၌ ကြာကြာနေလျှင် မိမိပါ ရူးလိမ့်မည်ဟု ယုံကြည်သည်။

လူတစ်ယောက်ကို လွန်ကဲစွာ မချစ်သင့်ပါ။

အဘယ်၍ လွန်ကဲစွာ ချစ်မိပါက ဝမ်းနည်းကြေကွဲမှုသာ ပေးချေသည်။

လူ့ဘဝမှာ အဘယ့်ကြောင့် ဝမ်းနည်းကြေကွဲမှုက ဗိုဒ် များပြားပါသနည်း။

အပြင်ဘက်၌ မှောင်မည်းသည်။

အေးစိမ့်သည်။

လုရှောင်ဖုန်းက အိမ်ထဲမှ ထွက်လာပြီး လေကိုအဝ ရှူရှိုက်လိုက်လေသည်။

ရုတ်တရက် သူ ကုန်း၍ အော့အန်လေတော့သည်။

....o....



ညဉ့်နက်လာပြီ ဖြစ်သည်။

လုရှောင်ဖုန်းသည် တစ်ယောက်တည်း လမ်းမပေါ်၌ တစ်နာရီခန့် လျှောက်နေ၏။

လမ်း၏ တစ်ဘက်တစ်ချက် မီးအိမ်များသည် တစ်လုံးပြီး တစ်လုံး ငြိမ်းသွားအောသည်။

ကောင်းကင်ပေါ်၌ ကြယ်ကလေးများသည် တဖြည်းဖြည်း ပျောက်ကွယ်နေ၏။

သူသည် ဆက်၍ လျှောက်သည်။

မည်မျှကြာအောင် လျှောက်သွားမှန်း မသိ။

မည်သည့်အချိန်က ခြေလှမ်း ရပ်တန့်လိုက်မှန်းမသိ။

သူ့ခေါင်း မော့ကြည့် လိုက်သောအခါ လိန်ဟုန်အော့၏ "တယ ဆေးဆိုင်" ကို ရောက်နေသည်ကို တွေ့ရ၏။

တံခါးကြားမှ မီးရောင်များ ပြာထွက် လာသည်ကို တွေ့ရသည်။

သူသည် တံခါးဝ၌ ရပ်၍ ငေးငိုင်နေ၏။

ကိုယ့်ကိုယ်ကိုလဲ မေးမိသည်။

'ငါက သူ့ဆီကို လာချင်နေလို့လား၊ ဒါကြောင့် ငါက သူ့အိမ်ရှေ့မှာ ခြေလှမ်းရပ်လိုက်တာ ဖြစ်ရမယ်'

သူက ခေါင်းတစ်ချက် ခါလိုက်သည်။

'တာပဲဖြစ်ဖြစ် ငါ ရောက်လာပြီပဲ"

သူက တံခါး ခေါက်လိုက်လေသည်။

'ဒေါက်....ဒေါက်.... ဒေါက်'

တံခါးက စေ့ ယုံသာစေ့ ထားသည်။

တံခါးကို ခေါက်လိုက်သည်နှင့် ဟ သွားလေသည်။

သူက တံခါးကို တွန်းဖွင့်လိုက်သည်။

အိမ်ခန်းထဲ၌ မီးထွန်းထားသည်။

သို့သော် လူကို မတွေ့ပါ။

လုရွှေခင်ဖုန်း၏ စိတ်ထဲတွင် စိုးရိမ်ပူပန်သည့် ခံစားမှုကို ရုတ်တရက်ဖြစ်ပေါ်လာသည်။

သူ၏ ရင်ထဲမှာလည်း တစ်ချက် လှုပ်ရှားသွားသည်။

သူက လှမ်းဝင်လိုက်သည်။

ဧည့်ခန်းထဲမှာ လူမရှိပါ။

သူက နောက်ဆက် အခန်းသို့ လျှောက်သွားပြန်လေသည်။

နောက်ဆက် အခန်းမှာလည်း လူမရှိပါ။

သူ၏ စိတ်ထဲမှာ ပို၍ စိုးရိမ်လာသည်။

အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။

အိပ်ခန်းထဲမှာလည်း လူမရှိပါ။

မီးဖိုဆောင်မှာလည်း လူမရှိပါ။

မီးဖိုဆောင်၏ နောက်ဆက်မှ တံခါးသည် စေ့ရုံစေ့ထား သည်။



လေတိုက်ခတ်နေသောကြောင့် အဖွင့်အပိတ် ဖြစ်နေ၏။

လုရွှေခင်ဖုန်းက မျက်မှောင် ကြုတ်သွားသည်။

လိန်ဟွန်အောင်က အိပ်မပျော်၍ မြတင်းပေါက်မှအပြင်ဘက် ထွက်သည်လော....

....၀....

ဝန်းကျင်တစ်ခုလုံးသည် အမှောင်ထုက လွှမ်းမိုးထားလေ သည်။

အဆုံးအစမရှိသော အမှောင်ထုထဲတွင် အလွန် လျှို့ဝှက်ပြီး ကြောက်မက်ဖွယ်ရာကောင်းသော အရာများ ရှိနေပြီလော။

လုရွှေခင်ဖုန်းသည် လေကိုဆန်၍ ခြေလှမ်းကျဲကျဲ လျှောက် နေ၏။

ကနေ့ညသည် မည်သည့် ကိစ္စနှင့် တွေ့ကြုံရမည်ကို သူက မခန့်မှန်းနိုင်ပါ။

သို့သော် လိန်ဟုန်အော့ကို မတွေ့ တွေ့အောင် ရှာမည်ဟု သူက စိတ်ဆုံးဖြတ်ထားလေသည်။

လိန်ဟုန်အော့က မည်သည့် နေရာသို့ ရောက်သွားပါသနည်း။

ရေခဲပြင်မှာ သွားပြီး ဝက်ဝံနက်ကို ကြည့်နေခဲ့သလား။ ကောင်းကင်နှင့် အနှဝါးရှာ ကြယ်ကလေးများ ရှိနေ၏။ သူက ကြယ်ကလေးရှိရာသို့ မျက်နှာမူ၍ လျှောက်သွားလေသည်။

ချက်ချင်း စူးရှသောအသံ ကြားလိုက်သည်။

ထိုအသံမှာ မိန်းမသမီး တစ်ယောက်၏ အသံ ဖြစ်သည်။ သူသည် အမြန်ဆုံးသော နှုန်းထားဖြင့် ပြေးလွှားသွားလေသည်။

ရေခဲနေသော မြစ်ပြင်ပေါ်၌ နီရဲသော သွေးများကို တွေ့မြင်လိုက်ရလေသည်။

သွေးစက်များသည် တစ်စက်ပြီး တစ်စက် ရေခဲနေသော မြစ်ပြင်ဘက်သို့ ဦးတည်သွားသည်။

သွေးစက်ကျရာအတိုင်း လိုက်သွားရာ ခြေလှမ်း သုံးဆယ်ခန့် လှမ်းမိလိုက်သည်နှင့် ခပ်လှမ်းလှမ်းတွင် လိန်ဟုန်အော့က ရေခဲပြင်ပေါ်၌ ခွေးခွေးကလေး လဲလျောင်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူက လျင်လျင်မြန်မြန် လျှောက်သွားသည်။

ဒူးထောက်၍ ကြည့်လိုက်ရာ လိန်ဟုန်အော့၏ ခန္ဓာကိုယ် တစ်ခုလုံးမှာ အေးစက်တောင့်တင်းနေ၏။



သူ၏ မျက်နှာမှာလည်း သွေးအိုင်၍နေ၏။

ထို့အပြင် လက်သည်းရာ ငါးချောင်းကိုလည်း တွေ့မြင်လိုက်ရလေသည်။

သူမ၏ ရင်ဝတွင် အလွန်ကြီးမားပြီး ခွန်အားသန်သော လက်နှစ်ဘက်က ကုတ်ဆွဲလိုက်သည့် အနေအထားမှာ ရှိနေ၏။

သူမသည် သူမ တွေ့နေကျ အနက်ရောင် ဝက်ဝံကို တွေ့ရှိပြန်ပြီလော။

အနက်ရောင် ဝက်ဝံက သူမအား အသေ သတ်ဖြတ်သွားပြီလော။

ထူးဆန်းသည်မှာ ဝက်ဝံနက် ဆိုလျှင် အဘယ့်ကြောင့် ကိုက်စားပစ်ခြင်း မရှိဘဲ ဤအတိုင်း ထားခဲ့ပါသနည်း။

သူမ၏ ကိုယ်ပေါ်တွင် သွားကိုက်သော ဒဏ်ရာကို မတွေ့ရပါ။

သူမအား ဝက်ဝံက ကိုက်ချီသွားခြင်း မဟုတ်ဘဲ သူမအား အားဘက်ထောက်၍ ရောက်လာခြင်း ဖြစ်သည်။

သူသည် ဤမျှ သေလောက်သည့် ဒဏ်ရာ ရရှိထားသည့်တိုင်အောင် အဘယ့်ကြောင့် ဤနေရာသို့ သူမ၏ ရှိသမျှ အင်အားကို သုံးပြီး ရောက်အောင် လာရပါသနည်း။

သူမ၏ ခန္ဓာကိုယ်သည် ခွေခွေကလေး ရှိနေသော်လည်း သူမ၏ လက်တစ်ဘက်က ရှေ့သို့ဆန့်ထုတ်လိုက်ပြီး လက်ချောင်းလေး ငါးချောင်းက ရေခဲပြင်သို့ ထိုးစိုက်ထားသည်။

သူမက ဤရေခဲအောက်တွင် လျှို့ဝှက်ချက် တစ်စုံတစ်ခုရှိ၍ ဖော်လိုသည်လော။

သူ့ခသည် စည်သည့်အရာကို တူးဖော်လိုပါသနည်း။

ကောင်းကင်ပေါ်၌ ကြယ်ကလေးများပျောက်ကွယ်သွားပြီး ဖြစ်သည်။

သို့သော် ရေခဲပြင်တစ်ခုလုံးမှာ အမှောင်ထု၏ လွှမ်းမိုးထား လေ၏။

ယခုကဲ့သို့ အချိန်သည် တစ်နေ့တာ၏ အမှောင်ဆုံးသော အချိန် ဖြစ်လေသည်။

လူရှောင်ဖုန်း၏ ခေါင်းမော့လိုက်သည်။

သူ၏ မျက်ဝန်းအစုံတွင် အလင်းရောင်များ ပေါ်ထွက် နေ၏။

....o....

ပွင့်စာပေ
အမှတ် ၁၅/၁၃၈၊ မြေ
● အ ၁၆ [illegible]
ဖုန်း ၂၁၀၄၄၅

ခြေရာခံခြင်း

တစ်နေ့တာ၏ အမှောင်ဆုံး အချိန်သည် အလင်းရောင်နှင့် အနီးဆုံးအချိန် ဖြစ်သည်။

လူ့ဘဝသည် ဤအတိုင်း ဖြစ်သည်။

သင်သည် ထိုအခက်အခဲဆုံး အမှောင်ဆုံးသော အချိန်ကို ကျော်လွှားဖြတ်နိုင်ခဲ့မည်ဆိုလျှင်....

သင်၏ ဘဝသည် အလင်းရောင်နှင့် မျှော်လင့်ချက် ပြည့်ဝ လာမည်သာ ဖြစ်လေသည်။

....o....

ပထမဆုံးထွက်ပေါ်လာသော နေရောင်ခြည်သည် အမှောင်ထုကို ထိုးဖောက်ပြီး မြေပေါ်သို့ ထိုးကျလာသောအခါ....

လုရှောင်ဖုန်း၏ ကိုယ်ပေါ်သို့ ထိုးကျနေ၏။

နေရောင်ခြည်သည် နွေးနွေးထွေးထွေးဖြင့် ထိုးကျနေ၏။

ချီချီနှင့် ချန်းကျောင်းကျောင်းတို့၏မျက်လုံးအစုံသည် နွေးထွေးစွာဖြင့် လုရှောင်ဖုန်း၏ကိုယ်ပေါ်သို့ ရောက်နေ၏။

သူမတို့၏မျက်ဝန်းအစုံတွင် စေတနာ အရိပ်အယောင်များ ပ ဝင်နေ၏။

လုရှောင်ဖုန်းက အဘယ့်ကြောင့် သူမတို့ကို မစာစောစီးစီး လာရောက်ခေါ်နေသည်ကို နားမလည်ကြပါ။

နေရောင်ခြည်ထိုးကျနေသော၊ ရေခဲနေသော မြစ်ပေါ်၌ပိုရှိ အရောင်များ တောက်ပပြီး လှပ၍နေ၏။

လိုဟုန်အဘ၏အဆောင်း သယ်ဆောင်သွားပြီး ဖြစ်သည်။ ထွေးရာများပင် မကျန်ခဲ့တော့ပါ။

သို့သော် ချီချီနှင့် ချန်းကျောင်းကျောင်းတို့က ထိုမြင်ကွင်းကို မေ့နိုင်ကြ မဟုတ်ကြပါ။

ချန်းကျောင်းကျောင်းသည် လုရှောင်ဖုန်း၏အနီး၌ ဒူးတစ်ဘက် ထောက်၍ထိုင်နေသည်။

သူမမျက်နှာမှာ ဖြူဖပ်ဖြူလျော် ဖြစ်နေလေသည်။ အတန်ကြာတော့မှ သူမက ခလေးပြတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

'ဒီနေရာမှာ ဝက်ဝံ ရှိတယ်ဆိုတာ ကျွန်မကြားပါတယ်။ ဒါပေမယ့် ဒီလောက်ရက်စက်လိမ့်မယ်လို့ မထင်မိဘူး'



လုရှောင်ဖုန်းက....

'သူ့ကို ဝက်ဝံ ကိုက်သတ်သွားတယ်လို့ ခင်ဗျား ထင်နေသလား'

ချန်းကျောင်းကျောင်းက....

'အရက်စက်ဆုံးသော သတ္တဝါများထဲမှာ ဒီလောက် ခွန်အားကြီးမယ့် တိရစ္ဆာန်ထဲမှာ လူလိုမတ်တတ် ရပ်နိုင်တာက ဝက်ဝံ ပဲရှိမယ်'

လုရှောင်ဖုန်းက....

'ဒါမှန်တယ်'

ချန်းကျောင်းကျောင်းက...

'ရှင်က အချိန်မီ ရောက်မလာခဲ့ရင် အရိုးအသားကိုတောင် ရှာလို့တွေ့မှာ မဟုတ်ဘူး'

သူမက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျွန်မတို့လေးယောက်တည်းမှာ ကျွန်မက သူ့ကို အခင်ဆုံးပါပဲ'

သူမ၏အသံ တုန်ခါလာသည်။

မျက်ရည်များ စီးဆင်းကျလာပြန်လေသည်။

သူမသည် ရုတ်တရက် လုရှောင်ဖုန်း၏ပခုံးကိုမှီ၍ ငိုကြွေးတော့သည်။

လုရှောင်ဖုန်းက သူမ၏ခါးကို ကြင်နာစွာဖြင့် သိုင်းဖက်ထားလိုက်လေသည်။

ချီချီက သူတို့အားကြည့်ပြီး မဲ့ပြုံးပြုံး လိုက်လေသည်။

'ကျွန်မ ဒီကိုလိုက်လာတာ ရှင်တို့ ချစ်ခန်းကြိုက်ခန်းကြည့်ဖို့ လာတာမဟုတ်ဘူး'

သူမက လက်ဝေ့ယမ်းပြလိုက်သည်။

'ကျွန်မသွားတော့မယ်'

သူမက ချာခနဲလှည့်ထွက်သွားသည်။

လုံရှောင်ဖုန်းက....

'ခင်ဗျားက ဘာကြည့်ချင်လို့လဲ၊ ကျောက်စိမ်းဆွဲပြားကို မကြည့်ချင်ဘူးလား'

လုံရှောင်ဖုန်း၏စကားသည် ကြိုးကွင်းတစ်ခုပမာ ချီချီ၏ ခြေထောက်ကိုစွပ်မိသွားသည်။

သူမက ချာခနဲလှည့်လိုက်လေသည်။

'ရှင်အ ကျောက်စိမ်းဆွဲပြားကို တွေ့ပြီဟုတ်လား'

လုံရှောင်ဖုန်းက....

'ဟုတ်တယ်'

ချီချီက....

'ဘယ်မှာလဲ'

လုံရှောင်ဖုန်းက....

'ဒီမှာ'

သူသည် လိပ်ပြာပုံအော၏ လက်ချောင်းများ ထိုးစိုက်ထား သော ရေခဲပြင်ကိုညွှန်ပြလိုက်သည်။



သို့သော် ထိုနေရာတွင် ရေခဲကထူထပ်စွာရှိနေသဖြင့် လက် ချောင်းဖြင့်တူးဖော်ရန်မဆိုထားဘိ ပေါက်ချွန်းနှင့် ပေါက်ချပင် ရနိုင်မည် မဟုတ်ပါ။

ချီချီက မျက်မှောင်ကြုတ်သွားသည်။

'ရှင့်မျက်လုံးက ရေခဲပြင်အောက်အထိ ထိုးဖောက်မြင်နိုင်စွမ်း ရှိလို့လား'

ထိုနေရာသည် မြစ်ကမ်းပါးနှင့် အလွန်နီးသည်။

ရေခဲ၏အရောင်သည် အခြားနေရာထက်မည်း၏။

ထို့ကြောင့် ရေခဲအောက်သို့ မည်သူမှ ထိုးဖောက်မြင်တွေ့နိုင် စွမ်း မရှိပါ။

သို့သော် ခြောက်သွေ့သော သစ်ပင်တစ်ပင်သည် မြစ်၏ မျက်နှာပြင်ပေါ်သို့ တစ်ပိုင်းတစ်စ ထိုးဖောက်တည်ရှိနေသည်ကို တွေ့ရသည်။

ထိုပြူးထွက်နေသော သစ်ကိုင်းသည် အဝေးမှနှင်းများခဲနေ သော တောင်တစ်လုံးနှင့် ကုန်းပေါ်မှ ဘုရားကျောင်းတစ်ခုနှင့် မျက်နှာချင်းဆိုင်ရှိနေ၏။

လုံရှောင်ဖုန်းက....

'ကျုပ်က တိုးယိုပေါက်မမြင်နိုင်ပေမယ့် စိတ်ထဲမှာ အလိုလို သိနေတယ်'

ချီချီက မဲ့ပြုံးပြုံးလိုက်သည်။

'ဒါဆိုတော့ အထောက်အထားမှ မရှိတဲ၊ ဘယ်လို ကျောက်စိမ်းဆွဲပြားက အထဲမှာရှိတာတောင် ဘယ်လိုမှတူးဖော် လို့မှ မရတဲ'

လုရှောင်ဖုန်းက....

'ကျုပ် ငယ်ငယ်ကတည်းက လူကြီးသူမဆိုးတွေ စကား နှစ်ခွန်းကြားဖူးတယ်၊ အဲဒီစကားတွေဟာ အတော့်ကို အသုံးဝင်ပါတယ်'

ချီချီက....

'ကျုပ်ဘယ်လောက် အသုံးဝင်တဲ့စကား ဖြစ်ပါစေ၊ ရေခဲနေတာကို အရည်ပျော်အောင် မပြုနိုင်ပါဘူး'

လုရှောင်ဖုန်းက သူ၏စကားကို ဆက်လိုက်သည်။

'အဲဒီစကားနှစ်ခွန်းကတော့ လောကပေါ်မှာ ခက်ခဲသည့်အရာမရှိ၊ ကြိုးစားမည့်လူသာ ရှိဖို့လိုတယ်တဲ့'

သူက စကားဆက်လိုက်သည်။

'ဒုတိယ စကားတစ်ခွန်းကတော့ အလုပ်ကို အောင်မြင်စေချင်ရင် သူ့ရဲ့အသုံးအဆောင်များကို ထက်မြက်အောင် လုပ်ရမယ်တဲ့'

သူက ချီချီ့ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဒီစကားနှစ်ခွန်းရဲ့ အဓိပ္ပာယ်ကို ခင်ဗျားနားလည်မှာပါ'

ချီချီက....

'ကျွန်မ နားမလည်ဘူး'

လုရှောင်ဖုန်းက....

'အဓိပ္ပာယ်ကို အတိုချုံးပြီး ပြောရမယ်ဆိုရင်....'

သူက စကားတစ်လုံးချင်း ပြောချလိုက်သည်။



'ခိုင်မာတဲ့စိတ်ဓာတ်နဲ့ အသုံးဝင်တဲ့ကိရိယာရှိရင် လောကပေါ်မှာ မလုပ်မဖြစ်တဲ့ကိစ္စဆိုတာ မရှိတော့ဘူးလို့'

ချီချီက....

'ရှင့်ရဲ့ ခိုင်မာတဲ့စိတ်ဓာတ်ကို ကျွန်မမြင်လို့ မရဘူး၊ ထက်မြက်တဲ့ကိရိယာလဲ ကျွန်မ မတွေ့ပါလား'

လုရှောင်ဖုန်းက အံကြိတ်လိုက်သည်။

'ခင်ဗျား တွေ့ရမှာပေါ့'

ချီချီက သူ့အနားတွင် ရပ်၍ကြည့်နေ၏။

လုရှောင်ဖုန်း၏ ထက်မြက်သောကိရိယာမှာ ဝါးဆယ့်လေးငါးချောင်းနှင့် ပုလင်းတစ်လုံးဖြစ်သည်ကို မည်သူကမျှ မထင်မှတ်ကြပေ။

ချီချီက ထိုဝါးလုံးများကိုကြည့်ကာ အားရပါးရ ရယ်မောမိလေသည်။

'ရှင့်ရဲ့ ထက်မြက်တဲ့ကိရိယာဆိုတာ ဒါပဲလား'

လုရှောင်ဖုန်းသည် သူမပြောသည့်စကားကို လုံးဝမကြားရသည့်အလား သူ့မျက်နှာပေါ်တွင် ရုတ်တရက် တည်ကြည်လေးနက်လာလေသည်။

သူသည် သတိကြီးစွာဖြင့် ပုလင်းအဖုံးကို ဖွင့်လိုက်လေသည်။

ထို့နောက် အဝါရောင်ရည်များကို တစ်ဝက်ပြီးတစ်ဝက် သွန်လိုက်လေသည်။

အဝါရောင် အရည်များသည် ရေခဲပြင်ပေါ်သို့ ကျသွားသည်နှင့်....

'ချွီ...'

ဟူသောအသံနှင့်အတူ အစိမ်းရောင်မီးခိုးများ ထောင်တက်လာ၏။

သံစက်ကဲ့သို့ မာကျောသော ရေခဲပြင်ပေါ်တွင် ထိုအဝါရောင် ရေစက်ကြောင့် အပေါက်ကလေးတစ်ခု ဖြစ်ပေါ်လာလေသည်။

အစိမ်းရောင်မီးခိုးများ ပြန့်မသွားမီ သူသည် ဝါးလုံးတစ်လုံးကို ထိုးချလိုက်သည်။

သူသည် အဝါရောင်အရည်ကို တစ်စက်လိုက်ချတိုင်း ဆက်တစ်ဆက်က ဝါးလုံးကို ထိုးချလိုက်သည်။

သူသည် ဤသို့ဖြင့် အဝါရောင်ရေစက် ချတိုင်းချတိုင်း ဖြစ်ပေါ်လာသော အပေါက်ထဲသို့ ဝါးလုံးတစ်လုံးစီ ထိုးစိုက်လိုက်ရာ....

တစ်ခဏအကြာတွင် ဝါးလုံး အသယ်လောက်ဝါးလုံးစလုံးသည် ဝိုင်းစက်သောပုံသဏ္ဌာန်ဖြင့် တစ်လံခန့်ရှိသော ရေပြင်ပေါ်သို့ ဝိုင်း၍ရံထားပြီး ဖြစ်လေသည်။

ထိုဝါးလုံးများထဲမှ ဝါးလုံးနှစ်လုံးတွင် သုံးပေခန့်ရှည်သော မီးစ တပ်ထားလေသည်။

အမွှေးတိုင်တစ်ချောင်းကို မီးထွန်းလိုက်သည်။



ထို့နောက် မီးစများကို ကျန်ရှိသော ဝါးလုံးခေါင်းထဲသို့ ထိုးသွင်းထားလိုက်လေသည်။

ထို့နောက် အမွှေးတိုင်ဖြင့် မီးစများကို မီးညှိလိုက်သည်။

'နောက်ကို မြန်မြန်ဆုတ်စမ်း'

သူက ရုတ်တရက် အော်ရင်း နောက်သို့ လျှပ်မြန်စွာ ဆုတ်သွား၏။

ချန်းကျောင်းကျင်းနှင့် ချိုချိုတို့ကလည်း တမန်းတတန်း ဆုတ်သွားသည်။

သူတို့သုံးယောက်သည် ဝါးလန်ခန့် ဆုတ်သွားသောအခါ...

'ဝုန်း—'

ဟူသောအသံသည် ကျယ်လောင်စွာ မြည်ဟည်းလာလေသည်။

ရေခဲတုံးစများသည် လွင့်စဉ်သွားလေသည်။

အက်ကွဲသွားသော ရေခဲတုံးများ လွင့်စဉ်ပြီး ရေခဲပြင်ပေါ်သို့ ပြန်လည်ကျရောက်လာသောအခါ တချွမ်းချွမ်း မြည်ဟည်းလာလေသည်။

ထိုအချိန်မှာပင် အမည်းရောင် အရာတစ်ခုသည် အပေါ်သို့ လွင့်စဉ်သွားပြီးလျှင် ရေခဲတုံး အပိုင်းအစနှင့်အတူ ရေခဲပြင်ပေါ်သို့ ပြန်လည်ကျရောက်သွားလေသည်။

ထိုအရာသည် သံမဏိဖြင့် ပြုလုပ်ထားသော ဘူးဝိုင်းလေးတစ်ခု ဖြစ်သည်။

လုရှောင်ဖုန်းက ထံဘူးကဓားအဖုံးကို ဖွင့်ကြည့်လိုက်ရာ ကြည်လင်၍ စိမ်းဖန့်ဖန့် ကျောက်စိမ်းပြားတစ်ခုသည် လျှောခနဲ ထွက်လာလေသည်။

ကျောက်စိမ်းဆွဲပြားပင် ဖြစ်သည်။

ချီချီက ငေးငိုင်သွားသည်။

ချန်းကျင်းကျင်း က ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေသည်။

ရေခဲအစအနများ သူတို့ကိုယ်ပေါ် ထိမှန်သွားသည်ကိုလည်း နာကျင်သည်ကိုပင် ဂရုမစိုက်နိုင်တော့ပါ။

လုရှောင်ဖုန်းက လေချွန်တစ်ချက် မှုတ်ထုတ်လိုက်၏။

'အဲဒါပေါ့၊ ငါ့ရဲ့ ဘက်ဖြက်တဲ့ ကိရိယာ'

ချီချီက မချိသွားဖြဲ ပြုံးလိုက်သည်။

'ဒီလို ထူးထူးခြားခြား နည်းပညာကို ရှင်လို လူထူးလူဆန်းမှ တီထွင်တတ်တာ'

လုရှောင်ဖုန်းက....

'ဒါပေမယ့် ဟိုသန်နှယ်ကယမ်းမှုန့်မရရင် နည်းဘယ်လောက်ကောင်းကောင်း အောင်မြင်မှာ မဟုတ်ဘူး'

ချီချီက....

'ဒီမီးယမ်းကို ဘယ်ကရလာတာလဲ'

လုရှောင်ဖုန်းက...

'ခိုးလာတာ'



ချီချီက...

'ဘယ်က ခိုးလာတာလဲ'

လုရှောင်ဖုန်းက....

'ရေအိုးထဲက'

ချီချီက...

'ဘယ်သူ့ ရေအိုးလဲ'

လုရှောင်ဖုန်းက...

'လီရှားရဲ့ ရေအိုး'

ချန်းကျင်းကျင်းက မျက်ခုံးကြုတ်သွား၏။

'ကျောက်စိမ်းဆွဲပြား ဒီမှာဝှက်ထားတယ်ဆိုတာ ရှင် ဘယ်လို လုပ် သိလိုက်သလဲ'

လုရှောင်ဖုန်းက....

'လိန်ဟုန်အော့ရဲ့ အလောင်းကို တွေ့လိုက်တာနဲ့ ကျုပ်က သိလိုက်တယ်၊ ဒါပေမယ့် စိတ်ထဲမှာ သေသေချာချာ မယုံကြည်နိုင်သေးဘူး'

သူက စကားဆက်လိုက်၏။

'နောက်တော့ လီရှားရဲ့ ရေအိုးထဲမှာ ဒီပစ္စည်းကို တွေ့လိုက်တော့မှ အခိုင်အမာ ယုံကြည်မိပါတယ်'

ချီချီက....

'ပစ္စည်းကို မြင်တွေ့လိုက်တာနဲ့ ဘယ်လိုလုပ် သိသလဲ'

လုရှောင်ဖုန်းက....

'လီရှား၏အကြောင်းကို ကျုပ် သေသေချာချာ လေ့လာခဲ့တယ်'

ချီချီက....

'အဲဒါနဲ့ ဘာဆိုင်လို့လဲ'

လုရှောင်ဖုန်းက သူ၏ စကားကို အဖြေမပေးပါ။

သူ၏ ထင်မြင် ယူဆချက်ကို ပြောပြလိုက်၏။

'လီရှားဟာ ဘာပဲလုပ်လုပ် အလွန် စေ့စပ် သေချာပါတယ်၊ ဘယ်ကိစ္စမျိုး မဆို အသင့် ပြင်ထားတတ်တဲ့ အလေ့အကျင့်ရှိတယ်၊ ဒါကြောင့် သူဟာ ကျောက်စိမ်း ဆွဲပြားကို ရေခဲထဲမှာ ဖွက်ထားခဲ့ရင် ပြန်ထုတ်ယူဖို့ သူ့မှာ နည်းလမ်း ရှိရမယ် ဆိုတာ ယုံကြည်လို့ပါ'

သူက စကား ဆက်လိုက်သည်။

'ဒီလောက် ပြင်းထန်တဲ့ အရည်မီးယမ်းနဲ့ ပေါင်းလိုက်ရင် ရေခဲနေတာကို မပြောနဲ့ တောင်ကိုတောင် ဖြိုခွဲနိုင်တယ်'

သူက ပြုံး၍ စကား ဆက်လိုက်သည်။

'သူက ရေခဲကို ဖောက်ထွင်းတဲ့ ကိရိယာ ရှိနေမှတော့ ကျောက်စိမ်း ဆွဲပြားကို ရေခဲထဲမှာ ထည့်ပြီး ဖွက်ထားတာပေါ့၊ ဒါဟာ တစ်နဲ့တစ်ပေါင်းရင် နှစ်ဖြစ်မယ့် အဖြေပါပဲ'

ချီချီက သက်ပြင်း တချက် ချလိုက်သည်။



'အမှန်တော့ ကျွန်မက ရှင့်ကို ပုတ်ခတ်ပြောဆိုတော့မလို့ပဲ၊ အခုတော့ ရှင့်ကို နှံ့နှံ့ချီးကျူးတဲ့ စိတ်ပေါ်လာပါပြီ'

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

'အမှန် ပြောရမယ်ဆိုရင် ကျုပ်ရဲ့ စိတ်ထဲမှာလဲ ကျုပ်ကိုယ်ကျုပ် ချီးကျူး မိနေပါတယ်'

ချီချီက နှုတ်ခမ်း မဲ့လိုက်သည်။

'အခု ရှင်တော်တယ်လို့ မပြောနိုင်သေးပါဘူး၊ တကယ်လို့ ရှင်က လီရှားကို သတ်တဲ့ လူသတ်တရားခံ ထုတ်ဖော်နိုင်မယ် ဆိုရင် ကျွန်မက သိပ်ပြီး လေးစား မှာပါ'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ကျုပ်ကို တော်တယ်လို့ ပြောတာကို အထင် မကြီးပါဘူး၊ သူများအတွက် လူသတ်တရားခံ ရှာပေးဖို့လဲ စိတ်မကူးပါဘူး၊ ကျုပ်လိုချင်တာက ကျောက်စိမ်း ဆွဲပြားပါ'

ချန်းကျင်းကျင်းက သူ့အား စိုက်ကြည့်လိုက်သည်။

'ရှင်အခု ကျောက်စိမ်း ဆွဲပြား ရှာလို့ တွေ့ပြီပဲ၊ ဒါကြောင့် ပြန်သင့်ပါပြီလေ'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ငါသွားသင့်တာ ကြာပါပြီလေ'

ချန်းကျင်းကျင်းက....

'ဘာပဲဖြစ်ဖြစ် ကျွန်မဟာ ဒီအိမ်ရှင်တစ်ယောက်ဖြစ်တယ်၊ နေ့မွန်းတည့်အချိန်မှာ ကျေးဇူးပြုပြီး ကြွခဲ့ပါရှင်'

ချီချီက....

'သူကတော့ သွားမှာပါ၊ ကျွန်မက မသွားပါဘူး'

ချန်းကျင်းကျင်းက—

'ဘာဖြစ်လို့လဲ'

ချိချိက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျွန်မ အရက်သောက်ရင် ခေါင်းကိုက်တတ်တယ်၊ ဒါကြောင့် မသွားတာက ကောင်းတယ်'

....၀....

ထာဝရစားသောက်ဆိုင်သို့ ပြန်လည်ရောက်ရှိလာသည်နှင့် လုရှောင်ဖုန်းက အိပ်ရာပေါ်သို့ လှဲချလိုက်သည်နှင့် အိပ်ပျော်သွားလေသည်။

သူသည် မအိပ်မီ ကိုယ့်ကိုယ်ကို သတိပေးသည်။

'ငါက အများဆုံး နှစ်နာရီလောက်ပဲ အိပ်နိုင်မယ်'

သူ အိပ်ရာမှနိုးလာသောအခါ နှစ်နာရီမပြည့်သေးပါ။ သူက မျက်လုံးဖွင့်လိုက်သောအခါ ချိချိက တံခါးဝတွင် ရပ်နေသည်ကို တွေ့ရသည်။



သူမက သူ့အား စိုက်ကြည့်နေ၏။

'ရှင့်ကို ကျွန်မ စောင့်နေတာ ကြာလှပြီ'

လုရှောင်ဖုန်းက မျက်လုံးကို ပွတ်လိုက်သည်။

'ခင်ဗျားက ကျုပ်ကို ဘာကိစ္စနဲ့ စောင့်နေတာလဲ'

ချိချိက....

'ရှင့်ကို လာနှုတ်ဆက်တာ'

လုရှောင်ဖုန်းက....

'ခင်ဗျားက အခု သွားတော့မယ် ဟုတ်လား'

ချိချိက....

'ရှင်က ကျောက်စိမ်းဆွဲပြားကို ရရှိမှတော့ ကျွန်မတို့ သွားရတော့မှာပေါ့'

လုရှောင်ဖုန်းက သက်ပြင်း တစ်ချက်ချလိုက်သည်။

'ဒါဖြင့် ခင်ဗျားသွားနိုင်ပါပြီ'

ချိချိကပြုံး၍ သူ့ထံသို့ လျှောက်လာလေသည်။

'ကျွန်မက နှုတ်မဆက်သေးဘဲ ဘယ်သွားလို့ဖြစ်ပါ့မလဲ'

လုရှောင်ဖုန်းသည် ရင်ခုန်လာလေသည်။

သူက ထထိုင်လိုက်သည်။

ချိချိ၏လက်ကလေးကို ဆွဲထားလိုက်လေသည်။

'အို....နှုတ်မဆက်လို့ ရပါတယ်လေ'

ချိချိက ခါးထောက်လိုက်သည်။

'နှုတ်မဆက်လို့ရတယ်ဆိုရင် ရှင်တစ်ယောက်တည်း အိပ်ရာပေါ်မှာအိပ်ပြီး ကျွန်မနဲ့ နှုတ်မဆက်လိုက်ရတဲ့အတွက် နောင်တကြီးစွာနဲ့ နေရစ်ခဲ့တော့'

သူမကပြောပြီး ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး အိပ်ရာပေါ်သို့ လှဲချလိုက်သည်။

ထိုအချိန်မှာပင် ချန်းကျောင်းကျောင်းက ရောက်လာပြန်လေသည်။

သူမက ပြုံးပြလိုက်သည်။

'လာပြီးနှုတ်ဆက်တဲ့ မိန်းမလေးက ဘာကြောင့်ထွက်သွားရတာလဲ'

လုရှောင်ဖုန်းက မချိပြုံး ပြုံးလိုက်သည်။

'ကျုပ်က နှုတ်ဆက်စရာမလိုဘူးပြောလို့ စိတ်ဆိုးပြီး ထွက်သွားတာ'

ချန်းကျောင်းကျောင်းက ပြုံးလိုက်၏။

'သူသွားတာ အကောင်းဆုံးပါပဲ'

သူမက ယောင်းဆစားအိမ်ကို ပိတ်လိုက်သည်။

သူမက စကားဆက်လိုက်သည်။

'ဒါကြောင့် ရှင်နဲ့အတူတူသောက်ဖို့ အရက်ယူခဲ့တာ'

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

'ခင်ဗျားပါလာတဲ့အရက်က ကျုပ် ပလုပ်ကျင်းဖို့လောက်ပဲရှိတယ်'

ချန်းကျောင်းကျောင်းက....

'အရက်ကို အများကြီးသောက်စရာမလိုဘူး၊ အရသာခံတတ်ရင် အရက်များများမလိုပါဘူး'



လုရှောင်ဖုန်းက...

'ကောင်းပါပြီလေ၊ ကျုပ် သောက်ပါမယ်'

ချန်းကျောင်းကျောင်းက အရက်နှစ်ခွက် ငှဲ့လိုက်သည်။

တစ်ခွက်ကို လုရှောင်ဖုန်းအား လှမ်းပေးလိုက်သည်။

'ရှင့်ကို ချောချောမောမော ပြန်နိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ကျွန်မကိုလဲ ဆုတောင်းပေးပါ'

လုရှောင်ဖုန်းက....

'ခင်ဗျားလဲပြန်တော့မယ် ဟုတ်လား'

ချန်းကျောင်းကျောင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျွန်မတို့ဆာတုန်းက ငါးယောက်ရှိတယ်၊ အခု ကျွန်မ တစ်ယောက်တည်းကျန်တယ်၊ ဒီမှာဆက်နေပြီးဘာလုပ်ရမှာလဲ'

လုရှောင်ဖုန်းက....

'ခင်ဗျားဘယ်သွားဖို့ စိတ်ကူးထားသလဲ'

ချန်းကျောင်းကျောင်းက....

'ကျွန်မသွားဖို့နေရာ ရှိပြီးသားပါ'

လုရှောင်ဖုန်းက....

'ခင်ဗျားက သွားမယ့်အတူတူ ကျုပ်နဲ့ဘာဖြစ်လို့ အတူတူမသွားတာလဲ'

ချန်းကျောင်းကျောင်းက ပြုံးလိုက်၏။

'ရှင်က ကျွန်မကို ဘယ်အခါမှ ချစ်တာမှမဟုတ်ဘဲ'

သူမက ပြုံးလိုက်သည်။

'ရှင့်အနားမှာ မိန်းမအများကြီး ရှိတယ်ဆိုတာ ကျွန်မသိတယ်၊ မိန်းမတွေဟာ သ ေန်မတိုဘူးဆိုတာ တစ်ယောက်မှ မရှိဘူး၊ ကျွန်မလဲ မိန်းမတစ်ယောက်ပ ါပဲ'

ရွှေမဏာ အရက်တစ်ခွက်ကို သောက်လိုက်လေသည်။

ထို့နောက် အရက်ခွက်ကို ဖြည်းညှင်းစွာ ချလိုက်သည်။

ခန္ဓာကိုယ်ကို ဖြည်းညှင်းစွာ လှည့်လိုက်၏။

ခြေလှမ်း ဖြည်းညှင်းစွာလှမ်း၍ ထွက်ခွာသွားလေသည်။

လုရှောင်ဖုန်း၏ ဟန့်တားခြင်းမပြုပါ။ သူသည် သူမထွက်ခွာသွားသည်ကို တိတ်ဆိတ်စွာ ကြည့်နေ၏။

ထိုအချိန်မှာပင် အပြင်ဘက်မှ စကားသံများ ထွက်ပေါ်လာသည်။

'မင်းအောင်မြင်စာကို ကျုပ်တို့ဂုဏ်ပြုပါတယ်ဗျာ'

....o....



အခန်းထဲသို့ ငွေး မိုး ဆောင်းသုံးဖော် လှမ်းဝင်လာလေသည်။

လုရှောင်ဖုန်းက သူတို့အား မတွေ့ရမီ....

သူတို့၏လက်ကို ရှေးဦးစွာ တွေ့လိုက်သည်။

'ပေးပါ'

လုရှောင်၏ တံခါးဝ၌ရပ်၍ လက်ဖြန့်ထားသည်။

'ပစ္စည်း ကျုပ်လက်ထဲအပ်လိုက်ရင် သွားလိုရာ သွားနိုင်ပါပြီ'

လုရှောင်ဖုန်းက စကားမပြောပါ၊

ငြိမ်သက်စွာဖြင့် သူတို့အားကြည့်၍ ပြုံးနေ၏။ လုရှောင်၏မျက်နှာ ခက်ထန်သွားသည်။

'ကျုပ်ပြောတဲ့စကားကို မင်းနားမလည်ဘူးလား'

လုရှောင်ဖုန်းက....

'နားလည်ပါတယ်'

လုရှောင်က....

'ကျောက်စိမ်းဆွဲပြားတော့'

လုရှောင်ဖုန်းက....

'ပျောက်သွားပါပြီ'

လုရှောင်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

'မင်းက ဘာပြောလိုက်သလဲ'

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

'ခင်ဗျားပြောတဲ့စကားကို ကျုပ်နားလည်တယ်၊ ကျုပ်ပြောတဲ့စကားကို ခင်ဗျား ဘာကြောင့် နားမလည်တာလဲ'

လူရှောင်က....

'ကျောက်စိမ်းဆွဲပြား မင်းလက်ထဲမှာ မရှိဘူးလား'

လူရှောင်ဖုန်းက....

'နဂိုကရှိပါတယ်'

လူရှောင်က....

'အခုရော'

လူရှောင်ဖုန်းက....

'အခု လူခိုးခံလိုက်ရပြီ'

လူရှောင်က....

'ဘယ်သူက ခိုးသွားတာလဲ'

လူရှောင်ဖုန်းက....

'ကျုပ်ကိုလာပြီး နှုတ်ဆက်စကား ပြောသွားတဲ့ မိန်းမနှစ်ယောက်'

လူရှောင်က....

'မင်းနဲ့အတူပါလာတဲ့မိန်းမ ဟုတ်လား'

လူရှောင်ဖုန်းက ပြုံးလိုက်၏။

'ဟုတ်တယ်'

လူရှောင်က....

'သူက မင်းရဲ့ ကျောက်စိမ်းဆွဲပြား ခိုးသွားတာကို ဒီအတိုင်း လက်ပိုက်ကြည့်နေတယ် ဟုတ်လား'



လူရှောင်ဖုန်းက....

'ကျုပ်က တမင်တကာ ပြန်မတောင်းတာ'

လူရှောင်က....

'ဘာဖြစ်လို့လဲ'

လူရှောင်ဖုန်းက....

'သူခိုးသွားတဲ့ ကျောက်စိမ်းဆွဲပြားက အတုဖြစ်နေလို့ပါ'

....၀....

အေးစိမ့်သောလေ....

မီးခိုးရောင်သန်းနေသော တောင်းကတ်....

နှင်းများဖုံးလွှမ်းထားသော လမ်းမ....

မိန်းမသား တစ်ယောက်ထဲ သေးသေး ပိန်ပိန် ရှိသော လားငယ်တစ်ကောင်ကိုစီး၍ ခရီးသွားနေ၏။

အဝေးမှ သိုးကျောင်းသော ပလွေသံများ လွင့်ပျံ့လာနေသည်။

သူမသည် တစ်ယောက်ထဲ ခရီးကိုနှင်နေ၏။

သူမ၏ရင်ထဲမှာ ပျင်းတွဲ၍နေ၏။

သူသည် ဖြည်းဖြည်းကလေးဖြင့် လှေကလေးကို မောင်းနှင်နေ၏။

သူမသည် မည်သည့်နေရာကို သွားရမှန်းမသိ ဖြစ်နေသောကြောင့် ခရီးကို အေးအေးဆေးဆေး နှင်နေခြင်းဖြစ်သည်။

ရုတ်တရက် လမ်းကြားမှ မြင်းလှည်းတစ်စီးမောင်း၍ ထွက်လာ၏။

မြင်းလှည်းမောင်းသောလူမှာ အမွေးပွဦးထုပ် ဆောင်းပြီး ကြာပွတ်တစ်ချောင်း ဝဲယမ်းနေ၏။

ထိုလူသည် သူမ၏အနီးမှ ဖြတ်ကျော်သွားသောအခါ သူမအား ပြုံးပြလိုက်သည်။

သူမကလည်း ပြန်၍ပြုံးပြသည်။

မြင်းလှည်းမောင်းသူက....

'မိန်းကလေး မအေးဘူးလား'

ချန်းကျောင်းကျောင်းက ...

'အေးတာပေါ့'

မြင်းလှည်းမောင်းသူက....

'ကျုပ်ရဲ့ လှည်းထဲမှာထိုင်ပြီးလိုက်ရင် မအေးဘူး'



ချန်းကျောင်းကျောင်းက....

'ကျွန်မသိတယ်'

မြင်းလှည်းမောင်းသူက....

'ဒါဖြင့် မြင်းလှည်းပေါ် တက်ပါလား'

ချန်းကျောင်းကျောင်းက အနည်းငယ် စဉ်းစားလိုက်သည်။

ဖြည်းညှင်းစွာ လှေပေါ်မှ ဆင်းလိုက်လေသည်။

မြင်းလှည်း ရပ်တန့်သွားသည်။

ရေပြည်ပင် ရောက်ခဲ့မှတော့ လှည်းပေါ်သို့ တက်ရန်မှာ ဝန်လေးစရာ အကြောင်းမရှိတော့။

မြင်းလှည်းမောင်းသူသည် သူမ မြင်းလှည်းပေါ် သို့တက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် ကျာပွတ်ဖြင့် လားငယ်၏တင်ပါးသို့ ရိုက်ချလိုက်ရာ....

လားငယ်က နာကျင်သွားသဖြင့် တစ်ဟုန်ထိုး ထွက်ပြေးသွားသည်။

မြင်းလှည်းမောင်းသမားသည် ပြုံးလိုက်ပြီး သီချင်းဆိုလိုက်လေသည်။

'လှပချောရဲ့မိန်းကလေး

လှလဲလှတယ်၊ ချောလဲချောတယ်၊

ရွှေတွေ ငွေတွေ အများကြီးပါလာတယ်၊

သူက ကျုပ်ကိုယူမယ်ပြောပါတယ်'

စတားသံများသည် အဝေးသို့ လွင့်ပျံ့သွား၏။

မြင်းလှည်းသည် ဟဖြည်းဖြည်း အဝေးသို့ ရောက်ရှိသွားလေသည်။

....ဝ....

'ရှောင်ဟိုဟိုဦးလှ'

ရှောင်ဟိုဟိုဦးလှ ဆိုသည်မှာ ရွှောင်ဝါကျန်းမြစ်ဖြစ်သည်။

ဟိုဦး လှဆိုသည်မှာ မြို့ကြီးတစ်မြို့ဟု မဆိုနိုင်ပေ။

သို့သော်....

ယင်းကဲ့သို့ မြောက်ဝင်ရိုးစွန်းရှိနေသောနေရာတွင် ဟိုဦးလှသည် မြို့ငယ်တစ်ခုပြော၍ မရပေ။

တစ်နာရီကျော်ကျော် ကြာပြီးနောက် မြင်းလှည်းသည် ဟိုဦးလှမြို့ထဲသို့ ရောက်ရှိလာလေသည်။



လမ်းမကြီးနှစ်လမ်းကိုဖြတ်ကျော်လိုက်ပြီးနောက် လမ်းကြားလေးတစ်ခုထဲသို့ ကွေ့ဝင်သွားပြီး အိမ်ကလေးတစ်အိမ်ရှေ့တွင် ရပ်တန့်သွားသည်။

မြင်းလှည်းမောင်းသူက နောက်သို့လှည့်၍ ပြုံးပြလိုက်လေသည်။

'ကျုပ်အိမ်ရောက်ပြီဗျ၊ ခဏလေးဝင်ထိုင်ပါလား'

အတန်ကြာမှ...

ချန်းကျင်းကျင်း၏ အသံ ထွက်ပေါ်လာသည်။

'ရောက်လာမှတော့ ဝင်လိုက်ပါမယ်လေ'

သူမသည် မြင်းလှည်းပေါ်မှ ဆင်းလာသောအခါ ဟောင်းနွမ်းကျိုးပဲ့သော တံခါး ပွင့်သွား၏။

နှာရည် တွဲလွဲ ကျနေသော ကလေးတစ်ယောက်က တံခါးအဝ၌ ရပ်၍ သူမအား ပြုံးပြ၍ ကြည့်နေ၏။

ချန်းကျင်းကျင်း၏ မျက်နှာပေါ်တွင် စာနာမှုရှ ကင်းမဲ့၏။

သူမသည် ကိုယ်ပေါ်မှ ဖုန်များကိုခါ၍ အိမ်ထဲသို့ ဖြည်းညင်းစွာ လှမ်းဝင်သွားလေသည်။

အတွင်းဘက်၌ ကုလားထိုင် အကျိုးပဲ့များ ထားရှိသော ဧည့်ခန်းငယ်တစ်ခု ဖြစ်၏။

ဧည့်ခန်း၏ အလယ်တွင် ရွှေတူ၊ ကိုင်ထားသော စားပွဲရေးနတ်ရုပ်တု တစ်ခုရှိသည်။

နံရံပေါ်တွင် မင်္ဂလာပါ ဟူသော စာလုံး ရေထားသော အနီရောင် စက္ကူကပ်ထားသည်ကို တွေ့ရသည်။

မည်သည့်သူမဆို ဤအခန်းထဲသို့ ရောက်လာသည်နှင့်၊ အိမ်ရှင်သည် ငွေရရှိရေးကို အလွန် မက်မောနေသော လူတစ်ယောက် ဖြစ်သည်ကို သိရှိနိုင်မည် ဖြစ်လေသည်။

ဤနေရာမျိုးကို ချန်းကျောင်းကျောင်းက တစ်မိနစ်မျှ မနေလိုပါ။

သူသာ သန့်ရှင်းပြီး အတက်တန်းကျစွာ နေထိုင်လိုသည်။

သို့သော် သူမသည် ကျိုးပဲ့နေသော ကုလားထိုင်ပေါ်သို့ အေးဆေးစွာ ထိုင်ချလိုက်သည်။

သူမ၏ သွားစရာ နေရာမရှိပါပြီလော....

ထိုမိန်းကလေးဝယ် သူ့အား ပြုံးစေ့စေ့ဖြင့် ကြည့်နေ၏။

ချန်းကျောင်းကျောင်း၏ မျက်နှာပေါ်တွင် ဟန်မူရာ ဆင်းမဲ့လျက်....

သူမ၏ အခန်းတစ်ခုလုံးကို ဝေ့ကြည့် အကဲခတ်လိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်သည်။

ညှော်နံ့နှင့် အပ်လျက်ရှိသော အိပ်ခန်းထဲသို့ ဝင်ရောက်သွားလေသည်၊

အိပ်ခန်းထဲ၌ ခုတင်တစ်လုံးရှိရမည် ဖြစ်သည်။

ထိုခုတင်မှာ အလွန်ကြီးသည်။

သစ်လွင်သည်။

ကုတင်ပေါ်၌ ခင်းထားသောအိပ်ရာခင်းမှာလည်း သစ်လွင်ပြီး လှပ၍ နေ၏။



ခုတင်၏ နံဘေးဘက်တွင် သစ်လွင်သော သေတ္တာလေးငါးလုံး ရှိသည်။

အလွန် ခေတ်မီသော မှန်တင်ခုံ တစ်လုံးလည်းရှိသည်။

အိပ်ခန်း၏ လေးဘက် လေးတန် နံရံပေါ်များမှာ ဖြူဖွေးစွာမွှမ်းမံ ခြယ်သ ထားသည်။

ချန်းကျောင်းကျောင်းအာ မျက်မှောင် ကြုတ်သွားသည်။

သူမ၏မျက်လုံးအစုံတွင် ရွံမုန်းသည့် အရိပ်အရောင် ထွက်ပေါ်လာ၏။

သို့သော်....

သူမ၏မျက်လုံးသည် သေတ္တာများထံသို့ ရောက်ရှိသွားသောအခါ ဝင်းလက်တောက်ပသွားလေသည်။

ထို့နောက် သူမသည် မခန့်မှန်းမိသော အလုပ်များကို လုပ်လိုက်လေသည်။

သူမသည် သူများ၏ခုတင်ပေါ်သို့တက်လိုက်ပြီး မိမိ၏အိတ်ထဲမှ သော့တွဲတစ်တွဲ ထုတ်ယူလိုက်သည်။

ထို့နောက် သူများ၏သေတ္တာပေါ်မှခတ်ထားသောသော့ကို ဖွင့်လိုက်သည်။

အဖုံးကို ဖွင့်လိုက်သည်နှင့် ရွှေရောင်များ ဝင်းလက်သွားသည်။

သေတ္တာထဲ၌ ရွှေတုံးများ ပြည့်နှက်နေသည်ကို တွေ့ရလေသည်။

ရွှေရောင်များထင်ဟပ်မှုကြောင့် သူမ၏မျက်နှာ ကြည်လင်လာခဲ့သည်။

သူမသည် ပထမဆုံးအကြိမ် ပြုံးလာလေသည်။

ညီညီညာညာထပ်ထားသော ရွှေတုံးများကို လက်များဖြင့် အသာအယာ ပွတ်သပ်နေ၏။

သူမ၏ပုံဟန်မှာ မိခင်တစ်ယောက် မွေးဖွားကာစ ကလေးကို ကြင်နာယုယနေပုံရသည်။

ထိုရွှေတုံးများကိုရရှိရန် တကယ်ပင် မလွယ်လှပါ။

မိခင်တစ်ယောက်က ကလေးမွေးဖွားခြင်းထက် ခက်ခဲလှပေသည်။

သို့သော်....

ယခုအခါမှာ အခက်အခဲများကျော်လွှားသွားပြီးဖြစ်သည်။

သူမက ကျေနပ်စွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

သူမ ခေါင်းမော့လိုက်သောအခါ၊ မြင်းလှည်းမောင်းသမားက အေးဆေးစွာ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူက ပြုံးပြလိုက်သည်။

'ဂေါ်သရှပ်ဆောင်တာ သဘာဝကျရဲ့လား'

ချန်းကျောင်းကျောင်းက ပြုံးလိုက်လေသည်။

'သိပ်ကို သဘာဝကျပါတယ်၊ ဒါကြောင့်လဲ လောကမှာ ထူးချွန်သောလူငယ်လို့ နာမည်ရနေတာပေါ့'



မြင်းလှည်းမောင်းသူက အားရပါးရ ရယ်မောလိုက်သည်။

သူသည် မျက်ခုံးမွေးအတုဆောင်းထားသောဦးထုပ်အစုပ်ကို ချွတ်လိုက်လေသည်။

သူ၏မျက်နှာမှာ အနည်းငယ် ကလေးဆန်နေသည်ကို တွေ့ရသည်။

ထိုသူမှာ လီဇင်တုံးဖြစ်သည်။

ချန်းကျောင်းကျောင်းက သူ့အားကြည့်ပြီး ကရုဏာပြည့်သော အသံဖြင့်....

'ဒီရက်များထဲမှာ ရှင်တော်တော် ပင်ပန်းလှပါတယ်'

လီဇင်တုံးက ရယ်မောလိုက်သည်။

'ပင်ပန်းတာက အရေးမကြီးဘူး၊ စိတ်ကတထင့်ထင့် ဖြစ်ခဲ့ရတယ်၊ မျက်ခုံးမွေးလေးခုနဲ့အကောင်က တော်တော်ဆေး ရင်ဆိုင်ရ ခက်တယ်နော်'

သူက မေးလိုက်ပြန်သည်။

'မင်းထွက်လာတဲ့အခါမှာ သူဘာကိုမေးသေးလား'

ချန်းကျောင်းကျောင်းက ခေါင်းခါယမ်းလိုက်သည်။

'သူက ရှင်တကယ်ရူးနေပြီထင်လို့ လုံးဝသတိမထားတော့ဘူးလေ'

လီဇင်တုံးက ရယ်မောလိုက်သည်။

'ဒီလူက တော်တော်ကို ပါးတယ်ဗျာ၊ ဒါပေမယ့် မင်းရဲ့ပရိယာယ်ကိုတော့ သူကမကျော်နိုင်ဘူးလေ'

ချန်းကျောင်းကျောင်းက....

'ဒါကလဲ ရှင့်ကို အားကိုးနေရတာပါ၊ ရှင်အရှုံးဟန်ဆောင်နေတဲ့အခါ ကျွန်မခေါင်း ဖောက်ကယ်ရှူးနေပြီအားလို့ ထင်မိတယ်'

လီဇင်တုံးက...

'ဒါဆိုတော့ ငါကခင်းကို ပြောမယ့်စကားတွေကို လိန်ဟုန်အော့ကို ပြောလိုက်တာပဲ'

သူက သူမကိုအတန်ကြာ စိုက်ကြည့်ပြီးမှ....

'ဒီအခန်းကို ကျုပ်မှမ်းမံထားတာ သခေတာကျရဲ့လား'

ချန်းကျောင်းကျောင်းက

'သခေတာကျပါတယ်၊ ထတို့သားနဲ့သတို့သမီးအခန်း ကျနေတာပဲ'

သူမက ပြုံး၍အိပ်ရာပေါ်သို့ လဲလျောင်းလိုက်သည်၊ ထို့နောက် လီဇင်တုံးအား မျက်လုံးမှေး၍ ကြည့်လိုက်သည်။

'ကျွန်မကိုကြည့်စမ်း၊ သတို့သမီးနဲ့မတူဘူးလား'

လီဇင်တုံးက ရင်ခုန်မြန်လာလေသည်။

သူသည် ချန်းကျောင်းကျောင်း၏ ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်သည်၊ ချန်းကျောင်းကျောင်းက သူ့အားတွန်းဖယ်ခြင်းမပြုပါ။

လီဇင်တုံး၏ အသက်ရှူသံမှာ မြန်လာသည်။ ကျယ်လောင်လာသည်။



ထိုအချိန်မှာ....

'ခွပ်'

ဟူသောအသံတစ်ခု ကြားလိုက်ရသည်။

အရိုးကျိုးသွားသော အသံနှင့်တူလှပေသည်။ လီဇင်တုံးအ ရုတ်တရက် ချန်းကျောင်းကျောင်း၏ကိုယ်ပေါ်မှ ခုန်ထလိုက်လေသည်။

သူ၏ဦးခေါင်းသည် တစ်ဘက်သို့ပျော့ခွေစွာ စိုက်ကျနေ၏။ သူ၏တစ်ကိုယ်လုံးမှာလည်း ပျော့ခွေပြီးခုတင်ပေါ်မှ ကျလာလေသည်။

'ဝုန်း'

သူ၏မျက်လုံးမှာ ပြူးထွက်ပြီး အသက်မရှူနိုင်တော့ပါ။ ချန်းကျောင်းကျောင်းက သူ့အားတစ်ချက်မျှ မကြည့်တော့ပါ။

ခုတင်ပေါ်၌ လဲလျောင်းရင်း မျက်လုံးမှိတ်ထားလိုက်သည်။

ထိုအချိန်မှာပင် အပြင်ဘက်မှ တခစ်ခစ်ရယ်မောသောအသံများ ထွက်ပေါ်လာ၏။

မိန်းကလေးကစ်ခယောက်၏ ကြည်လင်သောအသံ ထွက်ပေါ်လာ၏။

'တောင်တော်ကို ချောင်းတယ်၊ ဒါကြောင့် ညည်းကို စိတ်ထင်ကြမ်းဟမ်း ရက်စက်တဲ့ မိန်းမလို့ တိန်ရှမ်းရိက ပြောခဲ့တာကိုး'

ချန်းကျောင်းကျောင်း၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။ သို့သော် သူမအား ခုတင်ပေါ်မှထလိုက်သောအခါ သူမ၏မျက်နှာပေါ်တွင် ယဉ်ကျေးသိမ်မွေ့သော အပြုံးအဖြစ်သို့ ကူးပြောင်းသွားလေသည်။

'ငါက ရက်စက်ပေမယ့် ညည်းကော'

'ငါ့ရဲ့အသည်းနှလုံးကို တောခွေးက ကိုက်စားသွားပြီ'

အမွေးပွဦးထုပ်ဆောင်း၍ အမွေးပွအပေါ်အင်္ကျီကို ဝတ်ဆင်ထားသော မိန်းကလေးသည် ရယ်မောရင်းအခန်းထဲသို့ ဝင်လာလေသည်။

ထိုမိန်းကလေးမှာ ချိုချိုဖြစ်သည်။ သူမနောက်တွင် လူသုံးယောက်ပါလာသည်။

ထိုလူသုံးယောက်မှာ တစ်ယောက်က အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားပြီး ကျောပေါ်၌ ဓားတစ်လက်ပါရှိသည်။

တခြားတစ်ယောက်ကပိန်ပိန်သေးသေး မျောက်နှင့်တူသည်။

ကျန်ရှိသော တစ်ယောက်မှာ ဆံပင်ဖြူဖွေးသော အဘိုးအို ဖြစ်သည်။

ချန်းကျောင်းကျောင်းက ကြိုဆိုလိုက်သည်။

'ညည်းလာလိမ့်မယ်လို့ မထင်မိလို့ပါ။ နို့မဟုတ်ရင် ညည်းတို့အတွက် ကြိုက်တဲ့ ဟင်းလျာတွေကို အသင့်ပြင်ထားမှာပေါ့'

ချိုချိုက ပြုံးလိုက်လေသည်။



'ကျွန်မ ကြိုက်နှစ်သက်တာတွေကို မှတ်မိတာ ကျေးဇူးတင်လှပါတယ်'

ချန်းကျောင်းကျောင်းက....

'ငါတို့ဟာ ငယ်ရာက အတူတူ ကြီးပြင်းလာတာပဲ၊ ညည်းက ငါ့ကိုမေ့တာတောင် ငါက ညည်းကို မမေ့ပါဘူး'

ချိုချိုက....

'တကယ်ပြောနေတာလား'

ချန်းကျောင်းကျောင်းက....

'တကယ်ပါပဲ၊ ဒီရက်ထဲမှာ ညည်းနဲ့ နှစ်ယောက်ချင်း စကားပြောချင်ပါတယ်၊ ဒါပေမယ့် လူများ သံသယဖြစ်မှာကို စိုးရိမ်လို့ပါ'

ချိုချိုက....

'ကျွန်မလဲ ဒီအတိုင်းပါပဲ၊ ဟိုမျက်ခုံးနှစ်ခုနဲ့ လူက ကောင်းတာမှ မဟုတ်တာ'

သူမတို့ နှစ်ယောက်သည် အပြန်အလှန် ပြုံးနေ၏၊ သူမတို့၏ အပြုံးမှာ နွေးထွေးပြီး မိတ်ဆွေကောင်း ပီသသည်။

ချန်းကျောင်းကျောင်းက....

'ညည်းကို ကြည့်ရတာ လုံးဝ ပြောင်းလဲမှု မရှိဘူး'

ချိုချိုက....

'ညည်းလဲ ဒီအတိုင်းပါပဲ'

ချန်းကျောင်းကျောင်းက—

'ဒီနှစ်များထဲမှာ ညည်းကို သတိရလိုက်တာ'

ချိုချိုက....

'ဝါလဲ ဒီအတိုင်းပါပဲ'

နှစ်ယောက်စလုံး လက်ဆန့်လိုက်ပြီး မျက်နှာချင်းဆိုင် လျှောက်လာကြသည်။

သူမတို့၏ ဟန်မူရာမှာ တစ်ယောက်နှင့်တစ်ယောက် ဖက်လှဲတကင်း ပြုလုပ်ကြမည့် ဟန်မူရာမျိုး ဖြစ်သည်။

သို့သော် သူမတို့သည် တစ်ယောက်နှင့်တစ်ယောက် အနီးပင် ရောက်ကြသွားပါ၏။

သူမတို့၏ မျက်နှာပေါ်မှ ယဉ်ကျေးသိမ်မွေ့စွာ ပြုံးနေသော အပြုံးများ ရုတ်တရက် ပျောက်သွားသည်။

ကြင်နာ ကရုဏာသက်ဝင်နေသော မျက်ဝန်းအစုံမှာလည်း ရက်စက်ကြမ်းကြုတ်သော အသွင်သို့ ပြောင်းလဲသွားလေသည်။

ဆန့်ထုတ်နေသော လက်၏အနေအထားမှာလည်း ပြောင်းလဲ သွားလေသည်။

ချန်ကျောင်းကျောင်း၏ လက်တစ်ဖက်သည် သိမ်းငှက်ခြေသည်း ပမာ လျှပ်တစ်ပြက် ချိုချို၏ လက်ကောက်ဝတ်အား ဖမ်းဆုပ်၍....



ကျန်လက်တစ်ဖက်က ကြမ်းကြုတ်စွာဖြင့် ချိုချို၏ ချိုင်း အောက်သို့ လှမ်းဆွဲလိုက်လေသည်။

ထိုသူ၏ တိုက်ခိုက်မှုသည် လိန်ဟုန်အော့၏ တိုက်ခိုက်နည်းနှင့် ထပ်တူထပ်မျှ ဖြစ်သည်။

ချိုချို၏ လက်မှာ အဖမ်းခံမိလိုက်လျှင် အရိုးများ ကျိုးသွားမည်သာ ဖြစ်သည်။

သို့သော် သူမကား မြန်သည်။

ချိုချိုက ပို၍ လျှပ်မြန်လေသည်။

'ထောက်....'

အဖြူဝင်းရောင်တန်း နှစ်ခုသည် ချိုချို၏ အင်္ကျီလက်မှ ထွက်လွင့် လာလေသည်။

ချန်းကျောင်းကျောင်း၏ ဒူးခေါင်းနှစ်ဖက်မှာ ခြင်တောင် ကိုက် လိုက်ခြင်း ခံလိုက်ရသည့်အလား ကျဉ်ခနဲ ခံစားလိုက်ရလေ သည်။

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ အားအင် ပျောက်ကွယ်သွား သည်။

ခြေထောက်များသည် ပျော့ခွေသွားလေသည်။

'ဖုတ်....'

သူမက ဒူးထောက်လျက် ချိုချို ရှေ့တွင် ကျသွားလေသည်။

ချီချီက ရယ်မောလိုက်သည်။

'ငါတို့က နှစ်ပေါင်းအတော်ကြာ ရင်းနှီးခဲ့တဲ့ ညီအစ်မတွေပါ၊ ဘာဖြစ်လို့ ငါ့ကိုဂရုစိုက်ပြုနေရတာလဲ'

ကြည်လင်သော စကားသံများ ပြေခရင်း နောက်ထပ်အလင်းရောင်တန်း တစ်ခုက ချိန်းကျောင်းကျောင်း၏ ရှောက်ရှောင်းသွားကြောနေရာသို့ တန်းဝင်သွားသည်။

'ဟား....ဟား ...ဟား....'

ချန်းကျောင်းကျောင်းက ရယ်မောလိုက်လေသည်။

ရှောက်ရောင်း သွေးကြောသည် ရယ်မောရသော သွေးကြော ဖြစ်သည်။

ရှောက်ရောင်း သွေးကြောအား ထိမှန်သွားပါလျှင် ထိုလူသည် မရပ်မနား ရယ်မောနေရမည် ဖြစ်လေသည်။

'ဟား....ဟား....ဟား'

ချန်းကျောင်းကျောင်းက အဆက်မပြတ် ရယ်မောနေတော့သည်။ သူမ၏ မျက်ဝန်းအစုံမှာ ရယ်မောသည့် အရိပ်အငွေ့ မတွေ့ရပါ။

သူမ၏ တစ်ကိုယ်လုံးမှာ ချွေးစေးချွေးပေါက်များ စီးကျနေသည်။

သူမ၏ လှပသောမျက်နှာတစ်ခုလုံးမှာ တွန့်လိမ်နေ၍ အလွန်အကြည်းတန်လှပေသည်။



ချီချီက...

'ငါနားလည်ပါပြီ၊ ညည်းကိုယ်ညည်း ငါ့အပေါ် အကောက်ကြံမိတာ မှားတယ်လို့ နောင်တရပြီး ငါ့ကို ဒူးထောက်ပြီး တောင်းပန်နေတာကို မလိုချင်ပါဘူး၊ ပစ္စည်းထုတ်ပေးရင် ငါ လွှတ်မှာပါ'

ချန်းကျောင်းကျောင်းက ရယ်မောရင်း ကြိုးစား၍ ပြောလိုက်လေသည်။

'ဟား ...ဟား....ဟား....ဘာပစ္စည်းလဲ၊ လား....ဟား'

ချီချီက....

'ညည်း မသိဘူး ဟုတ်လား'

ချန်းကျောင်းကျောင်းက ရယ်မောရင်း ခေါင်းခါယမ်းပြသည်။

ချီချီက မျက်နှာထား တင်းမာသွားသည်။

'ကုတုံစိန်းက ငွေလေးသိန်းနဲ့ ကျောက်စိမ်းဆွဲပြားကို ဝယ်ဖို့ ညည်းက ငါ့ကို ငွေအစ်သိန်းနဲ့ ရောင်းဖို့ ကတိပေးထားတယ် မဟုတ်လား'

ချန်းကျောင်းကျောင်းက....

'ဟုတ်တယ်၊ ဒါပေမယ့် ညည်းပါလာတဲ့ လူက ကျောက်စိမ်းဆွဲပြားကို ယူသွားပြီလေ'

ချီချီက သူမ၏ အိတ်ထဲမှ ကျောက်စိမ်းဆွဲပြား တစ်ပြားကို ထုတ်၍ ပြလိုက်သည်။

'ညည်းက ဒါကို ပြောနေတာ ဟုတ်လား'

ချန်းကျောင်းကျောင်းက...

'ဟုတ်တယ်'

ချိုချိုက သူမအား ပါးရိုက်လိုက်သည်။

'ဒါဟာ ဘာတွေဖြစ်တယ်ဆိုတာ ညည်း မသိဘူးလား'

သူမက ကျောက်စိမ်းဆွဲပြားအား လီဇင်တုံး၏ ဦးခေါင်းပေါ်သို့ ပစ်ပေါက်လိုက်လေသည်။

'သူ့ကို ညည်းက အခေါ်အားကိုးတယ်ဟုတ်လား၊ သူလုပ်တဲ့ ကျောက်စိမ်းဆွဲပြားအတုက ခွဲမရအောင် တူပေမယ့် သူထွင်းထားတဲ့ ဘီလူးရုပ်တွေဟာ ဝက်နဲ့တူနေတာ ခက်တယ်'

ချန်းကျောင်းကျောင်းက ရယ်မောနေသည်ကို ရပ်တန့်စေရန် နှုတ်ခမ်းကို ကိုက်လိုက်သည်။

သို့သော် သူမ၏ နှုတ်ခမ်းမှာ ပေါက်သွားသည်။ ရယ်မောခြင်းမှာ ရပ်မသွားနိုင်သေးပါ။

ချိုချိုက...

'အစောကြီးကတည်းက ညည်းကို သံသယ ဖြစ်မိခဲ့ပါပြီ၊ ဒီလောက်တန်ဖိုးမဖြတ်နိုင်တဲ့ကျောက်စိမ်းဆွဲပြားကိုဘာကြောင့် ဈေးပေါပေါနဲ့ ရောင်းချင်ရတာလဲလို့'

သူက စကားဆက်လိုက်သည်။

'ဒါကြောင့် ညည်းနောက်ကို ငါက ဆင်းလေးခက်အော့ကို ခြေရာခံလိုက်ခိုင်းနေတာ၊ ညည်းက မြေအောက်ထဲ ဝင်ပုန်းလို့ ငါတို့ တွေ့အောင်ရှာနိုင်တယ်'



ချန်းကျောင်းကျောင်းက....

'ငါက ကျောက်စိမ်းဆွဲပြားအစစ်ကို ခိုးယူခဲ့တယ်လို့ ညည်းက သံသယဖြစ်နေတယ် ဟုတ်လား'

ချိုချိုက....

'လီရှားက ကျောက်စိမ်းဆွဲပြားကို ရေထဲပစ်မချမီ ညည်းက ခိုးပြီး အတုနဲ့ လဲထားတာ ဖြစ်ရမယ်'

သူမက စကားဆက်လိုက်သည်။

'ငါတို့ ဆွေးနွေးတိုင်ပင်ထားတာက ရွှေတုံးထဲက လေးပုံတစ်ပုံသာ ပေးရမယ်၊ ဒါကြောင့် သေတ္တာဆယ့်နှစ်လုံးက သေတ္တာသုံးလုံးထဲမှာ ရွှေတုံးများ ထည့်ပြီး ကျန်တဲ့သေတ္တာထဲမှာ အုတ်ခဲထည့်ပေးလဲ လက်ခံရမယ်'

သေတ္တာ လက်ခံယူရမည့်သူက ချန်းကျောင်းကျောင်း ဖြစ်သည်။

သူမသည် သေတ္တာ ဆယ့်နှစ်လုံးကို လက်ခံပြီးနောက် လီရှားထံ ကျောက်စိမ်းဆွဲပြားပေးရန် အကြောင်းကြားရမည် ဖြစ်ပေသည်။

ချန်းကျောင်းကျောင်းသည် လီရှား၏ အယုံကြည်ရဆုံးသော လူတစ်ယောက် ဖြစ်သည်။ သူမသည် ချန်းကျောင်းကျောင်း၏ အကြံကို လုံးဝ မသိပါ။

လီရှားသည် ချန်းကျောင်းကျောင်းက သေတ္တာဆယ့်နှစ်လုံး လက်ခံရရှိကြောင်း သတင်းရလိုက်သည်နှင့် နောက်တစ် နေ့နံနက် သူမ

အ ယမ်းဖြင့် ရေခဲပြင်ကို ဖောက်ခွဲပြီး ကျောက်စိမ်းဆွဲပြားကို ပေးအပ်ရန် ဖြစ်သည်။

သူမသည် ကျောက်စိမ်းဆွဲပြားကို မက်မောခြင်း မရှိပါ။

သူမ မက်မောသည်မှာ ရွှေနှင့် ယောကျ်ားဖြစ်သည်။

ချိုချိုက....

'ဒါပေမယ့် လိုရှားက ကျောက်စိမ်းဆွဲပြားမှာ အတုဖြစ်မှန်း သိသွားရင် ညည်းရဲ့လက်ချက်ဖြစ်မယ်ဆိုတာ သူသိလိမ့်မယ်လို့ ညည်းသိထားတယ်၊ ဘာဖြစ်လို့လဲဆိုရင် သူနဲ့ညည်းက လွဲလို့ အဲဒီအကြောင်းကို ဘယ်သူကမှ မသိနိုင်ဘူး'

ချိုချိုက စကားဆက်လိုက်သည်။

'ဒါကြောင့် ညည်းက အဲဒီညမှာပဲ သူ့ကိုသတ်လိုက်တယ်၊ အဲဒါကို ညည်းက ဖောက်စန်းယန်နဲ့ အတူပူးထားလိုက်တော့ တခြားလူရဲ့အာရုံကို ပြောင်းပစ်လိုက်တာပဲ၊ ဘာဖြစ်လို့လဲဆိုရင် နှင်က ကိုယ့်ကိုကိုယ်ယုံကြည်တဲ့ သေဖော်သေဖက်တစ်ယောက်ကို ဒီလို ရက်ရက်စက်စက်ကြံစည်မယ်လို့ ဘယ်သူမှ ထင်မှတ်ကြမှာ မဟုတ်ဘူး'

သူမက စကားဆက်လိုက်ပြန်သည်။

'အခုပဲကြည့်၊ ညည်းရဲ့ လျှို့ဝှက်ချက်က ကျုပ်ကို လိမ့်လို့ ရမလား'

ချန်းကျောင်းကျောင်းသည် မရပ်မနား ရယ်မောနေရသဖြင့် အကြောများပင် တွန့်လိမ်နေ၏။



ချိုချိုက—

'ညည်းက မပေးချင်သေးဘူးဆိုရင် ဘယ်လောက်အထိ ဒုက္ခခံပြီး ရယ်နေမယ်ဆိုတာ သိရဲ့လား'

ချန်းကျောင်းကျောင်းက မရယ်ရအောင် နှုတ်ခမ်းကိုကိုက်၍ ထိန်းထားသော်လည်း သူမ၏ပါးစပ်မှာ ပိတ်၍မရတော့ပါ။

ချိုချိုက....

'ညည်း စပြီးရယ်မောတဲ့အခါမှာ မျက်ရည်ပဲကျမယ်၊ နောက်ဆိုရင် အပေါ်အပါး အကုန်လုံး ထွက်ကျလာလိမ့်မယ်၊ တစ်နာရီကြာတဲ့အခါ အရိုးအဆစ်အားလုံး ပျက်ကုန်လိမ့်မယ်၊ ညည်းရဲ့ တစ်ကိုယ်လုံးဟာ ရွှံ့ပွက်လို ပျော့ခွေသွားမယ်၊ အဲဒီအချိန်မှာ ညည်းရဲ့အရိုးအဆစ်ကို တစ်ချက်ခေါက်ရိုက်တာနဲ့ ဝက်အော်သလို အော်ရပါလိမ့်မယ်'

ချန်းကျောင်းကျောင်းက....

'ညည်း....'

ချိုချိုက....

'ငါက မရက်စက်ဘူးလို့ထင်ရင် မှားသွားမှာပေါ့၊ ကုတုံစန်းလဲ ဒီလိုထင်လို့ သေသွားရရှာတယ်'

ချန်းကျောင်းကျောင်းက....

'မင်းက သူ့ကိုသတ်လိုက်တယ် ဟုတ်လား'

ချိုချိုက

'သူ ငါ့အပေါ် အစစအရာရာ အလိုလိုက်တယ်၊ ဒါပေမယ့် ငါက သူ့ကိုသတ်လိုက်တယ်လေ'

ချင်းကျင်းကျင်းက လုံးဝ စိတ်ဓာတ်ကျသွားလေသည်။

'ကျောက်စိမ်းဆွဲပြားက ငါ့ရဲ့ အဘွားခံဘောင်းဘီထဲမှာ ရှိတယ်၊ ငါ့ကို ချမ်းသာခွင့်ပေးပါတော့'

ရယ်မောသံ ရပ်တန့်သွားသည်။

ချင်းကျင်းကျင်းသည် ရွှံ့ဗွက်တစ်ခုမှာ မြေပေါ်၌ ပျော့ခွေ၍ နေလေသည်။

ယခု ကျောက်စိမ်းဆွဲပြားသည် ချီချီ၏လက်ထဲသို့ ရောက်ရှိနေပြီဖြစ်သည်။

သူမသည် ကျောက်စိမ်းဆွဲပြားကို လက်ဖဝါးပေါ်၌တင်လျက် သူမ၏ပုံဟန်မှာ ဘုရင်ဆစ်ပါးက သံလျက်ကို လက်ထဲမှာ ကိုင်ထားသကဲ့သို့ ဝင့်ကြွားနေသည်။

ဝမ်းသာသည်။

သဘောကျသည်။

ထို့ကြောင့် သူမက အားရပါးရ ရယ်မောလိုက်လေသည်။

'ဟား… ဟား …ဟား'

သူမက အားရပါးရ ရယ်မောနေသော အခါ၌ ပြတင်းပေါက် အပြင်ဘက်တွင် ရှည်လျားသော ကျာပွတ်တစ်ချောင်းသည် တိုက်ခနဲဆိုက်ပြီး ထိုးဖောက်ဝင်ရောက်လာလေသည်။

ကျာပွတ်၏ အဖျားတစ်ချက် လှုပ်ခါလိုက်သည်နှင့် သူမ၏ လက်ထဲမှ ကျောက်စိမ်းဆွဲပြားကို လိပ်ယူလိုက်လေသည်။



ထို့နောက် မြွေတစ်ကောင်ကဲ့သို့ လျင်မြန်စွာ ဆုတ်သွားကြလေသည်။

ချီချီက မရယ်နိုင်တော့ပါ။

သူမ၏မျက်နှာပေါ်၌ ဖြစ်ပေါ်နေသော ဟန်မူရာမှာ သူမ၏ လည်မျိုသို့ တစ်စုံတစ်ယောက်က ဓားဖြင့် လှီးဖြတ်လိုက်သည့် အလား တူလှပေသည်။

ပြတင်းပေါက်အပြင်ဘက်မှ လူတစ်ယောက်၏ ရယ်မောသံ ထွက်ပေါ်လာသည်။

'ခင်ဗျားတို့ လိုက်မလာကြပါနဲ့၊ ကျုပ်က ဝင်ခဲ့မှာပါ'

လုရှောင်ဖုန်းဖြစ်သည်။

'ကျုပ်အတွက် ကျောက်စိမ်းဆွဲပြားကို ပြန်ရအောင် ယူပေးတာကို ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် ကျေးဇူးဆပ်ရမှာပဲ'

ချီချီက အံကိုတင်းတင်းကြိတ်လိုက်သည်။

'ရှင်ဖြစ်ရမယ်ဆိုတာ ကျွန်မသိတယ်၊ ဘာဖြစ်လို့ ဝင်မလာသေးတာလဲ'

သူမ၏စကား ဆုံးသွားသည်နှင့် လုရှောင်ဖုန်းသည် ပြုံးကာ ရွှင်ကာဖြင့် လှမ်းဝင်လာလေသည်။

သူ၏ လက်တစ်ဘက်တွင် ကျာပွတ်ကိုင်လျက် ကျန်လက်တစ်ဘက်မှာ ကျောက်စိမ်းဆွဲပြားပါရှိသည်။

ချီချီက ရယ်မောလိုက်လေသည်။

'ရှင်က ကျောက်ပွတ်ပညာ ဒီလောက်တော်လိမ့်မယ်လို့ မထင်မိဘူး'

လုရှောင်ဖုန်းက....

'ဒီကျောက်ပွတ်ကို ကျုပ်က ခိုးလာတာ'

ချီချီက....

'ဒီကျောက်ပွတ်ဟာ အပြင်ဆက်မှာရပ်နေတဲ့ မြင်းလှည်းပေါ်က ခိုးလာတာဖြစ်ရမယ်၊ ကျောက်ပွတ်ပညာကိုလဲ အရိပ်မဲ့ဝိဇ္ဇာဆီက ခိုးလာတာ မဟုတ်လား၊ တကယ်လို့ ခိုးတဲ့ပညာကို ပြောရမယ်ဆိုရင် သူခိုးဘုရင်ကို မမီသေးပါဘူး'

သူမက သက်ပြင်းတစ်ချက်ချ၍ စကားဆက်လိုက်သည်။

'ရှင့်ကို ခိုးတတ်မှန်း ကျွန်မသိဖို့ကောင်းတယ်၊ ဘာဖြစ်လို့လဲ ဆိုရင် ကျွန်မအသည်းကိုတောင် ခိုးချစ်နေတယ်မဟုတ်လား'

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

'ခင်ဗျားရဲ့ အသည်းနှလုံးကို တောခွေးစားသွားတာကြာလှပါပြီလေ'

ချီချီက....

'ရှင်ရောက်လာတာ စောတော်စေတယ်နော်'

လုရှောင်ဖုန်းက....

'ခင်ဗျား မထင်မိဘူး မဟုတ်လား'

ချီချီက....

'ရှင်က ဘယ်လိုလုပ် ထင်မိတာလဲ'



လုရှောင်ဖုန်းက....

'ဘယ်သူမဆို ခုတင်ပေါ်မှာ တစ်ယောက်တည်း အချိန်အကြာကြီးအိပ်ရင် ကျွေးစရာတွေ အများကြီး တွေးမိလာမှာပေါ့'

ချီချီက သူ့အား စိုက်ကြည့်လိုက်သည်။

'ရှင် ဘယ်အချိန်ကစပြီး သံသယဖြစ်လာတာလဲ'

လုရှောင်ဖုန်းက....

'ထောင်ထဲကထွက်ခဲ့ လိမ့်ထွက်လာတဲ့အခါ ကတည်းပဲ'

သူက ရယ်မောလိုက်သည်။

'ကျုပ်က ခင်ဗျားတို့ရဲ့အကြံကို မသိရတော့လဲ ထောင်ကို ရှောင်လုပ်ထားမှန်းတော့ ငါကြည့်တတ်ပါတယ်ကွာ'

ချီချီက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ရှင်က ခိုးတတ်ရုံမက ဓားပြလဲတိုက်တတ်တာပဲ'

လုရှောင်ဖုန်းက....

'အမှန်ပြောရမယ်ဆိုရင် ကျုပ်က တစ်ခါတစ်ခါ ဓားပြတိုက်ဖို့တောင် စိတ်ကူးမိပါသေးတယ်'

ချီချီက....

'ရှင် ခေါင်းဆောင် လုပ်ချင်တယ်ဆိုရင် ကျွန်မကို ခေါင်းဆောင်ဇနီးတော်အဖြစ် ခေါ်ထားလိုက်ပါ'

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

'စိတ်ချ၊ ကျုပ်က ဂိုဏ်းချုပ်ဖြစ်ခဲ့ရင် မင်းကို ဂိုဏ်းချုပ်ကတော်အဖြစ် လက်ခံမယ်၊ ခင်ဗျားရဲ့မိတ်ဆွေ တိန်ရှမ်းရဲ့လို ပေါ့'

ချီချီ၏ မျက်လုံးအစုံသည် ဝိုင်းစက်သွားလေသည်။

'ကျွန်မ သူနဲ့သိမှန်း ရှင်သိထားတာကိုး'

လူရှောင်ဖုန်းက....

'ခင်ဗျားက လဟာစောရောက်တဲ့အခါမှာ ခင်ဗျားရဲ့ဌာနေ ပြန်လာသလို အားလုံး သိကျွမ်းနေတာကို တွေ့ရတဲ့အတွက် သံသယဖြစ်ခဲ့တာပါ'

သူက စကားဆက်လိုက်သည်။

'ခင်ဗျားဟာ လဟာစောမှာ ကြီးပြင်းလာပြီး တိန်ရှမ်းရိုနဲ့ ချန်းကျောင်းကျောင်းတို့ကိုလဲ သိကျွမ်းလိမ့်မယ်လို့ တွေးမိတာပေါ့'

ထိုအချိန်မှာပင် ချီချီနှင့်အတူ လိုက်ပါလာသော လူသုံးဦးသည် ရုတ်တရက် လူရှောင်ဖုန်းအား ဝိုင်းရံထားလိုက်၏။

လူရှောင်ဖုန်းက ပြုံးလိုက်သည်။

'အရင်တစ်ခါတုန်းက ခင်ဗျားတို့ ဘာဖြစ်လို့ နောက်ဆုတ်သွားကြရတာလဲ'

ဆံပင်ဖြူဖွေးသော အဘိုးအိုက ...

'အရင်တစ်ခါတုန်းက မင်းကိုသတ်လိုက်ရင် အခုလိုဇာတ်လမ်း ရှည်မှာ မဟုတ်ဘူး'



ဆင်းလောက်အော့က...

'အရင်တစ်ခါ ခင်ဗျားကိုလွှတ်လိုက်တာ ခင်ဗျားကို ရုပ်သေးအဖြစ် အသုံးချမလို့'

လူရှောင်ဖုန်းက ရယ်မောလိုက်သည်။

'ကျုပ်ကသာ ချီချီရဲ့ ရုပ်သေး ဖြစ်ခဲ့ရင် ခင်ဗျားတို့ သုံးယောက် ဘာဖြစ်သွားကြမလဲ'

ဆင်းလောက်အော့တို့ သုံးယောက်သည် ချီချီအား လှည့်ကြည့်လိုက်သည်။

ချီချီက အေးအေးဆေးဆေး ထွက်ခွာသွားသည်။

ယခု ဖြစ်ပျက်နေသော ကိစ္စများသည် သူမနှင့် လုံးဝမသက်ဆိုင်သည့်အလား....

လူရှောင်ဖုန်းက....

'ခင်ဗျားတို့ သုံးယောက်စလုံးဟာ သိုင်းအကျော်အမော်တွေပါပဲ၊ အခုလို မိန်းမလေးတစ်ယောက်ရဲ့ ကျေးကျွန် ဖြစ်ရတာ အလွန်နှမြောစရာကောင်းပါတယ်'

ဆံပင်ဖြူဖွေးသော အဘိုးအိုက ကုန်းနေသော ခါးကို ဖြောင့်စေ့မတ်လိုက်လေသည်။

သူသည် လက်နှစ်ဘက်ဆုပ်လိုက်ပြီး

'ကျုပ်က ဝါစန်းဂိုဏ်းက ဝါရှိစွန်းပါ'

သူက စကားဆက်လိုက်သည်။

'အသင့်ပြင်ထားပါ'

လုရှောင်ဖုန်းက....

'ခင်ဗျား တစ်ယောက်တည်းနဲ့ ကျုပ်ကို ရင်ဆိုင်မလို့လား'

ဝါရှိစွန်းက....

'ခင်ဗျားက ကျုပ်ရဲ့အကြောင်းကို မသိရင် ကျုပ်က သူတို့နဲ့ပေါင်းပြီး တိုက်ခိုက်ရမှာပဲ၊ အခုတော့....'

သူ၏ မျက်နှာထားမှာ လေးနက် တည်ကြည်လာလေသည်။

'ကျုပ်ရဲ့ အသက် သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ အရေးမဟုတ်တော့ဘူး၊ ကျုပ်ကြောင့် ဝါစန်းဂိုဏ်း ဂုဏ်သိက္ခာ မကျစေရပါဘူး'

လုရှောင်ဖုန်း၏ မျက်နှာမှာသည်း တည်ကြည်လေးနက်လာသည်။

သူသည် ဝါရှိစွန်းအား လေးစားလာလေသည်။

ဝါရှိစွန်းက....

'ခင်ဗျားရဲ့ လက်ညှိုးတစ်ချောင်း ထိုင်းဟာ တော်တော်ကျော်ကြားခဲ့တယ်၊ ကျုပ်လဲ ဒီပညာကို ဆည်းပူးထားပါတယ်၊ ဒါကြောင့် ပညာချင်း ဖလှယ်ကြရအောင်'

လုရှောင်ဖုန်းက လက်နှစ်ဘက်ဆုပ်၍ အရိုအသေပြု၏။

'ဟုတ်ကဲ့'

ထိုသည် ကျောပွတ်ကို ချထားပြီး....



ကျောက်စိမ်းဆွဲပြားကို သိမ်းဆည်းထားလိုက်၏။

'အသင့်ပြင်ပေတော့'

ဝါရှိစွန်းက လက်ညှိုး တစ်ချောင်းဖြင့် တိုက်ခိုက်လိုက်လေသည်။

ဝါရှိစွန်း၏ တိုက်ခိုက်မှုသည် ဝါစန်းဂိုဏ်း၏ အမွေအနှစ်ဖြစ်သည်။

အလွန်သည်း ထက်မြက်သည်။

သူတို့သည် သိုင်းကွက်ကို အမျိုးမျိုး ပြောင်းလဲပြီး အသုံးပြုသည်ကို အားနည်း၏။

ထို့ကြောင့် သူသည် လက်ညှိုးတစ်ချောင်းသိုင်းနှင့် ပြန်လည်တိုက်ခိုက်လျှင် သိုင်းကွက် သုံးကွက်မျှနှင့် အနိုင် ရနိုင်သည်ဟု ခန့်မှန်းထားသည်။

သို့သော် ဝါရှိစွန်းမှာ ဝါစန်းဂိုဏ်း၏ သိုင်းအကျော်အမော်တစ်ယောက် ဖြစ်သည်။

နာမည် အလွန်ကြီး သော သိုင်းပညာရှင်တစ်ယောက် ဖြစ်သောကြောင့် အလွယ်တကူဖြင့် အနိုင်ယူသစ်မယူသစ် ဆန်းစစ်မိသည်။

ထို့အပြင် ဝါရှိစွန်းမှာ အသက်အရွယ် အိုခင်းသောအဘိုးအိုဖြစ်သည်။

အသက်၍ အကြီးအကျယ် ရှုံးနိမ့်သွားပါက တာတစ်ခုလုံး ခေါင်းထောင်နိုင်မည် မဟုတ်ပါ။

သူသည် ထိုအတွေးများကို လျှပ်တစ်ပြက် စဉ်းစားနေစဉ်....

ဝါရှိစွန်း၏ လက်ညှိုးထိပ်သည် သူ၏သွေးကြောနေရာသို့ ထိုးဖောက်ဝင်ရောက်လာလေသည်။

သူ့မှာစဉ်းစားရန် အချိန်မရလိုက်တော့ပါ။ လက်ညှိုးလေးဖြင့် ဝါရှိစွန်း၏လက်ညှိုးထိပ်နှင့် ခံပေးလိုက်သည်။

ဝါရှိစွန်းသည် လုရှောင်ဖုန်း၏လက်ညှိုးထိပ်မှ အပူငွေ့တစ်ခုက သူ၏လက်ညှိုးသို့ ကူးပြောင်းလာသည်ကို ခံစားလိုက်ရသည်။

သူ၏အတွင်းအားလည်း ချက်ချင်းပျောက်ကွယ်သွားသည်။ သူ၏တစ်ကိုယ်လုံးမှာ ဇောချွေးများ ပြန်လာလေသည်။

ထိုအချိန်မှာပင် လုရှောင်ဖုန်းက ရုတ်တရက် နောက်သို့ဆုတ်သွား၏။

သူက ပခုံးတစ်ချက်တွန့်လိုက်သည်။

'ခင်ဗျားတို့ ဝါစန်းဂိုဏ်းရဲ့ လက်ညှိုးတစ်ချောင်းသိုင်းဟာ ကျော်ကြားသလောက် ထက်မြက်ပါပေတယ်'

ဝါရှိစွန်းက...

'ဒါပေမယ့် ငါရှုံးသွားပါပြီ'

လုရှောင်ဖုန်းက....

'ခင်ဗျားမရှုံးပါဘူး၊ ကျုပ်က ခင်ဗျားရဲ့သိုင်းကွက်ကို ခံပေးနိုင်ပေမယ့်၊ ခင်ဗျားထက်မြန်ပေမယ့် ခင်ဗျားရဲ့အတွင်းအားက ကျုပ်ထက်အများကြီးသာပါတယ်ဗျာ'



သူ၏စကားမဆုံးမီ လက်နက်ပုန်းဆယ်ခုမှာ သူ၏နောက်ကျောသို့ ပစ်ဝင်လာလေသည်။

သူ့နောက်တွင် မျက်လုံးမပါပါ။

လက်နက်မရှိပါ။

ဝါရှိစွန်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

ထိုတဒင်္ဂအချိန်တွင်လုရှောင်ဖုန်း၏ခန္ဓာကိုယ်သည်ရုတ်တရက် ဖုတ်လိုက်ရာ လက်နက်ပုန်းများသည် ဝါရှိစွန်း၏ရင်ဘတ်ပေါ်သို့ ထိမှန်သွားလေသည်။

ဝါရှိစွန်း၏မျက်လုံးအစုံ ပြူးထွက်လာသည်။ ဆင်းလောက်အော့ထံ တစ်လှမ်းချင်း လှမ်းသွားသည်။

ဆင်းလောက်အော့၏မျက်နှာ ပျက်သွား၏။ တစ်လှမ်းချင်း နောက်သို့ဆုတ်သွားလေသည်။

ဝါရှိစွန်းက ရှေ့ခြေနှစ်လှမ်းမျှသာ လှမ်းနိုင်သည်။ သူ၏မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့မှ သွေးများ စီးဆင်းလာလေသည်။

ဆင်းလောက်အော့က စိတ်သက်သာရာ ရသွားသည်။

'ကျုပ်...'

သူက စကားတစ်လုံးသာ ပြောနိုင်သည်။

သူ၏ရင်ဝမှာ ရုတ်တရက် သွေးများပန်းထွက်လာသည်။

ဓားဖျားသည် ထိုသွေးများနှင့်အတူ ထိုးဖောက်ထွက်လာလေသည်။

သူသည် အံ့ဩသိတ် ခန့်စွာဖြင့် ထိုဓားဖျားကိုကြည့်ပြီး ရုတ်တရက်ခေါင်း၍ ရှေ့သို့မှောက်လျက်လဲကာ မြေပေါ်သို့ ကျသွားလေသည်။

သူလဲကျသွားပြီးသောအခါ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသောလူက သူ့နောက်ကျောင်ရပ်လျက် လက်ထဲမှဓားကိုကိုင်ထားသည်။

ဓားဖျားမှာ သွေးများစွန်းနေ၏။ ဝါရှိစွန်းကသူ့ အားကြည့်ကာ ပြုံးပြလိုက်သည်။

'ကျေးဇူးတင်ပါတယ်'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ခင်ဗျားက မှန်တိုင်းဓားတုပေဆိုတာ ကျုပ်သိပြီးပါပြီ'

သူက လဲကျနေသော ဆင်းယောက်ခေါ့အား ညွှန်ပြလိုက်သည်။

'သူကတော့ လက်ပေါ်င်းတစ်ထောင်ဂျူးဆင့်ဖြစ်တယ်ဆိုတာ ကျုပ်အကဲခတ်မိပါတယ်'

တုပေက ပြုံးရုံသာပြုံးလိုက်သည်။

စကား မပြောပါ။

ဝါရှိစွန်းက လုရှောင်ဖုန်းအား လှည့်ကြည့်လိုက်သည်။

'ခင်ဗျားကိုလဲ ကျေးဇူးတင်ပါတယ်'



တုပေကသူ့ အတွက်လက်စားချေပေးသည်။ လုရှောင်ဖုန်းက သူ၏သိက္ခာကို ထိန်းသိမ်းပေးခဲ့လေသည်။

ဤအချက်နှစ်ချက်သည် သိုင်းလောကမှာ အရေးနက်ဆုံး ဆောက်စွန်နှစ်ရပ် ဖြစ်လေသည်။

ဝါရှိစွန်းက မျက်လုံးပိတ်ထားလိုက်၏။

'ခင်ဗျားတို့ ကျုပ်အပေါ်မှာ တော်တော်ကောင်းလှပါတယ်ဗျာ'

သူသည် တဖြည်းဖြည်းလဲကျသွားသည်။

သူ၏မျက်နှာမှာ ပြုံးယောင် သန်းနေ၏။

သူ၏ နောက်ဆုံးအပြုံး ဖြစ်လေသည်။

...ဝ...

အေးစိမ့်သောလေသည် ပြတင်းပေါက်၌အပြင်ဘက်မှ တိုက်ခတ်လာ၏။

အေးစိမ့်သောခံစားမှုသည် ရင်ထဲမှ ဖြစ်ပေါ်လာလေသည်။

လုရှောင်ဖုန်းက သက်ပြင်းချလိုက်သည်။

'ဘာဖြစ်လို့လဲ၊ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ'

တုပေက....

'ဘာဖြစ်လို့လဲဆိုတာ ခင်ဗျားသိပါတယ်၊ ကျုပ်လဲသိတယ်'

လောဘ....

ပစ္စည်းဥစ္စာ မက်မောသောလောဘ၊ ပြဇာအာဏာဘပ်မက်သော လောဘ၊ ထင်ပေါ်ကျော်ကြားသော လောဘ၊ ကာမကို မက်မောသော လောဘ....

လူသားတို့သည် ဒုက္ခဆင်းရဲဖြစ်ခြင်း၊ သောကဖြစ်ခြင်း စသည်တို့သည် ထင်းလောဘကြောင့် ဖြစ်ရမည် မဟုတ်ပါလော....

လုရှောင်ဖုန်းက သူ့ဘက်သို့ လှည့်လိုက်သည်။

'ခင်ဗျား....'

တုပေက ခေါင်းယမ်းလိုက်သည်။

'ကျုပ်က ခင်ဗျားနဲ့ ယှဉ်လို့မရဘူးဆိုတာ သိတယ်'

လုရှောင်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒါဖြစ်ရင် ခင်ဗျားလိုရာ သွားနိုင်ပါပြီ'

တုပေက ချီချီဘက်သို့ လှည့်လိုက်လေသည်။

'ငါတို့ သွားကြမယ်'

ချီချီက ရယ်မောလိုက်သည်။

'ကျွန်မက ရှင့်နောက်လိုက်ခဲ့ရမယ် ဟုတ်လား'



တုပေက....

'ဟုတ်တယ်'

ချီချီက အားရပါးရ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား'

လုရှောင်ဖုန်းသည် ရယ်မောခြင်းမှာ တစ်ခါတရံ ငိုကြွေးခြင်းပင် ခံစားရမည်ကို နားလည်လိုက်လေသည်။

တုပေက....

'မင်း မလိုက်ဘူးလား'

ချီချီက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

သူမသည် အေးစိမ့်သော အသံဖြင့်....

'ထွက်သွားစမ်း'

ထိုစကားလုံးသည် ထက်မြက်လှသော ဓား တစ်လက်ပမာ တုပေ၏ အသည်း နှလုံးအား ထိုးစိုက်လိုက်လေသည်။

တုပေ၏ မျက်နှာမှာ ဖြူဖတ်ဖြူလျော် ဖြစ်သွားသည်။

သူသည် စကား တစ်ခွန်းမှ မပြောတော့ဘဲ နောက်သို့ လှည့်ကာ လှမ်းထွက်လိုက်လေသည်။

ချီချီက လျှပ်တစ်ပြက် ပြေးလိုက်သွားသည်။

တုပေ ကျောပေါ်မှ ဓားကို ဆွဲထုတ်လိုက်သည်။

ထို့နောက် သူ၏ နောက်ကျောသို့ ထိုးသွင်းလိုက်လေသည်။

ဓားသည် အလွန် ထက်မြက်နေသဖြင့် တုပေ၏ နောက်ကျောမှ ရင်ဝသို့ ထိုးဖောက် သွားလေသည်။

တုပေက လဲကျ မသွား သေးပါ။

သူက ချိုချိုဘက်သို့ လှည့်လိုက်ပြီး သူမအား အေးစက်စွာ ကြည့်နေ၏။

ချိုချိုက ပြုံးလိုက်သည်။

'ကျွန်မရှိရင် ရှင်နေတတ်မှာ မဟုတ်လို့ ရှင်သေသွားတာပဲ ကောင်းတယ် မဟုတ်လား'

တုပေ၏ နှုတ်ခမ်းထောင့်မှာ သွေးများစီးဆင်းလာလေသည်။

သူက ခေါင်းညိတ်ပြလိုက်သည်။

'ကောင်းတယ်၊ သိပ်ကို ကောင်းတယ်'

သူ၏ စကား ဆုံးသွားသည်နှင့် ရှေ့သို့ လျှပ်တစ်ပြက် တိုးလိုက်ပြီး ချိုချိုအား လက်နှစ်ဘက်ဖြင့် တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်လေသည်။

သူ့ ရင်ဝကို ထိုးဖောက် ပြူထွက်နေသော ဓားဖျားက ချိုချို၏ရင်ဝကိုလည်း ထိုးသွင်း မိသွား လေသည်။

ချိုချို၏ ဦးခေါင်းသည် တုပေ၏ ပခုံးပေါ် မှီနေ၏။

သူမ၏ မျက်လုံးများ ပြူးထွက် လာခဲ့တော့သည်။

....●....



ချွန်းကျင်းကျန်းက မသေသေးပါ။

သူသည် တစ်ချိန်လုံး သတိ ကောင်းနေ၏။

လုရှောင်ဖုန်းက သူမအား အခြားအခန်းထဲသို့ ပွေ့ချီသွားပြီး ခုတင်ပေါ်၌ တင်ထားခဲ့လေသည်။

သူမသည် ဝေဒနာခံစားရမည့်အစား သေချင်သည်။

သို့သော် သူမနားလည်ထားသည်မှာ မိမိကသေလျှင် သူများက မသေစေလိုပါ။

သူမက သေရမည်ကို ကြောက်နေလျှင် သူများက သူမအား သတ်လိမ့်မည်ဖြစ်သည်။

ယခု မသေလိုသောလူများတို့သည် သူမရှေ့တွင် သေဆုံးကုန်ကြပြီး သေရမည့်လူက မသေဘဲ အသက်ရှင်နေသည်ကို တွေ့မြင်နေရပြီ မဟုတ်ပါလော။

လုရှောင်ဖုန်းက ခုတင်အနီးတွင် ရပ်နေ၏။

သူမက ပြုံးလိုက်သည်။

'တကယ်လို့ ချိုချိုက သေတ္တာတွေကို မတော်တဆ ကျကွဲအောင် မလုပ်ခဲ့ရင် ရှင်က သံသယဖြစ်မှာမဟုတ်ဘူး'

လုရှောင်ဖုန်းက....

'ဟုတ်တယ်၊ ဒါပေမယ့် ခင်ဗျားကို သံသယဖြစ်ရတဲ့ အဓိက အချက်တော့ မဟုတ်သေးဘူး'

'ဒါဖြင့် ဘာကို သံသယဖြစ်ခဲ့ရတာလဲ'

'ဝက်ဝံနက်'

'ရှင်...'

'ဟုတ်တယ်၊ လိန်ဟုန်အောဟ်တွေ့ခဲ့တဲ့ ဝက်ဝံနက်ဟာ ခင်ဗျားပဲဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားအခန်းထဲမှာ ဝက်ဝံနက်ရဲ့သားရေတစ်ခုကို ကျုပ်ကတွေ့ခဲ့လို့'

ချန်းကျောင်းကျောင်းက သက်ပြင်းချလိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်မက ကျောက်စိမ်းဆွဲပြားကို သွားဖွက်စဉ်တုန်းက မမျှော်လင့်ဘဲ လိန်ဟုန်အောဟ် တစ်ယောက် တည်းထိုင်နေတာကို တွေ့ခဲ့လို့'

လုရှောင်ဖုန်းက....

'ဒါကြောင့် ခင်ဗျားက လိန်ဟုန်အောဟ်ကို သတ်လိုက်တယ်ဟုတ်လား'

ချန်းကျောင်းကျောင်းက....

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'လိန်ဟုန်အောဟ်က သေခါနီးမှာ ခင်ဗျားမှန်း သိသွားတာနဲ့ ကျောက်စိမ်းဆွဲပြားကို ခင်ဗျားတို့က ခြုပ်ထားတဲ့နေရာကို သိလိုက်တယ်၊ ဒါကြောင့် သေခါနီးမှာ အဲဒီနေရာအထိ ရောက်အောင်သွားခဲ့တယ်'

ချန်းကျောင်းကျောင်းက....

'ဝက်ဝံ သားရေမှာ နှစ်ချပ်ရှိတက်၊ ကျွန်မက အရက်နဲ့ ဟင်းလျာယူပြီး ရှင့်ကို ရောက်လာတာက ရှင့်သို့ စေတနာရှိလို့



မဟုတ်ဘူး၊ 'လီဇင်တုံး'ကိုနိုလိရှားရဲ့အလေ့ခင်းကို မြင်ဆင်ထားနိုင်အောင်အချိန်ဆွဲထားတာရှင့်'

လုရှောင်ဖုန်းက....

'ခင်ဗျား တော်တော်ရက်စက်တယ်'

ချန်းကျောင်းကျောင်းက....

'တိန်ရှမ်းရီက ပြောဖူးပါတယ်၊ ကျွန်မတို့လူစုထဲမှာ ကျွန်မဟာ အရက်စက်ဆုံးပါ'

သူမက စကားဆက်လိုက်သည်။

'ရှင့်ရဲ့ စိတ်ထဲမှာ ကျွန်မ ရှင့်ကို ချစ်နေတယ်လို့ ထင်ရင်မှားသွားမယ်၊ အမှန်ပြောရမယ်ဆိုရင် ရှင့်ကို ကျွန်မ မုန်းတယ်၊ ရှုံတယ်'

လုရှောင်ဖုန်းက....

'ကျုပ် နားလည်ပါပြီ'

ချန်းကျောင်းကျောင်းက....

'ဘာကို နားလည်တာလဲ'

လုရှောင်ဖုန်းက....

'ခင်ဗျား သေချင်နေလို့ မဟုတ်လား'

သူက ပြောပြီး အခန်းထဲမှ လှမ်းထွက်လိုက်သည်။

ချန်းကျောင်းကျောင်းက....

'ရှင် ဘယ်သွားမလို့လဲ'

လုရှောင်ဖုန်းက...

'မြင်းလှည်း သွားတပ်ဆင်မလို့'

ချန်းကျောင်းကျောင်းက....

'ဘာလုပ်မလို့လဲ'

လုရှောင်ဖုန်းက....

'ကျုပ်က ခင်ဗျားရဲ့ သွေးကြောထဲမှာ စီးဝင်နေတဲ့ အပ်နှုတ်မပေးနိုင်ဘူး၊ ဒါပေမယ့် ဆွဲနှုတ်ပေးနိုင်မယ်၊ လူ တစ်ယောက် ရှိတယ်ဆိုတာ ကျုပ် သိထားတယ်'

သူသည် ခြေလှမ်း ကျဲကျဲဖြင့် ထွက်ခွာသွားသောအခါ ချန်းကျောင်းကျောင်း၏ငိုကြွေးသံများကို ကြားလိုက်ရလေသည်။

သူမက ဝမ်းနည်းသွား၍လော...။

လုရှောင်ဖုန်းအား ကျေးဇူးတင်၍လော...။

....o....



လုရှောင်ဖုန်းက အခန်းထဲမှ ထွက်လာသောအခါ လက်တစ်ဖက်က ဆန့်၍ သူ့အား ကြိုဆိုနေ၏။

လုရှောင်ဖုန်း၏လက် ဖြစ်ရမည်ဟု သူက သိထားသည်။

'ပေးပါ'

လုရှောင်ဖုန်း၏အသံ ဖြစ်သည်။

လုရှောင်ဖုန်းက....

'ဘာကို ပေးရမှာလဲ...ထမင်းလား၊ မိုက်ဆံလား'

လုရှောင်က....

'ဒီတစ်ခါ မပေးရင် မင်းရဲ့အသက်ကို လိုချင်ရမှာပဲ'

လုရှောင်ဖုန်းက...

'ရပါတယ်လေ'

လုရှောင်က....

'ကျုပ်က မင်းရဲ့ခြေထောက်ကို ရိုက်ချိုးမှ ပေးမှာလား'

လုရှောင်ဖုန်းက....

'ခင်ဗျားက ဘာသဘောလဲ'

လုရှောင်က....

'ကျောက်စိမ်းဆွဲပြား ပေးဖို့ တောင်းနေတာ'

လုရှောင်ဖုန်းက…

'ကျုပ်က ကျောက်စိမ်းဆွဲပြားပေးပါမယ်လို့ မပြောခဲ့ဖူးပါဘူး'

လုရှောင်က….

'မင်းက ဘယ်သူ့ကို ပေးမလို့လဲ'

လုရှောင်ဖုန်းက…

'မုတ်ဆိတ်ပြာ'

လုရှောင်က….

'ဘာဖြစ်လို့လဲ'

လုရှောင်ဖုန်းက…

'ကျုပ်မှာ အပြစ်မရှိကြောင်း လိုချင်လို့'

လုရှောင်က…

'ကျောက်စိမ်းဆွဲပြားကို မင်းက အပိုင်ယူဖို့ စိတ်မကူးခဲ့ဘူးလား'

လုရှောင်ဖုန်းက….

'စိတ်ကူးတာပေါ့'

သူက စကားဆက်လိုက်သည်။

'ကျုပ်ရဲ့ စိတ်ကူးတာကို ပြောရမယ်ဆိုရင် အများကြီးပါပဲ၊ ကျုပ်က တုရှင်လုပ်ဖို့ စိတ်ကူးမိတယ်၊ ဒါပေမယ့် တုရှင်လုပ်ရတာ ပျင်းလို့ ဝန်ကြီးလုပ်ဖို့ပဲ စိတ်ကူးတယ်၊ အလုပ်ရှုပ်မှာ ကြောက်တယ်၊ သူဌေးကြီးဖြစ်ဖို့ စိတ်ကူးတယ်၊ အခိုးခံရမှာကို ကြောက်တယ်၊ တစ်ခါတလေ ခင်ဗျားကို ပါးရိုက်ဖို့ စိတ်ကူးမိပါသေးတယ်၊ ဒုက္ခရောက်မှာကို ကြောက်တယ်'



လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

'မင်းက စိတ်ကူးထားတာတွေ အတော်များတယ်၊ ဒါပေမယ့် တစ်ခုမှ မလုပ်ဖြစ်ဘူး ဟုတ်ပါတယ်'

လုရှောင်က မချိပြုံး ပြုံးလိုက်လေသည်။

'လောကကြီးပေါ်မှာ ရှိနေတဲ့ လူတိုင်းလူတိုင်းမှာ စိတ်ကူးများပြီး အကယ် တကယ်တွေလုပ်တဲ့ လူက နည်းပါတယ်၊ ကျုပ်တစ်ယောက်တည်း မဟုတ်သေးပါဘူး'

လုရှောင်၏ မျက်လုံးအစုံသည် အဝေးသို့ လှမ်းကြည့်လိုက်မိ၏။

သူသည် ကိုယ့်ကိုကိုယ် မေးမိသည်။

'ငါ့ရဲ့ ဘဝတစ်လျှောက်လုံးမှာ ဘာတွေ စိတ်ကူးခဲ့သလဲ၊ ဘာတွေ လုပ်ခဲ့သလဲ'

လူသားတစ်ယောက်သည် လောကပေါ်၌ ရှင်သန်နေသည့်အခါ စည်းကမ်းဥပဒေများကို လိုက်နာရမည် ဖြစ်သည်။

အကယ်၍ မိမိ့စိတ်ကူးများကို လုပ်ချင်တိုင်း လုပ်လိုက်ပါက လောကတစ်ခုလုံးမှာ မည်ကဲ့သို့ ပုံသဏ္ဌာန် ဖြစ်လာမည်နည်း။

အတန်ကြာမှ လုရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'မင်း သွားပါတော့'

လုရှောင်ဖုန်းက စိတ်သက်သာရာ ရသွားလေသည်။

'ခင်ဗျားက ကျုပ်ကို ခွင့်လွှတ်လိုက်တယ် ဟုတ်လား'

လုရှောင်က မျက်နှာထားတင်းတင်းဖြင့် –

'ဒါဟာ နောက်ဆုံးအကြိမ်ပါပဲ'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ခင်ဗျား အရက်သောက်ချင်တဲ့အခါမှာ ကျုပ်ဆီကို လာနိုင်ပါတယ်'

သူက နှုတ်ဆက် လက်ပြရင်း သူတို့ကြားမှ ထွက်ခွာရန် ခြေလှမ်းပြင်လိုက်သည်။

ဟန်မေက....

'ခဏ နေပါဦး'

လုရှောင်ဖုန်းက ခြေလှမ်းရပ်လိုက်သည်။

'ဘာပြောမလို့လဲခင်ဗျာ'



ဟန်မေက....

'မင်းကို ငါကြည့်ချင်လို့ပါ'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ကြည့်နိုင်ပါတယ်၊ အားလုံးက ကျုပ်ကို ရုပ်ချောတယ်လို့ ပြောပါတယ်'

ဟန်မေက....

'မင်းရဲ့မျက်နှာ ကြည့်ချင်လို့ မဟုတ်ဘူး၊ မင်းရဲ့ သိုင်းပညာကို ကြည့်ချင်လို့'

လုရှောင်ဖုန်းက ပြုံးနေရာမှ မချိပြုံး ပြုံးလိုက်လေသည်။

'မကြည့်ပါနဲ့တော့ဗျာ၊ ကျုပ်ရဲ့သိုင်းပညာက ကျုပ်မျက်နှာထက် ကြည့်လို့မကောင်းပါဘူး'

ဟန်မေက ချာခနဲ လှည့်လိုက်သည်။

'ငါ့နောက် လိုက်ခဲ့'

လုရှောင်ဖုန်း ပခုံးတစ်ချက် တွန့်ပြီး လိုက်သွားလေသည်။

'ကျုပ်ကို ဘယ်ခေါ်သွားမလို့လဲ၊ အရက် သောက်မယ်၊ ကောင်းကောင်းစားမယ်ဆိုရင် ရတယ်၊ တိုက်ခိုက်မယ်ဆိုရင် ကျုပ် ထွက်ပြေးမှာ'

ဟန်မေသည် သူ့ကို လှည့်မကြည့်ဘဲ ဆက်လက် လျှောက်သွားသည်။

ထို့နောက် အလွန်ခမ်းနားကြီးကျယ်သော စားသောက်ဆိုင် တစ်ဆိုင်ပေါ်သို့ တက်သွားလေသည်။

ထိုစားသောက်ဆိုင်တွင် ထမင်းစားပွဲတစ်ခု ပြုလုပ်နေ၏။ ယင်းထမင်းစားပွဲမှာ ရွှေနဂါးအာမခံဌာနက အလွန်ကျော်ကြားသော သိုင်းပုဂ္ဂိုလ်တစ်ယောက်အား ဌာနမှူးအဖြစ် ခန့်အပ်ထားသည့် ထမင်းစားပွဲ ဖြစ်လေသည်။

ထိုလျှမ်းလျှမ်းတောက်ကျော်ကြားသော ပုဂ္ဂိုလ်မှာ ကျားနက် ချီကျင်းဝူ ဖြစ်သည်။

ဧည့်ပရိသတ်များ စုံစုံလင်လင် တက်ရောက်လာကြသဖြင့် ချီကျင်းဝူမှာ အလွန် ဂုဏ်ကြွားရှိနေလေ၏။

ဟန်မေသည် စားသောက်ဆိုင်အပေါ်သို့ တက်ရောက်လာသည်နှင့် ကျားနက် ချီကျင်းဝူထံသို့ လျှောက်သွား၏။

သူက အေးတိအေးစက်ဖြင့် ကြည့်လိုက်သည်။

'ခင်ဗျားက ကျားနက်ချီကျင်းဝူ ဟုတ်သလား'

ချီကျင်းဝူက အံ့အားသင့်သွားသည်။

သူက ဟန်မေအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်'

ဟန်မေက....

'ကျုပ် ဘယ်သူလဲဆိုတာ မင်းသိလား'

ချီကျင်းဝူက....

'ခင်ဗျားက ဘယ်သူပါလိမ့်'

ဟန်မေက....

'ကျုပ်က နွေမိုးဆောင်း သုံးဖော်ထဲက ဟန်မေပါ'

ချီကျင်းဝူသည် နွေမိုးဆောင်းဟူသော စကားကို ကြားလိုက်ရသောအခါ နဖူးပေါ်မှချွေးများ စို့လာလေသည်။

ဟန်မေက....

'ကျုပ် ဘယ်သူလဲဆိုတာ အခု မင်းသိပြီပေါ့'

ချီကျင်းဝူက ကမန်းကတမ်း ထရပ်လိုက်သည်။

ကျိုးနွံစွာဖြင့် အရိုအသေပြုလိုက်သည်။

'ဦးက ဟန်မေဖြစ်မှန်းမသိလို့ အရိုအသေမပြုမိတာခွင့်လွှတ်ပါခင်ဗျာ'

ဟန်မေက ချာခနဲလှည့်လိုက်ပြီး လုရှောင်ဖုန်းထံသို့ လျှောက်သွားသည်။

'သူက ဘယ်သူလဲဆိုတာ မင်းသိသလား'

လုရှောင်ဖုန်းက....

'ကျုပ် ကြားဖူးပါတယ်'

ဟန်မေက....

'သူ့ရဲ့နာမည် လျှမ်းလျှမ်းတောက် ကျော်ကြားတယ်၊ သိုင်းပညာလဲ အဆင့်မြင့်တယ်၊ ဝါ့ကိုတွေ့ရင် ဘယ်လိုလေးစားတယ်ဆိုတာ မင်းတွေ့တယ် မဟုတ်လား'

လုရှောင်ဖုန်းက....

'ဟုတ်ကဲ့ တွေ့တယ်'

ဟန်မေက....

'မင်းကျတော့ ဝါ့ကို ဘာဖြစ်လို့ လေးလေးစားစား မရှိတာလဲ'

လုရှောင်ဖုန်းက....

'ဂုဏ်ရှိတဲ့မိသားစု၊ ဂုဏ်ရှိတဲ့အသိုင်းအဝိုင်းမှာ ကြီးပြင်းလာတော့ လူကြီးသူမကို ရိုသေရမှန်း မသိတတ်လို့ပါ'

ဟန်မေက....

'မင်းတော'

လုရှောင်ဖုန်းက....

'ကျုပ်အမ မိဘမဲ့ ကလေးတစ်ယောက်ပါ'



ဟန်မေက....

'ဒါကြောင့် ဆုံးမမယ့်လူ မရှိဘူးပေါ့'

လုရှောင်ဖုန်းက....

'ဟုတ်ပါတယ်'

ဟန်မေက....

'ဒါကြောင့် နည်းနည်းလေးဆုံးမဖို့ လိုလိမ့်မယ်'

သူသည် ချီကျင်းဝူအက်သို့ လှည့်၍ လုရှောင်ဖုန်းအား ညွှန်ပြလိုက်သည်။

'မင်း သူ့ကို သိသလား'

ချီကျင်းဝူက ခေါင်းခါယမ်းလိုက်သည်။

'မသိပါဘူး'

ဟန်မေက....

'သိဖို့လဲ မလိုပါဘူး၊ ဝါ့ကိုယ်စား သူ့ကို နည်းနည်း ဆုံးမလိုက်ပါ'

ချန်းကျင်းကျင်းက အခက်ကြုံရလေသည်၊

မိမိနှင့် လုံးဝရန်ငြိုးမရှိသောလူကို တိုက်ခိုက်လိုက်ခြင်းသည် သူက လုံးဝမလိုလားပါ။

ဟန်မေက သူ့ကိုကြည့်လိုက်သည်။

'မင်းက သူ့ကိုမဆုံးမချင်ဘူးဆိုရင် ကျုပ်ကမင်းကို ဆုံးမရလိမ့်မယ်'

ခတာတ်နိုင်တော့ပါ။

ချိုကျင်းဝူက မတိုတတ်ရပ်လိုက်ရလေသည်။ ထို့နောက် လုရှောင်ဖုန်းရှေ့သို့ လျှောက်သွားလေသည်။

ဟန်မေမှာ နောက်သို့ဆုတ်သွားပြီး အေးဆေးစွာ ကြည့်နေသည်။

ချိုကျင်းဝူ၏ လက်ဝါးတစ်ဘက်သည် လုရှောင်ဖုန်း၏ပခုံးသို့ လက်ဝါးစောင်းအနေအထားဖြင့် ခုတ်ချလိုက်သည်။

လုရှောင်ဖုန်းက ရှောင်တိမ်းခြင်းမပြုပါ။ ခုခံခြင်းလည်း မပြုပါ။

ချိုကျင်းဝူ၏လက်ဝါးသည် လုရှောင်ဖုန်း၏ ပခုံးပေါ်သို့ ခုတ်မိသွားလေသည်။

လုရှောင်ဖုန်း၏ခန္ဓာကိုယ် တစ်ချက်မျှ ယိမ်းယိုင်မသွားပါ။ ချိုကျင်းဝူ၏နဖူးပေါ်တွင် ချွေးများစို့လာပြန်လေသည်။

သူသည် ရပ်၍မရတော့ပါ။

လက်သီးတစ်လုံးဖြင့် လုရှောင်ဖုန်း၏ ဝမ်းဗိုက်သို့ထိုးသွင်းလိုက်သည်။

လုရှောင်ဖုန်းက ခုခံခြင်းမပြုပါ။



ချိုကျင်းဝူ၏ပြင်းထန်သော လက်သီးတစ်လုံးသည် သူ့ဝမ်းဗိုက်သို့ ထိထိမိမိ ထိုးမိသွားသည်။

သို့သော် သူထိုးသွင်းလိုက်သောလက်သီးမှာ ဂွမ်းထဲသို့ ထိုးမိသည့်အကဲ့သို့ တွေ့ရှိရလေသည်။

သူက တတိယအကြိမ် ထိုးခိုက်ရန်ပင် စိတ်မကူးဝံ့ပါ။

လုရှောင်ဖုန်းက ပြုံးပြလိုက်သည်။

ထို့နောက် ဟန်မေဘက်သို့ လှည့်ကြည့်လိုက်သည်။

'အခု ကျုပ်သွားလို့ရပြီ မဟုတ်လား'

ကူးကျိုက ကြားဖြတ်လိုက်သည်။

'မင်းကြွနိုင်ပါပြီ'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ကျေးဇူးတင်ပါတယ်'

သူက ပခုံးပေါ်မှ ဖုန်တို့ခါလိုက်ပြီး စားပွဲပေါ်မှ ငှဲ့ထားသောအရက်တစ်ခွက်ကိုယူ၍ မော့သောက်လိုက်သည်။

ထို့နောက် ဟန်မေရှေ့သို့ဖြတ်၍ ခြေလှမ်းကျဲကျဲဖြင့် လှေကားပေါက်ရှိရာသို့လျှောက်သွားသည်။

ထိုအချိန် ဆိုင်လုလင်တစ်ယောက်က ပြေးတက်လာသည်။

သူ့လက်ထဲတွင် စာတစ်စောင်ကိုင်၍ မြှောက်ပြနေ၏။

'သူရဲကောင်း လုရှောင်ဖုန်းဆိုတာ ဘယ်သူလဲ ဟောဒီမှာ လာ'

လုရှောင်ဖုန်းက....

'လုရှောင်ဖုန်းဆိုတာ ငါပဲ၊ သူရဲကောင်းမဟုတ်ဘူး၊ သူရဲကောင်းက သူများဆိုးတာကို ခံမှာမဟုတ်ဘူး'

သူသည် ချိုကျင်းဝူကို စိတ်မဆိုးပါ။

သေသာအပေါ်၌ မိမိထက်မိုက်သောလူကို ကြောက်နေကြတာ မဆန်းပါ။ ထို့ကြောင့် သူသည် ချိုကျင်းဝူအပေါ် ခွင့်လွှတ်နိုင်ခဲ့လေသည်။

သို့သော် သူ့စာကိုဆုံးအောင် ဖတ်ပြီးသောအခါ ဒေါသထွက်ရုံမက စိုးရိမ်ပူပန်လာလေသည်။

'သူရဲကောင်း လုရှောင်ဖုန်း၊ ခင်ဗျား ကျုပ်ကို လေးလေးစားစားရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ချန်းကျင်းကျင်းကို လက်ဆောင်အဖြစ် ပေးလိုက်ပါတယ်၊ ခင်ဗျားမှာ သူ့ကိုလမ်းခရီးမှာ မို့ဆောင်ဖို့အခက်အခဲဖြစ်နေမှာ စိုးရိမ်လို့ သူ့ကို ခင်ဗျားကိုယ်စား ခေါ်သွားပါသည်။ ခင်ဗျားစိုးရိမ်မှာစိုးလို့ အကြောင်းကြားအပ်ပါသည်။

ပုံ—
ကျွဲ့းပျံယုံဖူး



လုရှောင်ဖုန်းသည် စာကိုဖတ်နေသောအခါ နွေမိုး ဆောင်းထုံးဖော်တာ သူ့အားကြည့်နေ၏။

သူတို့သုံးယောက်သည် အနည်းငယ် အံ့ဩနေကြသည်။ အကြောင်းမှာ လုရှောင်ဖုန်းသည် ယခုကဲ့သို့ တစ်ကြိမ်တစ်ခါမှ မျက်နှာမပျက်ခဲ့ဖူးပါ။

ထို့ကြောင့် လုရှောင်ဖုန်း ပြေးဆင်းသွားသောအခါ သူတို့ အလည်း လိုက်သွားသည်။

ချိုကျင်းဝူ တစ်ယောက်တည်းသာ ကြောင်အမ်းအမ်းဖြစ်ကျန်ရစ်ခဲ့သည်။

သူဆုံးမလိုက်သောလူသည် သိုင်းလောကတစ်ခုလုံး ကျော်ကြားနေသော လုရှောင်ဖုန်းဖြစ်နေမှန်း သူက မသိလိုက်ပါ။

လုရှောင်ဖုန်းက သူ့အပေါ် ခွင့်လွှတ်နိုင်ပေမယ့် သူ့ကိုယ်သူ ဘယ်တော့မှ ခွင့်လွှတ်နိုင်စွမ်းမရှိတော့ပါ။

....o....

လူရှောင်ဖုန်းသည် အမှားတစ်ခုကို ပြုလုပ် မိခဲ့လေသည်။

သူသည် ချန်းကျောင်းကျောင်း တစ်ယောက်ထဲ မထားခဲ့သင့်ပါ။

ထို အိမ်အနေတားကိုလည်း မခွါ သင့်ပါ။

သူက မြေလွှား၍ ပြန်လည် ရောက်ရှိလာသော အခါ ထိုနေရာ တစ်ခုလုံး မီးပြင်လယ် တစ်ခု အဖြစ်သို့ ကူးပြောင်း သွား၏။

ကံကောင်းသည်မှာ ရာသီဥတုက အေးစိမ့် နေသောကြောင့် နှင်းများ ထူထပ်စွာ ရှိနေသောကြောင့် ကျယ်ကျယ် ပြန့်ပြန့် ကူးစက် လောင်ကျွမ်းခြင်း မရှိပါ။

သို့သော် အပြစ်မဲ့သော အိမ်နီးပါးချင်းများမီးဘေးဒဏ်ကို ခံလိုက်ရလေသည်။

ချန်းကျောင်းကျောင်းသည် ယခု အခါမှာ ပြာအဖြစ်သို့ ရောက်ရှိ နေချေ ဖြစ်သည်။

လူရှောင်ဖုန်း အရောက် နောက်ကျနေ၏။

မီးတောက်မီးလျှံများသည် သူ၏မျက်နှာသို့ ထင်ဟပ်ကာ နီရဲ လာစေလေသည်။

သူ၏ မျက်လုံးများမှာလည်း နီရဲသည်။

သူ၏ ခြေလက်များ အေးစိမ့်သည်။



လမ်းကြားထဲ၌ အမှောင် ပျက်မတတ် ရှုပ်ထွေး နေ၏။

ယောကျ်ားများတို့သည် ပြေးလွှားရင်း မီးကို သတ်နေကြသည်။

မိန်းမများက အော်ဟစ် နေကြသည်။

ကလေးများက ငိုကြွေး နေကြသည်။

ထိုလူများတို့သည် အေးအေး ချမ်းချမ်းနှင့် လုပ်ကိုင်စားသောက်သော လူများ ဖြစ်ကြ၏။

သူတို့သည် မည်သူ့ကိုမှ ဒုက္ခ မပေးပါ။

သို့သော် သူတို့မှာမူ အကြောင်းမဲ့ ဒုက္ခ ရောက်ရလေသည်။

လူရှောင်ဖုန်းက ဟန်မေဘက်သို့ လှည့်ကြည့် လိုက်သည်။

'ခင်ဗျား တွေ့သလား'

ဟန်မေက....

'ဘာကို တွေ့ရမှာလဲ'

လူရှောင်ဖုန်းက....

'ခင်ဗျားကြောင့် အပြစ်မဲ့တဲ့ လူတွေ ဒုက္ခရောက်သွားပြီလေ'

ဟန်မေက ပါးစပ် ပိတ်ထားလိုက်သည်။

သူသည် စိတ်ကောင်း ဖြစ်နေသည်မှာ ထင်ရှားနေ၏။

သူတို့ သုံးယောက်သည် နောက်သို့ ဆုတ်သွားပြီးပျောက်ကွယ်သွားသည်။

သူတို့ သုံးယောက်သည် အဝေးတော် ဝေးဝေး သွားလိမ့်မည် မဟုတ်ဟု သူက ယုံကြည်သည်။

ယခု အခါမှာ မီးကို အမြန်ဆုံး သတ်မှ ဖြစ်မည်။

သို့မဟုတ် အပြစ်မဲ့ သောသူများ ပိုမို၍မီးဖွက်ကိုခံရလိမ့်မည်ဟု သူသိထားလိုက်သည်။

ထို့ကြောင့် သူကရေပုံးတစ်လုံးကိုလုယူလိုက်ပြီး နွှင်းဖွဲ့များကို ခတ်၍ မီးသတ်လိုက်လေသည်။

သူက ကြိုးစားပမ်းစားဖြင့် မီးသတ်နေစဉ် လူတစ်ယောက်က အားကြိုးမာန်တက် ဝင်ရောက်ကူညီနေသည်ကို တွေ့ရသဖြင့် သေချာစွာ ကြည့်လိုက်သည်။

ချိုကျင်းဝူဖြစ်နေ၏။

ထိုအချိန် မီးစွယ်ကျိုးသွားပြီးဖြစ်ရာ မီးကိုဟန့်တားနိုင်ခဲ့ပြီးဖြစ်လေသည်။

ချိုကျင်းဝူ၏တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေသော်လည်း သူ၏မျက်နှာမှာ ပြုံးရွှင်၍နေသည်။

'ခင်ဗျားက ခုနစ်ဆယ်နှစ်ပုံးတိတိပက်တယ်၊ ကျုပ်ကခင်ဗျားထက် ခြောက်ပုံးလျော့ပါတယ်'



လုရှောင်ဖုန်းက သူ့အားကြည့်လိုက်သည်။

သူကမမေးဘဲ အဖြေကိုသိထားလိုက်လေသည်။

အကယ်၍ သင်သည် မိမိမှာအစိပ္ပယ်ရှိသော လူတစ်ယောက်ဟု ယုံကြည်လျှင် သင်ကသေချင်မည် မဟုတ်ပါ။

အကြောင်းမှာ သင်၏အသက်သည် တန်ဖိုးရှိနေပြီဖြစ်သည်။ အကယ်၍ သင်ကအခြားလူကို ရိုးရိုးသားသား စေတနာသန့်သန့်ဖြင့်ကူညီခဲ့လျှင် ဤသဘောတရားကို နားလည်လာမည် ဖြစ်သည်။

သင်က အခြားလူကို ကူညီလိုသောဆန္ဒရှိလျှင် အဓိပ္ပာယ်ရှိသော လူတစ်ယောက်ဖြစ်ရမည်။ လုရှောင်ဖုန်းက ချိုကျင်းဝူ၏ပခုံးကို ပုတ်လိုက်သည်။

'ခင်ဗျားမီးသတ်တဲ့အခါမှာ အားလုံးထက်ပိုပြီး ကြိုးစားတာကို တွေ့ရတယ်၊ ကျုပ်ကိုသာ ကြိုးစားပြီး တိုက်ခိုက်မယ်ဆိုရင် ကျုပ်ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး'

ချိုကျင်းဝူ၏မျက်နှာ နီရဲသွားသည်။

'ကျုပ်က လူကိုထိုးတဲ့အခါမှာ ဒီလောက်အား မဟုတ်ပါဘူးဗျာ။ လူကိုထိုးတယ်ဆိုတာ ကောင်းတဲ့အလုပ်မှ မဟုတ်ဘဲ'

သူတို့နှစ်ယောက်သည် ပြိုင်တူရယ်မောကြလေသည်။ သူတို့ ရယ်မောရာမှ ရပ်တန့်လိုက်သောအခါ သူတို့ကို လူများဝိုင်းရံထားသည်ကို သတိပြုမိလိုက်လေသည်။

ထိုလူများမှာလည်း ရယ်မောနေကြသည်။

လူတိုင်း လူတိုင်း၏ မျက်နှာအစုံမှာ ဝမ်းသာခြင်း၊ လေးစားခြင်းနှင့် ကျေးဇူးတင်သော အရိပ်အယောင်များ ပေါ်လွင်နေ၏။

ကျစ်ဆံမြီးကျစ်ထားသော ကလေးမတစ်ယောက်က သူတို့ထံ တိုးဝင်လာသည်။

သူမသည် သူတို့၏ လက်ကို ဆွဲထားလိုက်သည်။ သကြားလုံးတစ်လုံးစီ ထည့်ပေးလိုက်သည်။

'သကြားလုံး စားကြည့်ပါရှင့်၊ ဦးလေးတို့က လူကောင်းတွေ ဖြစ်ပါတယ်၊ သမီးက သိပ်ချစ်ပါတယ်'

လုရှောင်ဖုန်းက သူမ၏ ဆံပင်ကို ပွတ်၍ စကားပြောရန်မှာ လည်ချောင်း တစ်ဆို့နေ၏။

ချီကျင်းဝူသည် ယခုမှ သူများအား ကူညီခြင်းသည် မည်မျှ ပျော်မြူးဖွယ်ကို မည်မျှ လေးစားကြည်ညိုခြင်း ခံရသည်ကို ကောင်းစွာ နားလည်သွားဟန်ပေါက်လာလေသည်။

သူ၏ ရင်ထဲ၌ ပီတိဖြစ်လာပြီးလျှင် မျက်ရည်များပင် ဝဲလာလေသည်။

ထိုအချိန်မှာပင် တစ်ကိုယ်လုံး ညစ်ပတ် ပေရေနေသော ကလေးငယ်တစ်ယောက်က ရေမြောင်းထဲမှ တက်လာသည်ကို တွေ့ရလေသည်။



ထိုကလေးငယ်သည် အနံ့ နံနေသော ကလေးငယ် တစ်ယောက် ဖြစ်သည်။

မီးလောင်ကျွမ်းသောအခါ သူက မြောင်းထဲသို့ ဝင်ပုန်းနေသောကြောင့် အသက်ချမ်းသာရာ ရသွားခြင်း ဖြစ်၏။

ဤသို့ဆိုလျှင် မီးလောင်ကျွမ်းသည့်အဖြစ်ကို ဤကလေးငယ်တစ်ယောက်သာလျှင် ပြောပြနိုင်မည် မဟုတ်ပါလော။

လုရှောင်ဖုန်း၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပလာလေသည်။ သူသည် ကလေးငယ်ထံသို့ လျှောက်သွားသည်။

ထိုကလေးငယ်သည် မီးရှို့သော တရားခံကို ထုတ်ဖော်ပြောဆိုနိုင်မည် မဟုတ်ပါလော။

ကလေးငယ်ထံသို့ လျှောက်သွားသောအခါ လူအုပ်ကြားမှ လူတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

'မီးရှို့တာ သူပဲ'

အားလုံးသောလူများသည် ထိုစကား ကြားရသောအခါ လုရှောင်ဖုန်းထံသို့ ဝိုင်းရံလာသည်။

ချီကျင်းဝူက ကမန်းကတန်း ဟန့်တားလိုက်သည်။

လူများ ရှုပ်ထွေးသွားသဖြင့် ထိုကလေးငယ်ကို မတွေ့ရတော့ပါ။

ချီကျင်းဝူက ဒေသခံ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် လှုပ်လှုပ်ရွရွဖြစ်နေသော လူများကို ထိန်းသိမ်းနိုင်ခဲ့လေသည်။

လုရှောင်ဖုန်းမှာမူ မီးလောင်ပြင်ထဲသို့ ပြေးဝင်သွားသည်။ ချိုကျင်းဝူကာ လူကြားထဲမှ ထအော်နေသော လူကို လိုက်ရှာကြည့်ရာ မတွေ့ရတော့ပါ။

....၀....

'ခင်ဗျား ဘာလိုက်ရှာတာလဲဗျ'

လုရှောင်ဖုန်းနှင့် ချိုကျင်းဝူတို့သည် မီးလောင်ပြင်မှ ထွက်လာကြပြီး ဖြစ်လေသည်။

လုရှောင်ဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ချိုကျင်းဝူက....

'ခင်ဗျားကို မီးရှို့တဲ့လူလို့ အော်တဲ့လူက ခင်ဗျားကို သက်သက် ချောက်ချတာဗျ'

လုရှောင်ဖုန်းက....

'မဟုတ်ဘူး၊ သူက နှုတ်ပိတ်သွားတာ'



ချိုကျင်းဝူက....

'ဘယ်သူ့ကို နှုတ်ပိတ်မှာလဲ'

လုရှောင်ဖုန်းက....

'မြောင်းထဲက ထွက်လာတဲ့ အလေးငယ်ကိုပေါ့'

ချိုကျင်းဝူက မျက်မှောင်ကြုတ်သွားသည်။

'ဒီကလေးက နဲ့နဲ့အအနဲ့ သတ်ပစ်ဖို့ဆိုတာ ရက်စက်လှချည်း မရောက်ဘူးလား'

လုရှောင်ဖုန်းက....

'ဟုတ်ပါတယ်လေ'

ချိုကျင်းဝူက....

'ခင်ဗျား ဘာဆက်လုပ်မလဲ'

လုရှောင်ဖုန်းက လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသည်။

'ကျုပ်က ကျားပျံ ယုဝ်ဟွားကို တွေ့အောင် ရှာမယ်'

ချိုကျင်းဝူက....

'ကျုပ် အကူအညီကို လိုသလား'

'လိုတယ်'

ချိုကျင်းဝူက....

'ပြောပါ'

လုရှောင်ဖုန်းက....

'ဒီနေရာ တစ်ဝိုက်မှာ ခင်ဗျားက ပိုကျွမ်းတယ်'

သူက အသံ တိုးတိုးဖြင့်....

'ကျားပျံယုဝ်ဟွား ဘယ်မှာ ရှိတယ်ဆိုတာ ဝိုင်းရှာပေးပါ'

ချီကျင်းဝူက....

'ကောင်းပြီ၊ သတင်းရရင်ဘယ်လိုလုပ်အကြောင်းကြားမလဲ'

လူရှောင်ဖုန်းက....

'ခင်ဗျား လေလာပါ။ ကောင်းဇာစားအိမ်ကို ရောက်ဖူးလား'

ချီကျင်းဝူက....

'ရောက်ဖူးရုံ မကဘဲ မုတ်ဆိတ်မွေးနဲ့ လူနဲ့တောင် လောင်းကစား ခဲ့သေးတယ်'

လူရှောင်ဖုန်းက....

'ဆယ့်ငါးရက်ကြာပြီးတဲ့အခါမှာ ကျုပ်တို့ အဲဒီမှာ တွေ့ကြမယ်၊ အရင် ရောက်သူက 'အရင်စောင့်ပါ၊ မတွေ့မချင်း မသွားပါနဲ့'

ချီကျင်းဝူက....

'ကျေးဇူးတင်ပါတယ်'

လူရှောင်ဖုန်းက ပြုံးလိုက်သည်။

'ကျုပ်က ခင်ဗျားဆီက အကူအညီတောင်းတာ ကျုပ်က ကျေးဇူး တင်တာကို မပြောဘဲ ခင်ဗျားက ဘာဖြစ်လို့ ကျေးဇူး တင်ရတာလဲ'

ချီကျင်းဝူက....

'ခင်ဗျားက ကျေးဇူး တင်တယ်လို့ မပြောလို့ ကျုပ်က ကျေးဇူးတင်တယ်လို့ ပြောတာ'

လူရှောင်ဖုန်းက....

'ဘာဖြစ်လို့လဲ'



ချီကျင်းဝူ၏ မျက်လုံးအစုံတွင် ဝမ်းဆက်ဖောက်ပလာသည်။

'ခင်ဗျားက ကျုပ်ကို မိတ်ဆွေရင်းခြာလို သဘောထားတယ်လို့ သိရလို့ပါ'

သင်သည် လူအများ၏ ချစ်ခင်လေးစားမှုကို ခံယူလိုလျှင် ရှေးဦးစွာ အချက်တစ်ချက်ကို နားလည်ဖို့ရှိလိမ့်မည်။

သူများကို လေးစားအောင် လုပ်ရသည့် အရည်အချင်းမှာ လှိုင်းပညာမဟုတ်ပါ။

နိုင်ငံထက်စီးနင်းခြင်း မဟုတ်ပါ။

သည်းခံခြင်းနှင့် မြတ်နိုးသောစိတ် ရှိရမည် ဖြစ်သည်။

ဤအချက်မှာလည်း လွယ်ကူသည့်ကိစ္စ မဟုတ်ပါ။

သဘောထားပြည့်ဝသည့်အပြင် သတ္တိသည်လည်း ရှိရပါမည်။

တိန်ရှမ်းရီသည် ထန်နိမ်ပြီဖြစ်သည်။

ဖြူဖွေးသော သူ၏မျက်နှာမှာလည်း နီရဲလာသည်။

လုရှောင်ဖုန် က စိတ်သက်ကြည်လင်နေ၏။

'ကျုပ် လာကြည့်ပါမယ်လို့ ကတိပေးထားခဲ့ပါတယ်'

တိန်ရှမ်းရီက ပြုံးလိုက်သည်။

'ရှင်လာမယ်ဆိုတာ ကျွန်မသိပါတယ်'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ခင်ဗျားအတွက် ပစ္စည်းတစ်ခုလဲ ပါလာပါသေးတယ်'

တိန်ရှမ်းရီ၏ မျက်ဝန်းအစုံတွင် အလင်းရောင် တောက်ပလာ၏။

'ကျောက်စိမ်းဆွဲပြား မဟုတ်ဘူးလား'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

သူသည် ကုလားထိုင်တစ်လုံးဆွဲ၍ ခုတင်အနီးသို့ ထိုင်ချလိုက်လေသည်။

'ခင်ဗျား ပြောခဲ့တယ်၊ ချန်းကျင်းကျင်းဟာ ခင်ဗျားရဲ့ သူငယ်ချင်း၊ ယုံကြည်ရတယ်လို့'

တိန်ရှမ်းရီက....

'ဟုတ်တယ်'

လုရှောင်ဖုန်းက....

'တကယ်လား'

တိန်ရှမ်းရီက ခေါင်းငုံ့ထားလိုက်သည်။



အတန်ကြာတော့မှ....

'သူက ကြေးစားမယ်တစ်ယောက်'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ကြေးစားမယ်တစ်ယောက်ကို ဘာဖြစ်လို့ ကျုပ်ကိုယုံကြည်ခိုင်းရတာလဲ'

တိန်ရှမ်းရီက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျွန်မက မိန်းမ၊ မိန်းမဆိုတာ ယောကျာ်းများကို မိမိမလုပ်ချင်တဲ့ကိစ္စကို လုပ်ခိုင်းတတ်တယ် မဟုတ်လား'

သူမက စကားဆက်လိုက်သည်။

'သူ့ကိုတကယ်သေသွားပြီလား'

လုရှောင်ဖုန်းက....

'အင်း....'

လုရှောင်ဖုန်းက သူမအား စိုက်ကြည့်လိုက်သည်။

'သူ သေသွားပြီဆိုတာ ခင်ဗျား ဘယ်လိုလုပ် သိသလဲ'

တိန်ရှမ်းရီက....

'ကျွန်မ မသိဘူး၊ စိတ်ထင်နဲ့ပြောတာ'

လုရှောင်ဖုန်းက....

'ခင်ဗျားစိတ်က ဘာကြောင့် ဒီလိုထင်လိုက်တာလဲ'

တိန်ရှမ်းရီက....

'ရှင့်ကို လိမ်ပြောတဲ့လူဟာ အသက်မရှည်နိုင်ဘူးလို့ ထင်လို့ပါ'

လုရှောင်ဖုန်းက....

'ဘာပဲဖြစ်ဖြစ် ကျောက်စိမ်းဆွဲပြား ပြန်ရလာတဲ့အတွက် ကျုပ် ပင်ပန်းရကျိုးနပ်သွားပါပြီ'

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီ ကျောက်စိမ်း ဆွဲပြားဟာ ကျုပ်ပိုင်တဲ့ ပစ္စည်းဖြစ်ရင် ခင်ဗျားကို သက်ဆောင်ပေးလိုက်ပါ့မယ်၊ ဒါပေမယ့်....'

တိန်ရှမ်းရီက—

'ကျွန်မ နားလည်ပါပြီ၊ အခု ကျွန်မက သူ့ကို ကြည့်ရုံ ကြည့်ပြီး လက်နဲ့ ထိရုံဘဲဟာနဲ့ ကျေနပ်ပါပြီ'

လုရှောင်ဖုန်းက ကျောက်စိမ်း ဆွဲပြားကို လှမ်းပေးလိုက်သည်။

တိန်ရှမ်းရီက လှမ်းယူလိုက်ရန်မှာ လက်မရှိပါ။

လုရှောင်ဖုန်းက သူမ၏ ကိုယ်ပေါ်သို့ ချထားလိုက်သည်။

'ဒါဆိုရင် ခင်ဗျား သေသေချာချာ မြင်တော့ပါပြီ'

တိန်ရှမ်းရီက ကျိုးနေသော လက်နှစ်ဘက်ဖြင့် ကျောက်စိမ်းဆွဲပြားကို ညှပ်၍ ပါးပြင်နှင့် အပ်ထားလိုက်သည်။

သူမ၏ မျက်ခွံနှစ်စုံတွင် ဝမ်းသာ ပီတိဖြစ်သော မျက်ရည်များ ဝဲနေ၏။

လုရှောင်ဖုန်းက မကြည့်ရက်ပါ။

နောက်သို့ လှည့်လိုက်လေသည်။

ရုတ်တရက်...



'ဖုတ်....'

ဟူသော အသံနှင့်အတူ ပစ္စည်းတစ်ခုသည် ပြတင်းပေါက်မှ တိုးထွက်သွားသည်။

'ချွီ...'

ဆေးဝတ္ထုတစ်ခုသည် ပြတင်းပေါက်ထဲသို့ တိုးဖောက် ဝင်ရောက်လာလေသည်။

လုရှောင်ဖုန်းက လှည့်ကြည့်လိုက်သည်။

တိန်ရှမ်းရီ၏ ကျိုးနေသော လက်နှစ်ဘက်မှ ညှပ်ထားသော ကျောက်စိမ်းဆွဲပြားကို မတွေ့ရတော့ပါ။

သူမ၏ ရင်ဝမှာ သွေးများ ပန်းထွက်နေ၏။

သူမ၏ မျက်နှာတစ်ခုလုံးမှာ ဝမ်းနည်းကြေကွဲသော အပြုံးဖြင့် ပြုံးနေ၏။

သူမသည် လုရှောင်ဖုန်းအား ကြည့်နေ၏။

'ရှင်က ဘာဖြစ်လို့ ထွက်မသွားသေးတာလဲ'

လုရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

သူမ၏မျက်နှာပေါ်တွင် ဒေါသထွက်သည့် အရိပ်အယောင် မရှိပါ။

ထူးဆန်း ကြင်နာသော အရိပ်အယောင်များသာ ပေါ်လွင်နေ၏။

အတန်ကြာတော့မှ....

'ခင်ဗျားကို လိမ်သွားပြန်ပြီ မဟုတ်လား'

တိန့်ရှမ်းရီဏ အစားနည်းစွာဖြင့်....

'ကျွန်မ ရှင့်ကို လိမ်တယ်၊ သူက ကျွန်မကို လိမ်တယ်'

ဤစကားသည် သူမ၏ နောက်ဆုံးပြောနိုင်သော စကားသာ ဖြစ်သည်။

လူတစ်ယောက်သည် အဘယ့်ကြောင့် နောက်ဆုံး အချိန် ရောက်မှ သူ နားလည်သင့်သည့် အကြောင်းကို နားလည်ရပါ သနည်း။

--- ---

နောင်တ

မန်ရိုဝေသည် မှောင်မည်း စိုထိုင်းသော နှင်းမြူကြားမှာ မီးရောင် ထိန်ထိန်ထင်းနေသော ဝေလငါးလောင်းစာစားအိမ် ထဲသို့ လှမ်းဝင်သွား၏။

ဤအချိန်သည် သူ၏ စိတ်အကြည်လင်ဆုံးသော အချိန် ဖြစ်သည်။

အထူးသဖြင့် ယနေ့သည် ပို၍ စိတ်ကြည်လင်နေ၏။

အကြောင်းမှာ ယနေ့သည် လုရှောင်ဖုန်းမှာ ဝေးလံသော ခရီးမှ အသက်ချမ်းသာစွာ ပြန်လည် ရောက်ရှိလာနိုင်သော ကြောင့် ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် လက်ချင်းတွဲ၍ ခေါင်းကစားအိမ်သို့ ရယ်ရယ်မောမော ပြောပြောဆိုဆိုဖြင့် ဝင်ရောက်လာသောအခါ ချက်ချင်း လူတစ်ယောက်သည် ခါးဝယ်ဘယ်လက်ကိုင်၍ ဖန်ရှိဝေ၏ နောက်မှ တိုက်ခိုက်ရန် ဟန်ပြင်နေ၏။

လူရွှင်ဖုန်းအဖိုးရိုင်ထိုက် ဖန်နေစဉ် ဖန်ရှိဝေက ချက်ချက် လှည့်ပိုက်ပြီး ဓားနောက်မြန်မြန်ဖြင့် ထိုလူ၏ ခါးကိုင်သော လက်ကောက်ဝတ်ကို ဖမ်းလိမ်လိုက်သည်။

'ချွမ်....'

ဓားငယ် အောက်ကျသွားသည်။

ထိုလူက ဆဲဆိုရန် ပါးစပ်ဟလိုက်ရာ....

လူသန်ကြီး နှစ်ယောက်က သူ၏ ပါးစပ်ကို ပိတ်လိုက်ပြီး ဆွဲထုတ်သွားလေသည်။

ဖန်ရှိဝေက ရယ်မောနေ၏။

'ဒီနေရာမျိုးမှာ ဒီလိုဖြစ်ရတာ ရိုးနေပါပြီလေ'

လူရွှင်ဖုန်းက....

'သူက ဘာကြောင့် ခင်ဗျားကို သတ်ချင်တယ် ဆိုတာ သိသလား'

ဖန်ရှိဝေက....

'အရက်မူးလို့ ဖြစ်ရမယ်၊ ရှုံးတာများသွားလို့ ဖြစ်ရမယ်'



လူရွှင်ဖုန်းက....

'ခံပြင်းလို့လဲ ဖြစ်နိုင်တာပဲ'

ဖန်ရှိဝေက ရယ်မောလိုက်လေသည်။

ထိုအချိန် လူတစ်ယောက်သည် ခေါင်းကစား စားပွဲတစ်ခုမှာ အာရုံစူးစိုက်စွာ ခေါင်းကစားနေသည်ကို တွေ့ရသည်။

ဖန်ရှိဝေက....

'ခင်ဗျားကြည့်ရတာ သွားလောင်းချင်နေတယ်နဲ့ တူတယ်'

လူရွှင်ဖုန်းက....

'ဒီလိုအခွင့်အရေးမျိုး ကျုပ်က သက်မလွှတ်ချင်ပါဘူး'

ဖန်ရှိဝေက...

'ကျုပ်ယောက်ဖက ခင်ဗျားကိုစောင့်နေတယ်၊ အပြင်မှာလဲ အတိုးကြီး သုံးယောက်ကလဲ စောင့်နေတယ်လေ'

လူရွှင်ဖုန်းက....

'ကျုပ်သိပါတယ်၊ သူတို့ကစောင့်နိုင်လို့ရမယ်၊ ဒီလူဆီက ငွေရဖို့စောင့်နေလို့ မဖြစ်ဘူး'

ဖန်ရှိဝေက ရယ်မောလိုက်သည်။

'ဒါလဲ ဟုတ်တယ်'

လုရှောင်ဖုန်းက....

'မင်းယောက်ဖကို သွားအကြောင်းကြားပေးပါ၊ ကျုပ်ခဏ
နေရင် ထားခဲ့မယ်လို့ ပြောလိုက်ပါ'

ဖန်ရှိဝေက ခေါင်းညိတ်၍ ထွက်ခွာသွားသည်။

....၀....

လုရှောင်ဖုန်းသည် ထိုလူ၏စားပွဲရှိရာသို့ လျှောက်သွားပြီး
ထိုင်ချလိုက်သောအခါ ဖန်ရှိဝေအတွင်းခန်းဆက်သို့ဝင်ရောက်
သွားပြီး ဖြစ်လေသည်။

'သူပြန်ရောက်လာပြီ'

ဖန်ရှိရှမ်းက....

'သူ ဘယ်မှာလဲ ဘာဖြစ်လို့ ဝင်မလာတာလဲ'

ဖန်ရှိဝေက ပြုံးလိုက်သည်။

'သူက လူတစ်ယောက်နဲ့ တွေ့လို့ လောင်းကစားချင်တဲ့စိတ်
ပေါ်လာတာနဲ့ ဝင်ကစားနေတယ်'



မုတ်ဆိတ်ပြာက ခေါင်းထောင်လိုက်သည်။

'သူနဲ့ လောင်းကစားနေတဲ့ လူက ဘယ်သူလဲ'

ဖန်ရှိဝေက....

'သူက ကုန်သည် တစ်ယောက်ပါ၊ နာမည်က ချန်းဝူလို့
ခေါ်တယ်'

မုတ်ဆိတ်ပြာက....

'ဒီလူဟာ မုတ်ဆိတ်မွေး အရှည်ကြီး ထားတယ် မဟုတ်
လား'

ဖန်ရှိရှမ်းက....

'ဟုတ်တယ်'

မုတ်ဆိတ်ပြာက ဖန်ရှိဝေအား ကြည့်လိုက်သည်။

'ဒီလူက မမှားရင် မင်း မှားတာ ဖြစ်လိမ့်မယ်'

ဖန်ရှိဝေက....

'ကျုပ် ဘယ်နေရာမှာ မှားနေလို့လဲ'

မုတ်ဆိတ်ပြာက....

'အားလုံး မှားတယ်၊ ဒီလူက ကုန်သည် မဟုတ်ဘူး၊ ချန်းဝူ
လို့လဲ မခေါ်ဘူး'

ဖန်ရှိဝေက....

'ဟုတ်လား'

မုတ်ဆိတ်ပြာက....

'သူက အဘမခံ ဌာနမှူး တစ်ယောက်ပါ၊ နစ်ခုညီက ချီကျောင်းဝူ ဖြစ်ပါတယ်'

ဖန်ရှိဝေက အနည်းငယ် စဉ်းစားလိုက်သည်။

'ရှေနဂါးငွေဌာနက ချီကျောင်းဝူဟုတ်လား'

မုတ်ဆိတ်ပြာက....

'ချီကျောင်းဝူ ဆိုတာ တစ်ယောက်တည်းပဲ ရှိတယ်'

ဖန်ရှိဝေက....

'သူ့ အရင်တုန်းက ရောက်ခဲ့မှုးသလား'

မုတ်ဆိတ်ပြာက....

'မကြာမကြာ ရောက်ခဲ့ဖူးတယ်'

ဖန်းရှိဝေက....

'ဒါဖြင့် သူက ဘာဖြစ်လို့ ရုပ်ဖျက်ပြီး ပုန်းလျှိုးကွယ်လျှိုး လုပ်နေရတာလဲ'

မုတ်ဆိတ်ပြာက....

'ခင်ဗျား သူ့ကို သွားမေးကြည့်ပါလား'

ဖန်ရှိဝေက ပါးစပ် မှိတ်ထားလိုက်သည်။

ထိုအချိန်မှာပင် စွန်မိုးဆောင် သုံးဖော်သည် ရောက်ရှိလာကြလေသည်။

သူတို့သည် စကားတစ်ခွန်းမှ မပြောဘဲ မိမိတို့ အိမ်ပြန်ရောက်နေ သကဲ့သို့ ကုလားထိုင်ပေါ်သို့ ထိုင်ချ နေကြသည်။



မုတ်ဆိတ်ပြာက သူတို့ကို မမေးပါ။

သူတို့သည် လုရှောင်ဖုန်းကို လာ၍စောင့်နေခြင်း ဖြစ်သည်ကို နားလည်ထားလေသည်။

နောက်ထပ် တစ်ခဏအကြာတွင် သူတို့ စောင့်မျှော်နေသော လုရှောင်ဖုန်း ရောက်ရှိ လာလေသည်။

လုရှောင်ဖုန်းတထ၍ သူ့ထံသို့ လျှောက်လာသည်။

သူက လက်ဖြန့် လိုက်သည်။

'ပေးပါ'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ခင်ဗျား ငွေလိုချင်ရင် မရတော့ဘူး၊ ကျုပ်ပါသမျှ ငွေရှုံးသွားပါပြီ'

လုရှောင်ဖုန်းက မဲ့ပြုံး ပြုံးလိုက်သည်။

'မင်းက ကျောက်စိမ်း ဆွဲပြားကို ရှုံးသွားပြီ မဟုတ်လား'

လုရှောင်ဖုန်းက....

'ကျုပ်ဆီမှာ မရှိလို့ပေါ့၊ နို့မဟုတ်ရင် ရှုံးသွားနိုင်တယ်'

လုရှောင်က....

'ကျောက်စိမ်း ဆွဲပြား မင်းဆီမှာ မရှိတော့ဘူးလား'

'ပထမတော့ ရှိပါတယ်'

လုရှောင်က....

'အခုကော'

လုရှောင်ဖုန်းက....

'အခု မရှိတော့ပါဘူး'

လုရှောင်၏ မျက်နှာ တင်းမာသွားသည်။

လုရှောင်ဖုန်းက ရယ်မောလိုက်သည်။

'ကျောက်စိမ်းဆွဲပြားက ပျောက်သွားသော်လဲ ကျုပ်က မပျောက်သေးပါဘူးဗျ'

လုရှောင်က....

'ခင်ဗျားက ဘာဖြစ်လို့ မသေသေးတာလဲ'

လုရှောင်ဖုန်းက....

'ခင်ဗျားတို့အတွက် ကျောက်စိမ်းဆွဲပြားကိုပြန်ယူပေးမလို့'

လုရှောင်က....

'မင်းက တွေ့အောင် ရှာပေးနိုင်လို့လား'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ခင်ဗျား လိုချင်ရင် ကျုပ် အချိန်မရွေး သွားရှာပေးနိုင်တယ် ဒါပေမယ့်....'

လုရှောင်က....

'ဒါပေမယ့် ဘာဖြစ်လို့လဲ'

လုရှောင်ဖုန်းက....

'အဲဒီ ကျောက်စိမ်းဆွဲပြားကလဲ အတု ဖြစ်နေလို့'

လုရှောင်၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။



မုတ်ဆိတ်ပြာ၏ လက်နှစ်ဘက်သည် စားပွဲပေါ်သို့ ချထားလိုက်၏။

လုရှောင်ဖုန်းက....

'ကျုပ်က ကျောက်စိမ်း ဆွဲပြား နှစ်ပြားကို ရှာဖွေ တွေ့ရှိခဲ့တယ်၊ ဒါပေမယ့် နှစ်ပြားစလုံးဟာ အတု ဖြစ်နေတာလေ'

အားလုံးက နားထောင်နေ၏။

လုရှောင်ဖုန်းက....

'ပထမရတဲ့ ဆွဲပြားက ရေခဲထဲမှာ ရရှိလိုက်တဲ့အတွက် သူ့ကို ရေခဲပြားလို့ ပဲ ခေါ်ကြပါစို့'

သူက စကားဆက်လိုက်သည်။

'ဒုတိယ အကြိမ် ရတဲ့ ဆွဲပြားဟာ ကျားပွတ်နဲ့ သူများ လက်ထဲက ရရှိလာတဲ့အတွက် သူ့ကို ကျားပွတ်စိဇ္ဇာ ဆွဲပြားလို့ပဲ ခေါ်ကြပါစို့'

လုရှောင်က....

'ကျားပွတ်စိဇ္ဇာ ဆွဲပြားကို လီရှားက ခိုးသွားပြီး ချန်းကျောင်းက ရေခဲဆွဲပြားနဲ့လဲ လိုက်တယ်၊ နောက်ဆုံး မင်းလက်ထဲ ရောက်လာတယ် ဟုတ်လား'

လုရှောင်ဖုန်းက....

'လုံး၀ မှန်ပါတယ်'

လုရှောင်က....

'အတုနဲ့အစစ်ကို မင်း ဘယ်လိုလုပ် ခွဲခြားသိနိုင်တာလဲ'

လုရှောင်ဖုန်းက….
'ကျုပ်အနေနဲ့ ပြောခဲ့လို့ မရနိုင်ပါဘူး၊ ဒါပေမယ့်တိုက်တိုက်ဆိုင်ဆိုင် သိလိုက်ပါတယ်'

လုရှောင်က—
'ဘာဖြစ်လို့'

လုရှောင်ဖုန်းက….
'ကျုပ်မှာ တိုက်တိုက်ဆိုင်ဆိုင် ကျူးထိန်ဆိုတဲ့ မိတ်ဆွေတစ်ယောက် ရှိတယ်၊ ကျောက်စိမ်းဆွဲပြားကို သူက ပြုလုပ်ခဲ့တဲ့ ဆရာ ဖြစ်ပါတယ်'

သူက စကားဆက်လိုက်သည်။
'ဒီလူက အလွန် ပြင်းပေမယ့်ပညာရှင် တစ်ယောက်ဖြစ်တယ်၊ စာယ်လောက် ထူးဆန်းတဲ့ပစ္စည်းဖြစ်ပါစေ၊ သူက ရွေးမရအောင် တုနိုင်ပါတယ်'

လုရှောင်က….

'ထားပါတော့လေ၊ ကျောက်စိမ်းဆွဲပြားအတုဖြစ်ဖြစ် အစစ်ဖြစ်ဖြစ် ကျုပ်က မျက်မြင်ကိုယ်တွေ့ ကြည့်ချင်ပါတယ်'

လုရှောင်ဖုန်းက….
'ကျုပ်ပြောပြီးပါပြီ၊ ခင်ဗျားလိုချင်တယ်ဆိုရင် အချိန်မရွေးယူပေးပါမယ်လို့'
'ဘယ်မှာ သွားယူရမှာလဲ'



လုရှောင်ဖုန်းက….
'ဒီမှာပါပဲ'

လုရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားသည်။
'ဒီအိမ်ထဲမှာ ရှိတယ် ဟုတ်လား'

လုရှောင်ဖုန်းက….
'အခုတော့ ရှိချင်မှလဲ ရှိမယ်၊ ဒါပေမယ့် ကျုပ်က မီးကိုငြိမ်းလိုက်ပြီး၊ ဂ လောရှုတ်လိုက်ရင် မီးပြန်လင်းလာတာနဲ့ စားပွဲပေါ်မှာ ရောက်နေပြီးသား ဖြစ်ရမယ်'

မုတ်ဆိတ်ပြာက ရယ်မောလိုက်သည်။

ဖန်ရိုဝေကလည်း ရယ်မောလိုက်လေသည်။

ဖန်ရိုရှမ်းက ရယ်မောရင်း….
'ကြောင်—ရှင့်စကားကို သူများက ယုံလိမ့်မယ်လို့ ထင်သလား'
လုရှောင်ဖုန်းက….
'အနည်းဆုံး လူတစ်ယောက်တော့ ယုံမှာပေါ့'

ဖန်ရိုရှမ်းက….
'ဘယ်သူလဲ'

လုရှောင်က ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။
မီးအိမ်တစ်လုံးကို မှုတ်၍ ငြိမ်းလိုက်သည်။
'ကျုပ် ယုံတယ်'
အိမ်ခန်းထဲ၌ မီးအိမ် သုံးလုံးရှိသည်။

မီးအိမ်သုံးလုံးစလုံး ငြိမ်းသွားပြီ ဖြစ်သည်။ ဤအခန်းသည် မြေအောက်ခန်း ဖြစ်သည်။

မီးငြိမ်းသွားသည်နှင့် မှောင်မည်းသွားလေသည်။

မှောင်မည်းနေသည့်ကြားမှ လူရှောင်ဖုန်းအ ဂါထာကို ရွတ်ဆိုနေလေသည်။

သူသည် အသံအနေအထားနှင့် ရွတ်ဆိုနေ၏။

သို့သော် သေသေချာချာနားထောင်လိုက်သောအခါ နေရာများကို အပြန်ပြန်အလှန်လှန် ရွတ်ဖတ်နေသည်ဟု ကြားလိုက်ရလေသည်။

'မြစ်ဝတံတား အသဆောဆိုင်၊ ပန်းပဲမှီ ရွှေကျိုး စားသောက်ဆိုင် ...'

ထိုအသည်များကို ထပ်ကာလဲလဲ ရွတ်ဖတ်နေသော်သည်း သူ၏ အသံအနေအထားမှာ ဂါထာရွတ်ဖတ်နေသည့်အတိုင်း ဖြစ်လေသည်။

နားထောင်နေကြသောသူများမှာ တစ်ယောက်စနှစ်ယောက်စ ရပ်ခုန်လာလေသည်။

သို့သော် အခန်းတစ်ခုလုံးမှာ မှောင်မည်းလွန်းသဖြင့် တစ်ယောက်၏မျက်နှာ တစ်ယောက်ကို မတွေ့ရသောကြောင့် မျက်နှာ တန်ပူရာ မည်ကဲ့သို့ ရှိနေသည်ကို မမြင်တွေ့ကြရပေ။

လူရှောင်ဖုန်း၏ ဂါထာသည် ပို၍ပို၍ လျင်မြန်စွာ ဖတ်လိုက်သည်။



အမှောင်ထုထဲမှာ လူတစ်ယောက်၏ နှလုံးခုန်နှုန်း ပို၍ပို၍ လျင်မြန်လာလေသည်။

သူသည် အပြန်ပြန်အလှန်လှန် အထပ်ထပ် အကြိမ်ပေါင်းများစွာ ရွတ်ဖတ်ပြီးနောက် ....

'မီးပွင့်'

မီးအိမ်များ မီးများ လင်းထိန်လာလေသည်။

စားပွဲပေါ်၌ တဖိတ်ဖိတ်အရောင်တောက်နေသော ကျောက်စိမ်းဆွဲပြား တစ်ပြားကို အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။

—၀—

မီးရောင်အောက်တွင် ကျောက်စိမ်းဆွဲပြား၏ အရောင်မှာ တဖိတ်ဖိတ် တောက်နေ၏။

လူများ၏ မျက်နှာမှာ ဖြူဖွေးနေ၏။

လူတိုင်း၏ မျက်နှာထားမှာ အနည်းငယ် ဖြူဖပ်ဖြူလျော် ဖြစ်နေ၏။

လူတိုင်းလူတိုင်း၏ မျက်ဝန်းအစုံတွင် အံ့သြသည့် အရိပ်အယောင်များပေါ် လွှင်နေ၏။

လူရှောင်ဖုန်းက ပြုံး၍ အားလုံးကို ဝေ့ကြည့်လိုက်သည်။

'ကျုပ် ပြောတဲ့ စကားကို အားလုံး ယုံကြည်ကြပြီလား'

ဖန်ရှိရှမ်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ရှင့်ကို မယုံလို့လဲ မဖြစ်တော့ပါဘူး'

လူရှောင်က မျက်မှောင်ကြုတ်သွားသည်။

'ကျောက်စိမ်းဆွဲပြားဟာ တောင်ပံမရှိဘူး၊ သူ့ဟာသူ ဘယ်နည်းနဲ့မှ ရောက်လာနိုင်မှာ မဟုတ်ဘူး'

လူရှောင်ဖုန်းက....

'မဟုတ်ပါဘူး'

လူရှောင်က....

'ဒါဖြင့် ဘယ်လို ရောက်လာတာလဲ'

လူရှောင်ဖုန်းက ပြုံးလိုက်သည်။

'ဒါကို မမေးပါနဲ့'

လူရှောင်ဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

သူသည် စားပွဲပေါ်မှ ကျောက်စိမ်းဆွဲပြားကို ငေးမေ့စွာ ကြည့်နေ၏။

ဤကျောက်စိမ်းဆွဲပြားကို ရှိထင်းပေါင်လက်ထဲမှ တစ်ဆင့် မုတ်ဆိတ်ပြာလက်ထဲ ရောက်သွား၏။

လိရှားက ခိုးသွားသည်။



တစ်ဖန် ချန်းကျင်းကျင်းက လဲယူထားလိုက်သည်။

ထို့နောက် ချိချို၊ လူရှောင်ဖုန်းနှင့်တိန်ရှမ်းရိ၏လက်ထဲ ရောက်ရှိသွားသည်။

နောက်ဆုံး မည်သူ့လက်ထဲ ရောက်သွားသည်ကို မသိလိုက်ပါချေ။

မီးရောင်အောက်တွင် ကျောက်စိမ်းဆွဲပြားက စိမ်းဖန့်ဖန့် အရောင်သန်းပြီး လှပကြည်လင်နေ၏။

အမှန်မှာ လူနှစ်ဆယ် ဆယ်ယောက်၏ သွေး၊ လူဆယ်ယောက်၏ အသက် သူ့ကြောင့် သေဆုံးသွားကုန်ပြီ မဟုတ်ပါလော။

လူရှောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီကျောက်စိမ်းဆွဲပြားအတွက် အသက်ဆုံးရှုံးသွားတဲ့လူကို ကျုပ် နှမြောမိပါတယ်'

မုတ်ဆိတ်ပြာက....

'ဒီကျောက်စိမ်းဆွဲပြားက အတုလား အစစ်လား'

လူရှောင်က....

'အတု'

သူက ရှင်းပြလိုက်သည်။

'ကျောက်စိမ်း ဆွဲပြားပေါ်မှာ ထွင်းထားတဲ့ လက်ရာမှာ အစစ်နဲ့ခွဲမရအောင်တူပေမယ့် ကျောက်စိမ်းဆွဲပြားရဲ့ အရည်အသွေးက မမီဘူး'

မုတ်ဆိတ်ပြာက လူရွှေခင်ဖုန်းအား လှည့်ကြည့်လိုက်သည်။

'ချန်းကျောင်းကျောင်းလက်ထဲက လုယူခဲ့တာ ဒီဆွဲပြားလား'

လူရွှေခင်ဖုန်းက....

'ဟုတ်တယ်'

မုတ်ဆိတ်ပြာက....

'လီရှုးက ကျောက်စိမ်းဆွဲပြားကို ခိုးထားစဉ်တုန်းက ဆွဲပြားဟာ အတုဖြစ်နေပြီ ဟုတ်လား'

လူရွှေခင်ဖုန်းက....

'ဟုတ်တယ်'

မုတ်ဆိတ်ပြာက....

'ဒါဖြင့် အစစ်ကကော'

လူရွှေခင်ဖုန်းက ပြုံးလိုက်သည်။

သူက ပြန်မေးလိုက်သည်၊

'ဥပမာ ပန်းကန်ထဲမှာ ပေါက်စီတစ်လုံးရှိတယ်၊ ဝက်အူချောင်း တစ်ချောင်းရှိတယ်၊ ကျုပ်က တစ်ခု စားလိုက်တယ်၊ ပန်းကန်ထဲမှာ ပေါက်စီပဲကျန်တယ်၊ အဲဒါ ကျုပ်က ဘာစားလိုက်သလဲ သိသလား'

မုတ်ဆိတ်ပြာက ရယ်မောလိုက်သည်။

'ပန်းကန်ထဲမှာ ပေါက်စီ ကျန်သေးတယ်ဆိုရင် မင်းက ဝက်အူချောင်းကို စားလိုက်တာပေါ့'



လူရွှေခင်ဖုန်းက....

'ဒီသဘောတရားက တော်တော်ရှင်းတယ် မဟုတ်လား'

မုတ်ဆိတ်ပြာက....

'တော်တော့်ကိုရှင်းပါတယ်'

လူရွှေခင်ဖုန်းက....

'လီရှုးခိုးသွားတဲ့ ကျောက်စိမ်းဆွဲပြားဟာ အတုဖြစ်တယ်၊ ချန်းကျောင်းကျောင်း လဲသွားတဲ့ ကျောက်စိမ်းဆွဲပြားဟာလဲ အတုဖြစ်တယ်၊ ဒီလိုဆိုရင် ကျောက်စိမ်းဆွဲပြားအစစ် ဘယ်ရောက်သွားသလဲ'

'ကျုပ် မစဉ်းစားတတ်ဘူး'

လူရွှေခင်ဖုန်းက ရယ်မောလိုက်သည်။

'ဒီသဘောတရားက ကျုပ်ပြောပြတဲ့ ပေါက်စီနဲ့ ဝက်အူချောင်း သဘောတရားနဲ့ အတူတူပါပဲ၊ ခင်ဗျား စဉ်းစားလို့ ရပါတယ်ဗျာ'

မုတ်ဆိတ်ပြာက ခေါင်းခါယမ်းလိုက်၏။

လူရွှေခင်ဖုန်းက....

'သူများလက်ထဲမှာ ရောက်သွားတဲ့ ကျောက်စိမ်းဆွဲပြား အတုတွေ ဖြစ်ကြတယ်ဆိုရင် အစစ်က ခင်ဗျားလက်ထဲမှာပဲ ရှိရမှာပေါ့'

မုတ်ဆိတ်ပြာက ရယ်မောလိုက်လေသည်။

လုရှောင်ဖုန်းက....

'ကျောက်စိမ်းဆွဲပြားကို ခိုးနိုင်ဖို့ ခင်ဗျားက ဖန်တီးပေးလိုက်တာ'

မုတ်ဆိတ်ပြာက....

'ကျုပ်က ဘာဖြစ်လို့ ဒီလိုလုပ်ရမှာလဲ'

လုရှောင်ဖုန်းက....

'အဲဒါဟာ ခင်ဗျားရဲ့စီမံကိန်းထဲမှာ အရေးအကြီးဆုံး အဓိကအချက်တစ်ချက်ပါပဲ၊ လိရှားက ကျောက်စိမ်းဆွဲပြားကို ခိုးပြီးတဲ့နောက် ခင်ဗျားရဲ့အကြံအစည်ဟာ တစ်ခုပြီးတစ်ခု အကောင်အထည်ဖော်နိုင်မယ် မဟုတ်လား'

မုတ်ဆိတ်ပြာက အရက်တစ်ခွက် ငှဲ့လိုက်၏။

ထို့နောက် အေးအေးစွာ သောက်ချလိုက်သည်။

လုရှောင်ဖုန်းက...

'လိရှားက အသက်ကြီးလာလို့ ခင်ဗျားက သူ့ကို မလိုချင်တော့ဘူး၊ ဒါကြောင့် အကွက်ဆင်ပြီး သူ့ကို ပြန်မလာနိုင်တဲ့အဝေးကို ပို့လိုက်တာပေါ့၊ ဒါလဲ ခင်ဗျားရဲ့စီမံကိန်းထဲမှာ ပထမခြေလှမ်းပါပဲ'

မုတ်ဆိတ်ပြာက အရက်ကို မော့သောက်လိုက်ပြန်သည်။

'ကောင်းလိုက်တဲ့အရက်'



လုရှောင်ဖုန်းက....

'လိရှားနဲ့ တိန်ရှမ်းရီတို့က အလွန်ရင်းနှီးနေကြတယ် ဆိုတာခင်ဗျားသိတယ်၊ လိရှားက တိန်ရှမ်းရီဆီကို သွားလိမ့်မယ်ဆိုတာလဲ ခင်ဗျားသိထားတယ်'

မုတ်ဆိတ်ပြာက....

'နားထောင်လို့တော့ ကောင်းတယ်'

လုရှောင်ဖုန်းက....

'ခင်ဗျားက သူ့ကိုဖောက်ပြန်တယ်လို့ သံသယဖြစ်မိတယ်၊ တစ်ခါတည်း ဘယ်သူနဲ့ဖောက်ပြန်တယ်ဆိုတာ သိလိုတဲ့အတွက် အကွက်ဆင်တာပဲ ဖြစ်ရမယ်'

မုတ်ဆိတ်ပြာက....

'ကျုပ်က သူ့ယောကျ်ားမှမဟုတ်တဲ့၊ ဘာဆိုင်လို့ စုံစမ်းရမှာလဲ'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'သူက ခင်ဗျားမိန်းမ မဟုတ်ဘူး'

မုတ်ဆိတ်ပြာက....

'သူ့ယောကျ်ားက ကျားပျံ ယုဝိဟူးပါ၊ ကျုပ်မှမဟုတ်တဲ့'

လုရှောင်ဖုန်းက....

'ကျားပျံ ယုဝိဟူဆိုတာဘယ်သူလဲ၊ ခင်ဗျားမဟုတ်လား'

မုတ်ဆိတ်ပြာက ရယ်မောလိုက်သည်။

လူရှောင်ဖုန်းက မရယ်တော့ပါ။

'ကျားပျံ' ယုံဟွားဟာ အလွန်စောစားကြီးတဲ့ လူတစ်ယောက်ပါ၊ မှော်ဂိုဏ်းနဲ့ မြိုင်ဘက်ဖြစ်တယ်၊ အခု သူက ကျောက်စိမ်းဆွဲပြားကို လုဖို့ ယုံးဝ မပါဝင်တာက ကျောက်စိမ်းဆွဲပြားအ အတုဖြစ်နေမှန်းသိလို့'

'ဟား....ဟား....ဟား'

မုတ်ဆိတ်ပြာက ရယ်မောလိုက်သည်။

'ဖုတ်....'

အက်ထဲမှအရက်ခွက် ကြေမွသွားလေသည်။

လူရှောင်ဖုန်းက....

'တိန်ရှမ်းရဲ့ဇာ ကျားပျံ ယုံဟွားဆိုတာ မုတ်ဆိတ်ပြာ ဖြစ်တယ်ဆိုတာ မသိလိုက်ပါဘူး'

သူက စကားဆက်လိုက်သည်။

'သူလဲပဲ တခြားလူကို မုတ်ဆိတ်ပြာဆိုတာ မုတ်ဆိတ်ပြာ ရှိတယ်လို့ ထင်နေတာ'

သူက စကားဆက်လိုက်ပြန်သည်။

'ဒီလျှို့ဝှက်ချက်ကို သိတဲ့လူက ဖန်ရှိရှမ်းတစ်ယောက်တည်းပဲ ရှိတယ်၊ ဒါတောင်မှ အချိန်တော်တော်ကြာမှ သိလိုက်တာ'

ဖန်ရှိရှမ်း၏ မျက်နှာပေါ်တွင် မှာန်မူရာကင်းနေ၏။



သူသည် ပိုးပဝါစာစ်ထည် ထုတ်ယူလိုက်ပြီး အရက်တစ်ခွက်ကို ထန့်ရှင်းအောင် သုတ်လိုက်သည်။

ထို့နောက် အရက်တစ်ခွက် ငှဲ့ပေးလိုက်လေသည်။

လူရှောင်ဖုန်းက....

'ခင်ဗျားက ဖန်ရှိရှမ်းကို မှူးမှူးရှူးရှူးချစ်မိလို့ ကျုန်ရှိတဲ့မိန်းမ လေးယောက်စလုံး မေ့ခင်းထုတ်လိုက်တယ်'

ဖန်ရှိပေက တစ်ချိန်လုံး နားထောင်နေ၏။

ယခုမှ သူက မေးလိုက်သည်။

'မုတ်ဆိတ်ပြာဆိုတာ ကျားပျံ ယုံဟွားဖြစ်တယ်လို့ ခင်ဗျားက ဘယ်လိုလုပ် သိလိုက်သလဲ'

မုတ်ဆိတ်ပြာ၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သူ့၏ မေးခွန်းသည် မုတ်ဆိတ်ပြာသည် မိုးပျံ ယုံဟွာ ဖြစ်သည်ကို ဝန်ခံရာ ရောက်နေ၏။

လူရှောင်ဖုန်းက...

'ဘယ်လောက်စေ့စပ်တဲ့ လျှို့ဝှက်ချက်ဖြစ်ပါစေ၊ ကြာကြာ မဝှက်ထားနိုင်ပါဘူး'

လူရှောင်ဖုန်းက...

'ခင်ဗျားနဲ့ဖန်ရှိရှမ်းကို လွှတ်ပြီး တိမ်ရှမ်းရဲကို လုက်ကြံဖို့ သူက လွှတ်သင့်ပါဘူး'

ဖန်ရှိပေက ခေါင်းငုံ့ ထားသည်။

သူက စိတ်မကောင်း ဖြစ်ဟန် ရသည်။

မုတ်ဆိတ်ပြာက မဲ့ပြုံး ပြုံးလိုက်သည်။

'သူတို့ကိုင်ါက လွှတ်တယ်လို့ ခင်ဗျားက ဘာကြောင့် ပြော နိုင်တာလဲ၊ သူက မိုးပျံ'ယု'ဟု မဟုတ်ဘူးလို့ ခင်ဗျားက ပြော နိုင်လို့လား'

လုရှောင်ဖုန်းက....

'သူက ကျုပ်ရဲ့ မိတ်ဆွေဖြစ်လို့ ကျုပ်သူ့ကို ယုံကြည်တယ်'

မုတ်ဆိတ်ပြာက ပါးစပ် ပိတ်ထားလိုက်သည်။

လုရှောင်ဖုန်းက....

'ကျုပ်မှာ မိတ်ဆွေတစ်ယောက် ရှိသေးတယ်၊ ချုကျင်းဝူ လို့ ခေါ်တယ်၊ သူလဲပဲ မုတ်ဆိတ်ပြာကို တွေ့ခဲ့တယ်၊ မုတ်ဆိတ် မွေး ရှိဘယ်လို့ ပြောပါတယ်'

မုတ်ဆိတ်ပြာက...

'ခင်ဗျားက ကျုပ်နဲ့ တွေ့တုန်းက ကျုပ်မှာ မုတ်ဆိတ်မွေး မပါပါလား'

လုရှောင်ဖုန်းက....

'ဒါကတော့ ကျုပ်ကို လိမ်လို့ မရမှန်း သိလို့လား'

မုတ်ဆိတ်ပြာက....

'သနား စရာ ကောင်းလိုက်တာ'

လုရှောင်ဖုန်းက....

'ဘာကို သနားတာလဲ'

မုတ်ဆိတ်ပြာက....

'ဝါတို့ မျက်လုံး ကန်းနေလို့'



လုရှောင်ဖုန်းက....

'ငါတို့ ဆိုတာ ဘယ်သူ့ကို ရည်ညွှန်းတာလဲ'

မုတ်ဆိတ်ပြာက....

'ငါတို့ဆိုတာ ခင်ဗျားနဲ့ ကျုပ်ကို ဆိုလိုတာ'

သူက စကားဆက်လိုက်သည်။

'ခင်ဗျားနဲ့ ကျုပ်နဲ့ မိတ်ဆွေပေါင်း မှားတယ်၊မိန်းမ အယူ မှားတယ်၊ ဒါကြောင့် ကိုယ့်ကိုကိုယ် သနားမိတယ်လို့ ပြော တာ'

သူ၏စကားဆုံးသွားသည်နှင့် ရုတ်တရက် လက်တစ်ဘက်ဖြင့် ဖန်ရှိရှမ်း၏ လည်မျိုသို့ ဖမ်းဆုပ်လိုက်လေသည်။

'ပေးစမ်း'

ဖန်ရှိရှမ်း၏ မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်သွားလေသည်။

'ကျောက်စိမ်းဆွဲပြား အစစ် ဘယ်မှာရှိသလဲဆိုတာ ကျွန်မ မသိဘဲ'

မုတ်ဆိတ်ပြာက...

'ကျုပ်က ကျောက်စိမ်းဆွဲပြားကို တောင်းနေတာ မဟုတ် ပါဘူး'

ဖန်ရှိရှမ်းက....

'ရှင်က ဘာကို လိုချင်လို့လဲ'

သူ၏ စကားမဆုံးမီ မြေပေါ်သို့ လဲကျသွားလေသည်။

ထူးခြားချက်လုံးမှာ နွားခေါင်းနှင့် ပါးစပ်မှ သွေးများ စီးဆင်းလေသည်။

နီရဲသော သွေးများ မဟုတ်ပါ။ ညိုမည်းနေသော သွေးများ ဖြစ်သည်။

....ဝ....

အခန်းတစ်ခုလုံး တိတ်ဆိတ်၍ နေ၏။

ဖန်ရှီရှမ်း၏ ဝမ်းနည်းပက်လက်သော အသံသည် တိတ်ဆိတ်ခြင်းအား ထိုးဖောက်၍ ပေါ်ထွက်လာသည်။

အဖြစ်အပျက်က လျင်မြန်ပြီး မမျှော်လင့်တဲ့ ဖြစ်နေသောကြောင့် အားလုံးက အံ့သြကြကုန်လေသည်။

လုရှောင်ဖုန်းက စိတ်ပျက်သွားသည်။

'ဒီလျှို့ဝှက်ချက်က သူ့တစ်ယောက်တည်းပဲ သိတယ်၊ အခု သူသေသွားရင် ဘယ်လိုလုပ်ကြမလဲ'



လုရှောင်ဖုန်းက....

'အရေးမကြီးပါဘူး'

လုရှောင်က အံ့သြသွားသည်။

'အရေးမကြီးဘူး ဟုတ်လား'

လုရှောင်ဖုန်းက....

'ဟုတ်တယ်၊ သူ့ရဲ့ လျှို့ဝှက်ချက်ဟာ သူ့တစ်ယောက်တည်းပဲ သိတာမှ မဟုတ်ဘဲ'

လုရှောင်က....

'ဒါဖြင့် ဘယ်သူများ ရှိသေးလို့လဲ'

လုရှောင်ဖုန်းက....

'ကျုပ်'

လုရှောင်က သူ့အား အံ့သြစွာ ကြည့်လိုက်သည်။

'မင်းသိတယ် ဟုတ်လား'

လုရှောင်ဖုန်းက....

'ဟုတ်တယ်'

လုရှောင်က ထိုင်ရာမှ ထလိုက်သည်။

'ဟုတ်ပြီ၊ ကျောက်စိမ်းဆွဲပြားက သူ့ကိုယ်ပေါ်မှာ ရှိရမယ်'

လုရှောင်ဖုန်းက....

'ဟုတ်တယ်၊ ဒါပေမယ့် သူသေသွားတဲ့အခါ ကျောက်စိမ်းဆွဲပြားက သူ့ကိုယ်ပေါ်မှာ မရှိတော့ဘူး'

လုရှောင်က...

'ဒါဖြင့်....

လုရှောင်ဖုန်းအား ဖန်ရှီရှမ်းဘက်သို့ လှည့်၍ လက်ဖြန့်လိုက်သည်။

'ပေးပါ'

ဖန်ရှီရှမ်းက....

'ဘာကိုပေးရမှာလဲ'

လုရှောင်ဖုန်းက....

'ကျောက်စိမ်းဆွဲပြား'

ဖန်ရှီရှမ်းက....

'ခုနတုန်းက မုတ်ဆိတ်ပြာလေးလဲ ကျွန်မဆီ တောင်းခဲ့တယ်၊ ကျွန်မဆီမှာမှ မရှိဘဲ'

လုရှောင်ဖုန်းက....

'သူက ကျောက်စိမ်းဆွဲပြားကို တောင်းတာ မဟုတ်ဘူး၊ ခြေဆေးကိုတောင်းတာ'

သူက စကားဆက်လိုက်သည်။

'ပထမတုန်းကကျောက်စိမ်းဆွဲပြားကကိုယ်ပေါ်မှာရှိတာမှန်တယ်၊ အခု မင်းလက်ထဲရောက်နေပြီ'

ဖန်ရှီရှမ်းက လုရှောင်ဖုန်းအား ကြည့်လိုက်သည်။ နွေမိုးဆောင်းသုံးပေါ်ကိုလည်း ကြည့်လိုက်သည်။

ထို့နောက် ခြေထောက်တစ်ချက် ဆောင့်လိုက်လေသည်။

'ရှင့်ကိုလိမ်လို့ မရပါလား ရှော့'

သူမသည် ကျောက်စိမ်းဆွဲပြားကို စားပွဲပေါ်သို့ ချပေးလိုက်လေသည်။



ကျောက်စိမ်းဆွဲပြားမှာ အရည်အသွေးကောင်းသည်။ အစစ်ဖြစ်နေမှန်းသိသာသည်။

လုရှောင်က ချက်ချင်းယူ၍တစ်ချက်ကြည့်ပြီး အင်္ကျီအိတ်ထဲသို့ သေချာစွာထည့်လိုက်လေသည်။

သူက လုရှောင်ဖုန်းအား ပြုံးပြလိုက်သည်။

'မကျေးဇူးတင်တယ်'

သူတို့သုံးယောက်သည် ပြောပြီးသည်နှင့် လျင်မြန်စွာထွက်ခွာသွားလေသည်။

....၀....

လုရှောင်ဖုန်းက မသွားသေးပါ။

ဖန်ရှီရှမ်းက သူ့အားစိုက်ကြည့်လိုက်သည်။

'ရှင်တို့ ပစ္စည်းလဲရပါပြီ၊ ဘာကြောင့် မသွားကြသေးတာလဲ'

လုရှောင်ဖုန်းက...

'စိတ်ချ၊ ပြဿနာလေး နည်းနည်းကျန်သေးလို့ ရှင်းအောင်လုပ်ပြီးရင်သွားပါမယ်'

ဖန်ရှီရှမ်းက...

'ဘာပြဿနာလဲ'

လုရှောင်ဖုန်းက ဖန်ရှီခေါင်းခုံးကို ပုတ်လိုက်သည်။

'ချန်းကျောင်းကျောင်းကို ကောင်းကောင်းစောင့်ရှောက်ပါ၊ သူက ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ'

ဖန်ရှီဝေက...

'သူက သေသွားပြီ မဟုတ်လား'

လုရှောင်ဖုန်းက ပြုံးလိုက်သည်။

'ကျုပ်က မီးလောင်မြေကို ငုံပြီး စစ်ဆေးခဲ့တယ်၊ ချန်းကျောင်းကျောင်းရဲ့အလောင်းကိုမတွေ့ရပါဘူး'

သူက စကားဆက်လိုက်သည်။

'ခင်ဗျားက ချန်းကျောင်းကျောင်းကို ခေါ်သွားတာ မြောင်းထဲမှာပုန်းနေတဲ့ ကလေးငယ်ကို သတ်ပစ်လိုက်တယ် မဟုတ်လား'

ဖန်ရှီဝေက...

'ချန်းကျောင်းကျောင်းရဲ့အလောင်းမတွေ့တာနဲ့ကျုပ်က ခေါ်သွားတယ်လို့ ခင်ဗျားကဘယ်လိုလုပ် ပြောနိုင်တာလဲ'

လုရှောင်ဖုန်းက...

'ကျုပ်က မပြောနိုင်လို့ ချီကျောင်းဝူကို လိုက်စုံစမ်းခိုင်းလိုက်တာပေါ့'



သူက စကားဆက်လိုက်သည်။

'ချန်းကျောင်းကျောင်းက ဒဏ်ရာ ပြင်းပြင်း ထန်ထန်ရထားတဲ့အတွက် သမားတော်ဆီကိုခေါ်သွားရမှာယ် မဟုတ်လား'

ဖန်ရှီဝေက မျက်စေ့ပိတ်ထားလိုက်သည်။

လုရှောင်ဖုန်းက...

'ချီကျောင်းဝူက သူစုံစမ်းခဲ့တာကို ပြန်ပြောပြတယ်'

ဖန်ရှီဝေက...

'ဒါကြောင့် ခင်ဗျားမြစ်ဝတော်ဘေးက ပရဆေးဆိုင်၊ ပန်းပဲဖိုနဲ့ ရွှေထိုးစားသောက်ဆိုင်ကို ဂါထာလုပ်ပြီး ရှုတ်ဖတ်နေတာကိုး'

လုရှောင်ဖုန်းက...

'ဟုတ်တယ်၊ ခင်ဗျားကိုအခွင့်အရေးတစ်ခု ဖန်တီးပေးတာနဲ့ မဟုတ်ရင် မနှမ်း မှိုး မောင်း....'

သူက စကားမဆက်တော့ပါ။ အားလုံးက နားလည်လိုက်ပြီးဖြစ်သည်။

လုရှောင်ဖုန်းက...

'ဒါကြောင့် တိန်ရှမ်းရီကို ခင်ဗျားက သတ်လိုက်တာ ဖြစ်ရမယ်၊ သူမရဲ့ချစ်သူဆိုတာလဲ ခင်ဗျားပါပဲ'

ဖန်ရှီဝေက ပါးစပ်ပိတ်ထားလိုက်သည်။

လုရှောင်ဖုန်းက...

'ဒီကိစ္စ ခင်ဗျားလျှို့ဝှက်ထားတယ်၊ လူတစ်ယောက်သိသွားမှာကို စိုးရိမ်လို့ဆိုတာ ကျုပ်သိတယ်'

ဖန်ရှိရှမ်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

သူမက မဲ့ပြုံးပြုံးလိုက်သည်။

သူမ၏အပြုံးသည် ရွံမုန်းပြီး ရက်စက်ရှန်ဝန်မှဖော်သော အပြုံးဖြစ်သည်။

'ရှန်ကို ကျွန်မတာ လျှို့ဝှက်ချက်ထစ်ခု ပြောပြမယ်'

လုရှောင်ဖုန်းက....

'ပြောပါ'

ဖန်ရှိရှမ်းက ဖန်ရှိဝေအား ညွှန်ပြလိုက်သည်။

'သူက မိုးပျံယိုဟူ အစစ်ပါပဲ၊ ကျွန်မလဲ သူ့ရဲ့ညီမ မဟုတ်ပါဘူး'

ဖန်ရှိဝေ၏မျက်နှာသည် ချောမောပြီး သိမ်သိမ် မွေ့မွေ့ မဟုတ်တော့ပါ။

အလွန်ကြောက်မက်ဖွယ်ရာ အသွင်သို့ ကူးပြောင်းသွားလေသည်။

မန်ရှိရှမ်းက ကြောက်ရွံ့သရပြီး သူ့ကို မကြည့်ဝံ့တော့ပါ။

သူမက နာကြည်းစွာဖြင့်

'ကျွန်မ သေတာတောင် တိုမိန်းမနဲ့ အတူတကွ နေတာကို မကျေနပ်ဘူး'

သူမ၏စကားဆုံးသွားသည်နှင့် သူမ၏လည်မျိုအား မမြင်နိုင်သော လက်နှစ်ဘက်က ညှစ်ထားခြင်း ခံလိုက်ရသည့်အလား....

သူမ၏ လှပသောမျက်နှာမှာ တွန့်လိမ်သွားလေသည်။



သေွးများသည် သူမ၏ပါးစပ်ထောင့်မှ စီးဆင်းကျလာလေသည်။

ထို့နောက် သူမ၏ခန္ဓာကိုယ်သည် လဲကျသွားလေသည်။

သူမ စီးဆင်းလာသော သွေးများမှာ ညိုမည်း၍ နေလေသည်။

....ဝ....

ဖန်ရှိဝေသည် မိုးပျံယိုဟူးပင် ဖြစ်နေ၏။

လုရှောင်ဖုန်းက....

'ခင်ဗျားရဲ့ ဆင်ထေးတဲ့အကွက်က သိပ်ကို ပိရိပါတယ်ဗျာ၊ ဒါလောက်များတဲ့မိန်းမကို အသုံးပြုပြီး စေလိုရာစေနိုင်ခဲ့တာလဲ ချီးကျူးပါတယ်၊ ဒါပေမယ့်....'

ဖန်ရှိဝေက....

'ဒါပေမယ့် ဘာဖြစ်သလဲ'

လုရှောင်ဖုန်းက....

'ဒါပေမယ့် ကောင်းမှု မှန်သမျှ ဆိတ်ကွယ်ရာ မရှိတဲ့လောကကြီးမှာ မကောင်းမှုကြောင့် လူသားတွေဟာ မလုပ်သင့် မလုပ်ထိုက်တာတွေလုပ်လို့ နောက်ဆုံး ပျက်စီးသွားရပါတယ်'

ဖန်ရှိဝေက....

'ကျုပ်ကို တရားဟောနေတာလား'

လုရှောင်ဖုန်းက....

'ကျုပ်က ခင်ဗျားကို တရားမျှတတဲ့ အခွင့်အရေးတစ်ခု ပေးပါမယ်'

ဖန်ရှိဝေက....

'ကျုပ်ကို ကစ်ယောက်ချင်း ယှဉ်ပြိုင်ခွင့်ပေးမလို့လား'

လုရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ဖန်ရှိဝေက အားရပါးရ ရယ်မောလိုက်သည်။

'ခင်ဗျားက ကျုပ်ကို နိုင်လိမ့်မယ်လို့ ထင်သလား'

လုရှောင်ဖုန်းက....

'တရားတဲ့လူဟာ အမြဲတမ်းအနိုင်ရမှာကို ကျုပ်ယုံကြည်တယ်'

ဖန်ရှိဝေက ရယ်မောရင်း ထရပ်လိုက်သည်။

'ခင်ဗျား သေဖို့အသင့်ဖြစ်နေပြီပေါ့'

လုရှောင်ဖုန်းက....

'ဟုတ်တယ်'



ထိုအချိန်မှာပင် လျပ်စစ်လက်လိုက်သည့်အလား ဓားရောင်စင်းလက်သွားသည်။

စာဖွဲ့၍မပြတုန်လှုပ်စေသော တိုက်ခိုက်မှုတစ်ခု လုရှောင်ဖုန်းအား တိုက်ခိုက်လိုက်သည်။

ဖန်ရှိဝေ၏ဓားသည် လုရှောင်ဖုန်း၏နဖူးသို့ ချိန်၍ ထိုးသွင်းလိုက်သည်။ အလွန်လျင်မြန်ပြီး အားမာန်အပြည့်ဖြစ်သော တိုက်ခိုက်မှုဖြစ်သည်။

လုရှောင်ဖုန်းက လက်ချောင်း နှစ်ချောင်းဖြင့် ညှပ်ထားလိုက်သည်။

'ဟား....ဟား....ဟား'

ဖန်ရှိဝေက ရယ်မောလိုက်သည်။

သူ၏ လက်တစ်ဖက်က ဆန့်ထုတ်လိုက်သည်။ လက်မှာ သံဆူးများ ပါသော လက်အိတ်တစ်ခု စွပ်ထားသည်။

ထိုသံဆူးများမှာ အဆိပ် ပါနေသည်မှာ ထင်ရှားသည်။ လုရှောင်ဖုန်းက ရင်ထိတ်သွားသည်။ သူ့အဖို့ အခက်ကြုံရပြီးဖြစ်သည်။

သူ၏ လက်ချောင်း နှစ်ချောင်းမှာ ဖန်ရှိဝေ၏ဓားကို ညှပ်ထားသည်။

ကျန်လက်တစ်ဖက်က ခုခံနိုင်သေးသည် ဖြစ်သော်လည်း ဖန်ရှိဝေ၏ လက်အိတ်ပေါ်က ဆူးများကို မထိဝံ့ပါ။

ထိုအချိန် သူက စဉ်းစားရန်ပင် အချိန်မရလိုက်တော့ပါ။ ဖန်ရှိဝေ၏ အဆိပ်ဆူးများ ပါသော လက်အိတ်စွပ်ထားသော လက်သည် လုရှောင်ဖုန်း၏ ရင်ဝသို့ ရိုက်ချလိုက်လေသည်။

အကယ်၍ ရိုက်မိသွားပါက သိုင်းလောကတွင် လုရွှောင်ဖုန်း ဟူသော အခည်သည် ကွယ်ပျောက်သွားမည်သာ ဖြစ်သည်။

ထိုအချက်အချိန်တွင် ဖန်ရှိဝေ၏ လှုပ်ရှားမှု အားလုံးသည် ရုတ်တရက် ရပ်တန့်သွားလေသည်။

သူ၏ မျက်လုံးအစုံသည် ပြူးထွက်လာသည်။

သူ၏ နှာခေါင်း၊ ပါးစပ် စသည်များတွင် သွေးများ စီးဆင်းကျလာလေသည်။

သွေးရောင်က ညှိုခည်းနေ၏။

လုရွှောင်ဖုန်းအား လျင်မြန်စွာ နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားသည်။

ဖန်ရှိဝေအား တဖြည်းဖြည်း နောက်သို့ လှည့်လိုက်သည်။ မမျှော်လင့်ဘဲ ဖန်ရှိရှမ်းက မတ်တတ်ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'မင်း....'

သူအာ ဆက်၍ မပြောနိုင်တော့။

ဖန်ရှိရှမ်းအား မချိပြုံး ပြုံးလိုက်သည်။

'ဟုတ်တယ်၊ ရှင့်ဆီက အဆိပ်အပ်ကို ကျွန်မအာ အရေးပေါ်ရှင် အသုံးပြုနိုင်ဖို့ သိမ်းထားတယ်၊ အခုတော့ ရှင့်ကို ပြန်ပေးလိုက်ရတယ်'

သူမ၏စကားဆုံးသွားသည်နှင့် မြေပေါ်သို့ လဲကျသွားသည်။ မုတ်ဆိတ်ပြာ၏ ကိုယ်ပေါ်သို့ လဲကျသွားခြင်း ဖြစ်သည်။



ဖန်ရှိဝေအာ ရယ်မောလိုက်သည်။

'ကောင်း....ကောင်းတယ်'

သူကလည်း ဖန်ရှိရှမ်း၏ ကိုယ်ပေါ်သို့ လဲကျသွားလေသည်။

....၀....

နှင်းမြူများသည် ထူထပ်စွာ ဝေနေ၏။

မြင်ကွင်းတစ်ခုလုံးမှာ နို့နှစ်ရောင် မြူမှုန်များအာ လွှမ်းမိုးထားသည်။

လုရွှောင်ဖုန်းသည် ခြေလှမ်း နှေးကွေးစွာဖြင့် နှင်းမြူထဲမှ လှမ်းထွက်လာလေသည်။

သူသည် မြူနှင်းများကို ကြည့်လိုက်သည်။

သူ၏ ရင်ထဲ၌ ဝမ်းနည်းနေ၍လော၊ ဝမ်းသာနေ၍လော သူက ခေခွဲ၍ မရပါ။

သူ၏ လုပ်ဆောင်ချက်သည် အောင်မြင်သည်လော၊ ဆုံးရှုံးခဲ့သည်လော သူအာ မပြောတတ်ပါ။

ကျောက်စိမ်းဆွဲပြီး ရရှိသော ရမ္မက် စေတနာကြောင့် လူပေါင်းများစွာ သေကြေပျက်စီးကုန်ကြသည်မဟုတ်ပါလော။

လူသားများတို့သည် ထိုလောဘရမ္မက်ကြောင့် ဒုက္ခပင်လယ် ဝေခဲ့ရသည် မဟုတ်ပါလော။

သို့သော် ဤလောကတွင် လောဘရမ္မက်ကြီးသူ များများပြီး နေသဖြင့် လောကပေါ်၌ လူသားများတို့သည် ဆက်လက် ဒုက္ခပင်လယ်ဝေရဦးမည် ဖြစ်သည်။

လှရှောင်ဖုန်းသည် လေးလံသော စိတ်၊ နှေးကွေးသော ခြေလှမ်းဖြင့် နှင်းမြူကြားမှ တဖြည်းဖြည်း လျှောက်သွားလေသည်။

ဝန်းကျင်တစ်ခုလုံးမှာ နှင်းမြူများက လွှမ်းခြုံနေလေသည်။

(ဒုတိယဇာတ်သိမ်း ပြီး၏)

မိုးကျော်သူ

[illegible]